

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပန်းချီ
ကိုနေခြည်
မျက်နှာဖုံးဒီဇိုင်း
ယမုံစိုး
ကွန်ပြူတာစာစီ
ဇာနည်မော်
မျက်နှာဖုံးCTP
EAGLE
စာအုပ်ချုပ်
(မျိုးကြီး)
မေတ္တာပန်း
စာအုပ်ချုပ်လုပ်ငန်း

ထုတ်ဝေသူ
ဦးဘုန်းဇော်
အရှေ့ဘက်ကောင်းကင်
စာပေထုတ်လုပ်ဖြန့်ချိရေး
(၀၀၂၃၉)
အမှတ် ၂၈၂၊ပထမထပ်၊
လမ်း-၄၀၊ကျောက်တံတားမြို့နယ်၊

ပုံနှိပ်သူ
ဦးသိန်းဦး
မြတ်ရတနာပုံနှိပ်တိုက်
(၀၀၆၅၂)
အမှတ်-၄၂၊၄၂လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်၊

အုပ်ရေ- ၁၀၀၀ အုပ်
တန်ဖိုး- ၁၃၀၀ ကျပ်

ဖြန့်ချိရေး
အရှေ့ဘက်ကောင်းကင်

အမှတ်(၃၅)၊ဇေယျာသီရိလမ်း၊ဒေါပုံမြို့နယ်၊ရန်ကုန်၊
ဖုန်း-၀၉၇၃၁၇၁၃၈၃၊၀၉၄၂၁၀၅၆၅၄

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ ကွင်းပိုင်နှမမပဲဝါ ................ ၅

၂။ ကိုယ်တော်လေးရဲ့ကြင်ယာတော် .... ၃၈

၃။ တစ်ပွဲစားသရဲ ................ ၇၆

၄။ တွင်းအောင်းတစ္ဆေ ............ ၁၁၁

၅။ တိုက်နွား .................... ၁၄၅


www.burmeseclassic.com

www.burmeseclassic.com



# ကျွင်းမိုင်နှမ မဖဲဝါ

ခုတလော ကျုပ် အိပ်ရာထတာ နောက်ကျတယ်ဗျ။ တန်ခူး ကဆုန် ဗွေ့ဗွေ့ခုန်ဆိုတဲ့အတိုင်းပါပဲဗျာ။ သင်္ကြန်ပြီး

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက တစ်နေ့တခြား ပူလာလိုက်တာ ကဆုန်လထဲလည်း ရောက်ရော နေ့ရော ညရော ပူတော့တာပါပဲဗျာ။

တစ်ညလုံး ချွေးတွေထွက်လို့ ဘယ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မှာတုံးဗျာ။ အိပ်ရာထဲမယ် ဟိုဘက်လှိမ့်၊ ဒီဘက်လှိမ့်နဲ့ မနက်လင်းအားကြီးလောက်ရောက်မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တော့တာဗျ။ ဒီတော့လည်း အိပ်ရာက စောစောမထနိုင်တော့ဘူး ပေါ့ဗျာ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ်ကိုခေါ်တဲ့အသံကို သဲ့သဲ့တော့ ကြားသားဗျ။ မျက်လုံးက ဖွင့်ကိုမရတာဗျို့။

"ဟဲ့ တာတေ၊ ထစမ်း၊ ထစမ်း၊ ဝိုင်းဝကနေ နင့်ကို ခေါ်နေတာဟဲ့"

အမေ နှိုးတော့မှပဲ ကျုပ် ကြည်ကြည်လင်လင် နိုးသွားတာဗျ။ ကျုပ်လည်း အိပ်မှုန်စုံမွှားနဲ့ ထကြည့်လိုက်တယ်။ ဟာ ကျောက်ခဲ ဝိုင်းထဲမဝင်ဘဲ ဝိုင်းဝကနေ အော်ခေါ်နေတာဗျ။

"ကျောက်ခဲ လာလေ၊ ဘာလို့ ဝင်မလာဘဲ အော်ခေါ်နေ တာတုံး"

ကျုပ် အော်လိုက်တော့မှ ကျောက်ခဲက ဝိုင်းထဲကို ခပ် သုတ်သုတ်လျှောက်ပြီး ဝင်လာတာဗျ။ အိမ်ပေါ်ကို တက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာဗျို့။

"စိတ်စောနေလို့ ကိုကြီးတာတေရေ၊ ပိုင်းဝကပဲ အော်ခေါ်နေတာဗျို့"

"အောင်မာ ကျောက်ခဲရာ၊ မင်းမှာ ဘာတွေများ စိတ်စောစရာတွေ ရှိနေလို့တုံးကွ"

ကျောက်ခဲက ထိုင်တောင် မထိုင်ဘူးဗျ။ မတ်တတ်ရပ်ပြီးတော့ တန်းပြောတာဗျ။

"ကိုကြီးတာတေတို့ သမုန်းတောယာထဲမှာ ခြေရာကြီးအကြီးကြီးတွေ တွေ့လို့တဲ့ဗျ"

"ဟေ…ငါတို့ယာထဲမှာ ဟုတ်လား၊ ခြေရာက ဘယ်လောက်ကြီးလို့တုံး"

"ဘိုးစံကွန့် ပြောတာဗျ၊ သူတို့က ပဲတီစိမ်းတွေ၊ မတ်ပဲတွေ စိုက်ထားတော့ ပဲခင်းသွားတာလေဗျာ၊ သမုန်းတောယာကို သူတို့က ဖြတ်သွားနေကြလေ။ အဲဒီမှာ ခြေရာကြီးတွေ တွေ့လို့ ဆိုပြီး ပြန်လာကြတာ၊ ရွာထဲမှာ ဘိုးစံကွန့်က ဒီအကြောင်းကို ပြောပြနေတာ ကြားလို့၊ ကျုပ်က လာပြောတာဗျ၊ ကဲ…ကိုကြီးတာတေ မျက်နှာမြန်မြန်သစ်ဗျာ၊ သမုန်းတောယာကို မြန်မြန်သွားကြည့်ရအောင်"

ကျောက်ခဲနဲ့ ကျုပ် ယာထဲကို ရောက်တော့ ဘိုးစံကွန့်



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ ခြေရာကြီးတွေကို လိုက်ရှာကြတယ်။ ကျောက်ခဲက တစ်ဖက်၊ ကျုပ်ကတစ်ဖက် လှူခွဲပြီး ရှာတာဗျ။

သမုန်းပင်တွေ ခြောက်ပင်၊ ခုနစ်ပင် ပြုံပေါက်နေတဲ့ ယာကွက်မို့လို့ သမုန်းတောယာလို့ ခေါ်နေကြတာဗျ။

"ဟာ…တွေ့ပြီဗျို့ ကိုကြီးတာတေရေ၊ ဟောဒီမှာဗျို့ အကြီးကြီးတွေပဲဗျ"

ကျုပ်က ကျောက်ခဲဆီကို ပြေးသွားပြီး ငုံ့ကြည့်လိုက်တယ်။ ဟုတ်ပါ့ဗျာ၊ နည်းတဲ့ခြေရာကြီးတွေ မဟုတ်ဘူးဗျာ၊ စကောတစ်ချပ်စာလောက် ရှိမယ်ဗျ၊ ဒါပေမဲ့ အဝိုင်းမဟုတ်ဘူး၊ လူခြေရာလိုပုံဗျ၊ ခြေချောင်းရာတွေပါ ပါတယ်။ ခြေချောင်းရာကလည်း ငါးချောင်းပဲ။ ခြေမနေရာကလည်း အကြီးကြီးဗျ။ အုန်းမှုတ်ခွက်တစ်ခွက်စာလောက် ရှိတယ်။

ပြီးတော့ ခြေရာက မြေကြီးပေါ်မှာ ပါးပါးလေးပဲ ထင်နေတာဗျ။ ဒီလောက်ကြီးတဲ့ ခြေရာကြီးဆိုရင် အကောင်ကလည်း အကြီးကြီး ဖြစ်မှာပေါ့ဗျ။ မြေကြီးထဲမှာ ခြေရာက နက်နက်ကြီး ထင်နေရမှာပေါ့။ အခု အဲဒီလိုမဟုတ်ဘူးဗျ။ သဲမြေပေါ်မှာ ပါးပါးလေးပဲ ထင်နေတာ။

ကျုပ် လိုက်ပြီးရေကြည့်တယ်။ တစ်ခု၊ နှစ်ခု၊ သုံးခု၊ လေးခု အားလုံးဆယ့်လေးခု။ ကျုပ် သေသေချာချာကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ခြေရာက ဘယ်ခြေရာ၊ ညာခြေရာ စုံဗျ။ ခြေရာဆယ့်လေးခုဆို တော့ ခြေလှမ်းခုနစ်လှမ်း လှမ်းထားတာဗျ။ ခြေရာတစ်ခုနဲ့တစ်ခု ကြား အကွာအဝေးကို ကျုပ် ခန့်မှန်းကြည့်တော့ လက်တံတစ်လံ လောက် ခြားတယ်ဗျ။ ဒါဆိုရင် ဒီခြေရာပိုင်ရှင်ဟာ နည်းတဲ့အရပ် ကြီးမှ မဟုတ်တာဗျာ။ ကျုပ်က ဒီအကြောင်း ပြောပြတော့ ကျောက်ခဲ ဆိုတာ ကြောက်သွားပြီး မျက်နှာလေး ဆီးရွက်လောက် ပဲ ရှိတော့တာဗျို့။ ကျောက်ခဲကိုသာ ပြောရတယ်။ ကျုပ်ကိုယ်တိုင် လည်း ကြောက်တာပဲဗျ။ စောစောကတည်းက ကြက်သီးတွေ နှစ်ခါလောက် ထသွားပြီးသားဗျ။

ဟော ကျုပ်တို့ရွာထဲကလူတွေ ထွက်လာကြပြီဗျို့။ ဒီ သတင်းက ကျုပ်တို့ရွာထဲမယ် ပြန့်သွားပြီထင်တယ်။ ဘိုးစံကွန့် ကလည်း တွေ့သမျှလူကို အကုန်လျှောက်ပြောနေတာလေဗျာ။ ကျုပ်နဲ့ ကျောက်ခဲလည်း ခြေရာကြည့်ဖို့ ထွက်လာတဲ့ လူတွေနဲ့ မတွေ့အောင် ဘိုးညီလေး ထန်းတောဘက်ကပတ်ပြီး ရွာကို ပြန်ခဲ့ကြတယ်။

ရောမခြေရာကြီးတွေရဲ့ ပိုင်ရှင်က ခြေလှမ်းခုနစ်လှမ်း လှမ်းပြီး ပျောက်သွားပုံရတယ်ဗျ။ နောက်ထပ် ခြေရာမကျန်ခဲ့ တော့ဘူး။

ကျုပ်တို့ ထနောင်းကုန်းသားတွေအတွက်ကတော့ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ဟာ 'ခြေရာနေ့' ဖြစ်သွားတော့တာပေါ့ဗျာ။ ဟိုနှားစုစု၊ ဒီနှားစုစုနဲ့ တစ်နေ့လုံး ဒီခြေရာအကြောင်းတွေပဲ ပြောနေတော့တာပေါ့ဗျာ။

ရွာထဲက သက်ကြီးရွယ်အိုတွေကလည်း သူတို့ဘဝမှာ တွေ့ကြုံခဲ့ဖူးတဲ့ ခြေရာတွေအကြောင်း ပြောကြတော့တာပေါ့ဗျာ။

တချို့ကလည်း ဒါကို ဘီလူးခြေရာလို့ ပြောကြတယ်။ ရွာနီးတစ်ဝိုက် ညဘက် မသွားဖို့ မလာဖို့ ပြောတဲ့လူကပြော၊ နေဝင်ရင် ရွာပြင်မထွက်ကြနဲ့ ရွာနားကို ဘီလူးကပ်တယ်လို့ ဆိုသူကဆို။ ညဘက်ကို ကလေးငယ်လေးတွေ သိပ်မငိုအောင် အမေတွေက ဂရုစိုက်ဖို့ ပြောတဲ့လူကပြော။

တချို့လူကြီးတွေကျတော့လည်း ဒါဟာ မြေဘုတ်ဘီလူး ခြေရာလို့ ပြောကြတယ်။ ညရောက်ရင် ဝိုင်းဝက မြေကြီးပေါ်မှာ ဖယောင်းတိုင် ငါးတိုင်စိုက်ပြီး ထွန်းဖို့ ပြောကြတယ်။

ဒီတော့မှ ကျုပ်လည်း ခြေရာဆိုတာ လူတွေ စိတ်ဝင်စားတဲ့ အရာတစ်ခုပဲဆိုတာ သိရတော့တယ်။ အိမ်ပြန်ရောက်တော့ အဘနဲ့ အမေက ကျုပ်ကို ဆီးမေးရောဗျ။

"ဟဲ့ တာတေ၊ ခြေရာကြီးတွေဆိုတာ ဟုတ်လား"

"ဟုတ်တယ် အမေ"

"ခြေရာက တော်တော်ကြီးလား လူလေး"

အဘကလည်း မေးတယ်ဗျ။ ကျုပ်က ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ဘယ်လောက်တောင် ကြီးလို့တုံး"

"စကောချပ်ကြီးလောက် ရှိတယ် အဘရဲ့၊ ဒါပေမဲ့ စကောလို အဝိုင်းတော့ မဟုတ်ဘူး၊ လူခြေရာဗျ"

"ကျုပ် ရေကြည့်တာ အားလုံး ဆယ့်လေးခုရှိတယ်။ ခြေလှမ်း ခုနစ်လှမ်း လှမ်းထားတဲ့ အရာဗျ။ ပြီးတော့ ခြေလှမ်းကို ကျုပ်တိုင်းကြည့်တာ လူကြီးလက်တံတစ်လံလောက် ရှိတယ်"

"အို…မနည်းပါလား၊ ခြေလှမ်း ဒီလောက်ကျဲရင် အကောင် တော်တော်ကြီးလို့ပေါ့ကွ"

"ဟုတ်တယ် အဘရ၊ ဒါပေမဲ့ အကောင်သာကြီးတာဗျ၊ ခြေရာက မြေကြီးထဲကို နက်မဝင်ဘူး၊ သဲပေါ်မှာ ဖွဖွလေးပဲ ထင်နေတာ"

"ဟေ…ဟုတ်လား၊ ဒါဆိုရင် အကောင်ကြီးပေမယ့် ပေါ့ပေါ့လေးမို့လို့ပေါ့ လူလေးရ"

"ဟုတ်တယ် အဘ၊ ဟုတ်တယ်"

"အို…ဘယ့်နှယ်ဟာတုံး၊ ရွာထဲကကောင်တွေကတော့ ဒါ ဘီလူးခြေရာပဲဆိုပြီး ရွာထဲကို ဘီလူးမဝင်နိုင်အောင် ဘယ်လို လုပ်မလဲလို့ ပြောကြဆိုကြ လုပ်နေတယ်ကွ"

"အဘသိတဲ့အတိုင်းပဲ၊ ကျုပ်တို့ရွာသားတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ထူးထူးဆန်းဆန်း အကြောင်းလေးတွေဆိုရင် လွှတ်စိတ်ဝင်စားကြတာဗျ။ ပြီးရင်လည်း ဘယ်လိုကြောက်ရမလဲ ဆိုတာကိုပဲ တွေးနေကြတာ"

"အေးပေါ့ လူလေးရယ်၊ တောသူတောင်သားတွေကို ကွယ်၊ ဘာမဆို ယုံလွယ်ကြတာကလားကွဲ့"

ကျုပ်လည်း ခုံတန်းလျားလေးပေါ်ထိုင်ပြီး နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာနေလိုက်တယ်။

အဘလည်း သူ့အတွေးနဲ့သူ ငြိမ်နေတယ်ဗျ။ အမေကတော့ မီးဖိုထဲ ဝင်သွားလေရဲ့။ ကျုပ်လည်း အမျိုးမျိုး တွေးကြည့်တာပေါ့ဗျာ။ ဒါပေမဲ့ ဘာဆိုတာကို ကျုပ် မမှန်းဆနိုင်ဘူးဗျ။

ထမင်းစားပြီးချိန်လောက်ကျတော့ ကျောက်ခဲ ကျုပ်ဆီကို တစ်ခေါက် ထပ်လာတယ်။ သူနဲ့ ကျုပ်နဲ့ မန်ကျည်းပင်ကြီးအောက်က ကွပ်ပျစ်မှာထိုင်ပြီး အကြမ်းသောက်ရင်း စကားပြောကြတယ်။

ကျောက်ခဲက ကျုပ်တို့ယာထဲမှာတွေ့တဲ့ ခြေရာကြီးတွေအကြောင်း ရွာထဲမှာ ပြောကြဆိုကြတာတွေကို လိုက်နားထောင်ပြီး ကျုပ်ဆီကို သတင်းတွေ သယ်လာတာဗျ။ ညနေသာ စောင်းသွားတယ်။ ဒီခြေရာတွေနဲ့ ပတ်သက်ပြီး ကျုပ် ဘာမှမသိဘူးဗျ။ ကျောက်ခဲလည်း အိမ်ပြန်သွားတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတော့ သူကြီး လွှတ်လိုက်တဲ့ ဆယ်အိမ်ခေါင်းတွေက တစ်ဝိုင်းဝင် တစ်ဝိုင်းထွက် လိုက်ပြောကြတယ်။ ခြောက်နာရီထိုးတာနဲ့ ရွာတံခါးပိတ်မယ့်အကြောင်း၊ အကြောင်းကိစ္စမရှိဘဲ ညဘက် ရွာထဲကို မသွားမလာဖို့၊ အိမ်တံခါးကို စောစောပိတ်ပြီး မိသားစုတွေ တစ်စုတစ်ဝေးတည်း နေကြဖို့၊ အကြောင်းရှိရင် အိမ်တိုင်းမှာရှိတဲ့ အချက်ပေးကုလားတက်တွေ ခေါက်ဖို့ပေါ့ဗျာ။

မနက်က ကျုပ်တို့ယာထဲမှာတွေ့တဲ့ ခြေရာကြီးတွေကြောင့် ကျုပ်တို့ရွာသားတွေတော့ လန့်သွားတာ အမှန်ပဲဗျ။

အဲဒီည ကျုပ် အိပ်ရာမဝင်ခင် မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေးကို ကိုင်ပြီး မဖဲဝါကို မေးတယ်။ ပြီး အရုပ်ကလေးကို ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

အေးစိမ့်နေတဲ့ လေတွေတိုက်နေတာဗျ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မှောင်မဲနေတယ်။ ကျုပ်ရောက်နေတာ သင်္ချိုင်းကုန်းကြီးဗျ။ သင်္ချိုင်းကုန်းမှ သေးသေးမဟုတ်ဘူး၊ အကြီးကြီးဗျာ။ ရွာသင်္ချိုင်း ဟုတ်ပုံမပေါ်ဘူးဗျ။ မြို့တစ်မြို့ရဲ့ သင်္ချိုင်းပဲ။ ဒါပေမဲ့ အုတ်ဂူတွေက ဒီခေတ်အုတ်ဂူ မဟုတ်ဘူးဗျ။ ရှေးခေတ်ပုံစံ အုတ်ဂူတွေဗျို့။

ကျုပ်လည်း လရောင်ဝိုးတဝါးအောက်မှာ ကြက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဂူတွေကို လျှောက်ကြည့်နေမိတယ်။ ကျုပ်သွားရင်းနဲ့ ကျုပ်ရှေ့တည့်တည့်က ဂူကြီးတစ်လုံးကို သေသေချာချာ ကြည့်နေမိတာဗျ။

ဒီအုတ်ဂူကြီးကို ကျုပ် မြင်ဖူးပါတယ်။ ဂူက အကြီးကြီးဗျ။ အပေါ်မှာ ပြာသာဒ်ပုံစံလုပ်ထားတဲ့ အင်္ဂတေ ပန်းတမော့လက်ရာတွေနဲ့ဗျ။ ပြာသာဒ်ကြီးကလည်း အမြင့်ကြီးပါဗျာ။ အိမ်ခပ်သေးသေးတစ်လုံးလောက်ကို ရှိတာဗျ။ ဘေးတစ်ဖက်တစ်ချက်မှာ ဂူတစ်လုံးစီ ရှိတယ်ဗျ။ အဲဒီဂူနှစ်လုံးကလည်း အကြီးကြီးတွေပဲ။ ဒါပေမဲ့ ပြာသာဒ်တွေတော့ မပါဘူး။

ကျုပ် အဲဒီရှေးဟောင်းဂူကြီး သုံးလုံးကို မြင်ဖူးသလိုရှိတာနဲ့ ရပ်ပြီးကြည့်နေတာဗျို့။ ဪ…သိပြီဗျို့၊ ကျုပ် သိပြီ၊ ဒါ မီးလောင်ကုန်းသင်္ချိုင်းနောက်ဘက် ကုက္ကိုတောထဲက ဂူဟောင်းကြီးတွေပဲဗျ။ ချုံတွေအုပ်နေလို့ ဂူတွေကို မြင်တောင်မမြင်ရတော့ဘူး။ ကျုပ်ကသာ နေရာတကာ လိုက်ပြီးစပ်စုတဲ့ကောင်မို့လို့ ဒီဂူတွေကို မှတ်မိနေတာဗျို့။

ကျုပ် မဖဲဝါကို လိုက်ရှာလိုက်တယ်။ မတွေ့ဘူးဗျ။ ခါတိုင်းဆိုရင် ကျုပ် မဖဲဝါကို တွေ့နေကျဗျ။ အခု သင်္ချိုင်းဟောင်းကြီးကိုပဲမြင်တယ်၊ မဖဲဝါကို မမြင်ဘူး။

ဟာ…မီးလုံးကြီးဗျို့။ မီးလုံးကြီးတစ်လုံး ပြာသာဒ်ဂူကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲက ထွက်လာတာ၊ ကောင်းကင်ကို ပျံတက်သွားတယ်။

"အောင်မာ သရဲမက ငါ့အလစ်မှာ မီးလုံးတွေ ဘာတွေ လွှတ်နေပါလား၊ ကဲဟာ ကဲဟာ၊ နင့်လိုသရဲမကို ဘယ်သူက လာပြီးကယ်မှာမို့လို့ နင်က မီးလုံးလွှတ်ရတာတုံး၊ ကဲဟာ ကဲဟာ"

"အား...အား...အား"

ဟာ ကြိမ်းမောင်းတဲ့ အသံကြီးနဲ့ အော်သံကြီးဗျ။ အော်သံ က မဖဲဝါအသံဗျ။ မဖဲဝါရဲ့ မချိမဆံ့ ခံစားပြီး အော်တဲ့အသံ။

ကျုပ်သိပြီ။ မဖဲဝါကို ရန်သူ ဖမ်းထားပြီဗျ။ ခက်တာက မဖဲဝါကိုရော သူ့ကို ဖမ်းထားတဲ့ ရန်သူကိုရော ကျုပ် မတွေ့ရဘူး ဗျ။ ဒါပေမဲ့ နေရာတော့ ကျုပ်သိပြီ၊ ဟောဒီ ရှေးဟောင်းဂူကြီး ထဲမှာပဲဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အိ၊ အိ၊ အိ"

ကျုပ် လန့်နိုးသွားတယ်။ ခွေးအူသံကြီး နားထဲဝင်လာလို့ နိုးသွားတာဗျို့။ ကျုပ်နိုးသွားတော့ တွေးနေမိတာ၊ ဒီခွေးအူသံက အပြင်မှာ ကြားတာလား၊ အိပ်မက်ထဲမှာ ကြားတာလားလို့ပေါ့ဗျာ။

"ခွေးကြီးတစ်ကောင်ကလည်း ဆွဲဆွဲငင်ငင် အူလိုက် တာတော်၊ ဘာတွေများ ဖြစ်နေလို့တုံး မသိဘူး ကိုညဏ်ရေ"

အမေနဲ့ အဘ စကားပြောသံ ကြားတော့မှ ခွေးအူသံကို အိပ်မက်ထဲမှာ ကြားတာမဟုတ်ဘဲ အပြင်မှာ တကယ်ကြားမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရတယ်။

ခဏနေတော့ အဘရဲ့ဟောက်သံ ထွက်လာတယ်။ အမေလည်း တရှူးရှူးနဲ့ အိပ်ပျော်သွားတယ်။ ကျုပ်လည်း မျက်စိတွေ လေးလာရောဗျ။

လေတွေ တဝူးဝူးတိုက်နေတဲ့အသံကို ကြားနေရတယ်။ ဘာမှမြင်ရတာ မဟုတ်ဘူး။ အသံမှ ကြားရတာ။ အဲဒီလေတိုက်တဲ့ အသံထဲမှာ အသံတစ်ခုရောပြီး ပါလာတယ်။ အမှတ်တမဲ့ဆိုရင်တော့ ကြားစရာမရှိဘူး။ ကျုပ်က သေသေချာချာ နားထောင်လို့သာ ကြားရတာ။

"တာတေ၊ ငါ့ကို ရန်သူဖမ်းထားတယ်၊ ရန်သူက ကဝေတစ်ယောက်ပဲ၊ ဒါပေမဲ့ ဒီကောင်က သိုက်ဆရာကဝေဟဲ့၊ ပြာသာဒ်ဂူဟောင်းကြီးထဲမှာ မြို့စားကြီး ဦးဒိဗ္ဗ မြှုပ်ထားတဲ့ ရွှေတွေ၊ ရတနာတွေရှိတယ်။ သချိုင်းသိုက်ကြီးမို့လို့ ငါစောင့်ရတာ။ အခု ရန်သူက ငါ့ကို ဖမ်းထားပြီး ညှဉ်းဆဲနေတယ်။ သိုက်ဖွင့်ပေးဖို့ ပြောနေတယ်။ ဒီလောက်လုံခြုံတဲ့သိုက်ကို ဒီကဝေက ဘယ်က သိုက်စာရလို့ လာတူးတာတုံး မသိဘူး၊ ငါ့အစ်ကို ကွင်းပိုင်ကြီးက ငါ့ကို အမြဲကြည့်နေတာ၊ အခု ငါပျောက်သွားလို့ လိုက်ရှာနေတယ်။ နင့်ဆီမှာ ငါ့ကိုယ်ပွားအရုပ် ရှိနေတာကို နင်တို့ရွာထဲမှာ ငါ့ကို ဖမ်းထားတယ်ထင်ပြီး နင်တို့ရွာကို ငါ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပိုင်ကြီးက လာပြီးစောင့်ကြည့်နေတယ်။

နက်ဖြန်လကွယ်ညသန်းခေါင်မှာ ငါ့အစ်ကို နင်တို့ရွာပြင်မှာ ရှိလိမ့်မယ်။ ငါ့ကိုယ်ပွားရုပ်ကိုပြပြီး ငါ့အစ်ကိုကို နင်ခေါ်လာခဲ့၊ ပြီးတော့ ပြာသာဒ်ဂူကို လက်ညှိုးထိုးပြလိုက်။

ပြီးရင် ဆရာကြီးတွေ ပေးထားတဲ့ သိုက်ဖော်ဆေးလုံးနဲ့ ပြာသာဒ်ဂူကြီးကို ပေါက်လိုက်။ မြို့စားကြီးရဲ့ ဥစ္စာသိုက်ရောငါရော ပေါ်လာလိမ့်မယ်။ ဒီတော့မှ သိုက်ဆရာ ကဝေကို နင်တို့ တွေ့ရလိမ့်မယ်"

"ဟဲ့ တာတေ၊ မထသေးဘူးလား၊ ဒီမှာ ကျောက်ခဲတောင် ရောက်လို့"

ဒီတော့မှပဲ ကျုပ် နိုးသွားတာဗျို့။ မျက်စိဖွင့်ကြည့်လိုက်တော့ မိုးတောင်လင်းနေမှကိုး။ ကျောက်ခဲက အိမ်ရှေ့က တန်းလျားခုံလေးမှာ တင်ပလ္လင်ခွေပြီး ထိုင်လို့ဗျ။

"ဟာ ကျောက်ခဲ စောစောစီးစီးပါလားကွ၊ တစ်ခုခုတော့ ထူးပြီထင်တယ်"

"ကိုကြီးတာတေရေ၊ တစ်ခုခုတောင်မကဘူး၊ နှစ်ခုခုဗျို့၊ နှစ်ခုခု"

"ဟေ…ပြောပါဦးကွ ကျောက်ခဲရ"

ကျုပ်က အိပ်ရာသိမ်းရင် ကျောက်ခဲကို မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကတွေ့တဲ့ ခြေရာကြီးတွေ၊ ဒီမနက် အများကြီးကို တွေ့တာဗျို့"

"ဟေ..ဟုတ်လား၊ ဘယ်နေရာမှာ တွေ့ပြန်တာတုံးကွ"

"ဟာ ကိုကြီးတာတေကလည်း ကျုပ်တို့ရွာကို ပတ်နေတာဗျ၊ ကြည့်ရတာ တစ်ညလုံး ပတ်နေတဲ့ပုံဗျို့"

ကျုပ် ကျောက်ခဲနဲ့ ချက်ကျင်းထလိုက်ပြီး ခြေရာကြီးတွေကို ကြည့်တယ်။

ဟာ...ဟုတ်ပါ့ဗျာ၊ နည်းတဲ့ခြေရာကြီးမှ မဟုတ်တာ၊ ကျုပ်တို့ရွာကို တစ်ညလုံး ပတ်နေတာ သေချာတယ်ဗျ။

"ဟင်...ဟိုမှာ ခွေးနှစ်ကောင် သေနေပါလား ကျောက်ခဲရ"

"ဟုတ်တယ်ဗျ ကိုကြီးတာတေ၊ ရွာလယ်ပိုင်းက ကိုဘအုန်းကြီး ကိုင်ကြည့်တာတော့ အရိုးတွေ အပိုင်းပိုင်းကျိုးနေတယ်တဲ့ဗျ၊ သူ့ကိုဟောင်လို့ ခြေထောက်နဲ့ ကန်ပစ်ခဲ့တာ ဖြစ်မယ်ဗျ"

ဒါဟာ ဘယ်သူ့ခြေရာဆိုတာ ကျုပ်ကတော့ သိနေတာပေါ့ဗျာ။ ညက အိပ်မက်ထဲမှာ ကျုပ်ကို မဖဲဝါ ပြောလိုက်တာပဲ။

မဖဲဝါကို ကျုပ်က အသံပဲ ကြားရတာ။ လေတိုးသံနဲ့ ရောပါလာတဲ့အသံကို မနည်းနားထောင်ယူရတာ။ သူ့ရုပ်ကို တောင် ပြလို့မရဘူးဆိုတော့ သူ့ကို ဖမ်းထားတဲ့ ရန်သူဟာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို အဆင့်မြင့်တဲ့ပုံပဲဗျ။

သိုက်ဆရာဆိုတဲ့ ကဝေကောင်က သူ့ကိုယ်သူလည်း ရုပ်ဖျောက်ထားလို့ ရတယ်ထင်တယ်ဗျ။ ဒါကြောင့် မဖဲဝါက 'သိုက်ဖော်ဆေး' ပေါက်ခိုင်းတာ။ သိုက်ဖော်ဆေး ပေါက်လိုက်ရင် ဒီကဝေ ကိုယ်ရောင်ဖျောက်ထားလို့ မရဘူးဗျ။

ဒီလိုကဝေမျိုး ကျုပ် တစ်ခါမှကို မကြားဖူးဘူးဗျို့။ သိုက်တူးတဲ့ ကဝေဆိုတာလည်း ဒီတစ်ခါပဲ ကြားဖူးတာ။ ပြီးတော့ သူတူးတဲ့သိုက်က ဘုရားသိုက်တွေ ဘာတွေတော့ မဟုတ်ဘူးဗျ။ ပုဂ္ဂလိကသိုက်ကိုတူးတဲ့လူဗျ။ အခု ဒီလူ မဖဲဝါကို ဖမ်းချုပ်ပြီး ဝှက်ထားလိုက်တယ်။ သူ့ကိုယ်သူလည်း ကိုယ်ဖျောက်ထားတယ်။

မဖဲဝါကို မျက်ခြည်မပြတ် ကြည့်နေတဲ့ သူ့အစ်ကို ကွင်းပိုင်ကြီးက မဖဲဝါ ပျောက်သွားလို့ လိုက်ရှာနေတယ်။ ကျုပ်ဆီမှာရှိတဲ့ မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးမှာ မဖဲဝါရဲ့ဝိညာဉ် တွယ်နေတာဆိုတော့ ကွင်းပိုင်ကြီးက သူ့ညီမ မဖဲဝါကို ကျုပ်တို့ရွာထဲမှာ ဖမ်းထားတယ်ထင်ပြီး ရွာကို ပတ်နေတော့တာပေါ့ဗျာ။

ကျုပ်ကတော့ သဘောပေါက်သွားပြီဗျို့။ ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူ့ကိုမှ အမှန်အတိုင်း မပြောရဲဘူးဗျ။

ရွာကလူတွေ တအားကြောက်သွားမှာ စိုးရတယ်။ ပြီးတော့ ကျုပ်ဆီမှာ မဖဲဝါအရုပ်ကလေး ရှိနေတာကို ရွာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သိတဲ့သူ တစ်ယောက်မှ မရှိဘူးလေဗျာ။ ဒီတော့ ကျုပ် ဒါကို ပြောလို့မရဘူးဗျ။

လကွယ်ညတော့ ရောက်ပြီဗျို့။ ကျောက်ခဲဆိုတဲ့ အကောင်ကလည်း ကျုပ်ကို အမြဲတမ်း အကဲခတ်နေတာဗျ။ ဒီကိစ္စကို ကျုပ် တစ်ခုခုလုပ်မယ် ဆိုတာတော့ သိတာပေါ့ဗျာ။

"ကိုကြီးတာတေ၊ ဒီည တစ်ခုခုလုပ်တော့မယ့်ပုံပဲ၊ ကိုကြီးတာတေ တစ်နေရာသွားမယ်ဆိုရင် ကျုပ်ကို ခေါ်နော်၊ ကျုပ်လိုက်မယ်"

"မင်းမလိုက်နဲ့ ကျောက်ခဲ၊ အန္တရာယ် တော်တော်ရှိတယ်"

ကျောက်ခဲတစ်ယောက်တော့ မျက်နှာပျက်ပျက်နဲ့ ထပြန်သွားရောဗျို့။

မီးလောင်ကုန်းဆိုတာက ကျုပ်တို့ရွာနဲ့က ဘာဝေးတာမှတ်လို့။ နာရီဝက်လျှောက်ရင် ရောက်တဲ့ရွာပဲလေ။ ညသန်းခေါင်နီးလာတော့ အဘနဲ့ အမေနဲ့က အိပ်နေကြပြီပေါ့ဗျာ။

ကျုပ် တစ်ခုခုလုပ်ဖို့ ပြင်ဆင်နေတယ် ဆိုတာလည်း အမေက ရိပ်မိပြီးသားဗျ။ ညနေကတည်းက ကျုပ်လည်း ဆေးလွယ်အိတ်ကို စစ်ဆေးခဲ့ရတာဗျ။

ကျုပ်က ဆရာ မဟုတ်ပေမဲ့ အရေးကြုံရင်သုံးဖို့ ဆေး



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ အင်းတွေ၊ ရုပ်တုတွေက ကျုပ်ဆေးလွယ်အိတ်မှာ အပြည့်ဗျ။ ဆရာကြီး ဒေါက်တာမင်းအောင်၊ ဆရာနှံ့ဖ၊ ဆရာအို၊ ဆရာညို၊ ဆရာကြီး ဘိုးပေတလူ၊ ဆရာကြီး ဘိုးလူပေတို့ ပေးထား အပ်ထားတဲ့ ဆေးဝါး၊ အင်း၊ ခြေမန်းကွင်းတွေက ကျုပ်မှာ စုံလို့လေ။ အပဟိန်းဂါထာတွေ၊ အနှိုးဂါထာတွေ၊ မန္တန်တွေလည်း ကျုပ်တော်တော်များများ နှုတ်တက်ရခဲ့တာဗျ။

ကျုပ်လည်း မျက်ကွင်းဆေး ကွင်းထားလိုက်တယ်။ မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ တစ်ယောက်တည်း ထိုင်နေရင်း နဂါးဆေးပေါ့လိပ်ကလေး ဖွာနေလိုက်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝုတ်၊ ဝုတ်"

ယော ရွာတောင်ဘက်က ခွေးအူသံတွေရော၊ ခွေးဟောင်သံတွေရော ကြားလိုက်ရတယ်ဗျ။ ကျုပ်လည်း ဆေးပေါ့လိပ်ကို မီးငြိမ်းလိုက်ပြီး ဆေးလွယ်အိတ်ကို စလွယ်သိုင်းလိုက်တယ်။ ပြီးတာနဲ့ ဝိုင်းထဲကနေ ထွက်ချလာခဲ့တယ်ဗျ။

ရွာတောင်ပိုင်းကိုရောက်တော့ ခွေးဟောင်သံတွေက ပိုပြီး ဆူညံလာတယ်ဗျို့။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝူး၊ ဝူး"

ကျုပ်လည်း ဘာမှတွေးမနေတော့ဘဲ တောင်ဘက်ပေါက်ပါးခါးကိုဖွင့်ပြီး ရွာပြင်ထွက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ယာခင်းတွေကိုဖြတ်ပြီး တိုက်လာတဲ့ လေအေးအေးလေးက ကျုပ်ကို ဖြတ်တိုက်သွားတယ်။ တစ်ကိုယ်လုံး အေးပြီးလန်းဆန်းသွားရောဗျ။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟော ခြေသံကြီးဗျ။ ကျုပ်နောက်ဘက်က ကြားလိုက်ရတာ။ ကျုပ် ချာကနဲ နောက်ကို လှည့်ကြည့်လိုက်တယ်။ အောင်မယ်လေး ရောမအကောင်ကြီးပါလားဗျ။

ကြယ်ရောင်တွေအောက်မှာ မားမားကြီးရပ်ပြီး မျက်လုံးနီကြီးတွေနဲ့ ကျုပ်ကို စိုက်ပြီးကြည့်နေတာဗျ။ ရန်လိုတဲ့ အမူအရာတွေ မတွေ့ရဘူး။

သြော်…မဖဲဝါရဲ့အစ်ကို ကွင်းပိုင်ကြီးဆိုတာ ဒါပါလား။ ပုဆိုးကွက်တုံးကြီးနဲ့ဗျ။ အပေါ်ပိုင်းမှာတော့ အဝတ်အစား မရှိဘူး။ ဆံပင်က ဖားလျားကြီး ကျောကုန်းပေါ်လောက်အထိ ကျနေတယ်။

ခြေသလုံးကြီးတွေက ထန်းပင်လုံးလောက် ရှိတာဗျ။ လက်မောင်းကြီးတွေကလည်း ထန်းပင်အရင်းလောက်ကို ရှိတာဗျို့။ မျက်လုံးကြီးနှစ်လုံးက နီရဲပြီး ပြူးထွက်နေလိုက်တာ။ ဟင်းသောက်ပန်းကန်ကြီးတွေ မှောက်ထားသလိုပါပဲဗျာ။

ကျုပ်က မဖဲဝါ မှာတဲ့အတိုင်းပေါ့ဗျာ၊ ကတ္တီပါအိတ်ထဲက မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးကို ထုတ်ယူပြီး ကိုယ့်ခွဲဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပင့်လိုက်တယ်။

ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါအရုပ်ကလေးက ဆတ်ကနဲ ဆတ်ကနဲ လှုပ်လာတယ်။ မဖဲဝါရဲ့ ကိုယ်ခွဲဝိညာဉ် ဝင်သွားပြီဆိုတာ ကျုပ်သိတယ်ဗျ။

ကျုပ်က မဖဲဝါရဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကို ကွင်းပိုင်ကြီးမြင်အောင် မြှောက်ပြလိုက်တယ်။ ကွင်းပိုင်ကြီးက ကျုပ်နဲ့ ကိုက်နှစ်ဆယ်လောက်မှာ ရပ်နေတာဗျ။

"ကွင်းပိုင်ကြီး ကျုပ်က မဖဲဝါရဲ့ မိတ်ဆွေ တာတေပါ၊ မဖဲဝါကို ကဝေတစ်ယောက်က ဖမ်းချုပ်ထားတယ်ဗျ၊ အဲဒီကဝေက မဖဲဝါ စောင့်ရတဲ့ မီးလောင်ကုန်းသင်္ချိုင်းနောက်က ဂူဟောင်းကြီးထဲမှာရှိတဲ့ မြို့စားသိုက်ကို တူးဖို့ မဖဲဝါကို ဖမ်းချုပ်ပြီး နှိပ်စက်နေတာဗျ။

မဖဲဝါက ကွင်းပိုင်ကြီးကို ခေါ်ခဲ့ဖို့ မှာလိုက်တယ်။ ကျုပ်နဲ့ ခုချက်ချင်း လိုက်ခဲ့ပါ"

ပြောပြီးတာနဲ့ ကျုပ်က နောက်ကိုလှည့်ပြီး ထွက်ခဲ့တယ်။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ဟော ကျုပ်ပြောတာတွေကို ကွင်းပိုင်ကြီး နားလည်ပုံ ရတယ်ဗျ။ ကျုပ်နောက်က ပါလာပြီ။ သူ့ခြေသံကြီးတွေကြားနေရတာကိုက ကြောက်စရာကြီးပါဗျာ။ ကျုပ်ဖြင့် မဖဲဝါကို ကဝေ

www.burmeseclassic.com



ဖမ်းပြီး နှိပ်စက်နေလို့သာ ထွက်လာခဲ့ရတာ၊ ကွင်းပိုင်ကြီးကို ကြောက်လိုက်တာမှ ကြက်သီးတွေ တဖျန်းဖျန်း ထလို့ဗျို့။

"ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်၊ ဘုတ်"

ကျုပ်က ခပ်သုတ်သုတ် လျှောက်လေ ကွင်းပိုင်ကြီးရဲ့ ခြေသံကလည်း ခပ်သုတ်သုတ် ကြားရလေပဲဗျ။

ကျုပ်တော့ နောက်ကို တစ်ချက်မှ လှည့်မကြည့်တော့ဘူးဗျာ။ ဖြစ်ချင်ရာသာ ဖြစ်ပစေတော့လို့ တွေးထားလိုက်တယ်။

မီးလောင်ကုန်းသင်္ချိုင်းကိုရောက်တော့ သင်္ချိုင်းနောက်ဘက်က ကုက္ကိုတောကို ကျုပ် ဝင်ခဲ့တယ်။ မြို့စားရဲ့ ဂူဟောင်းကြီးနားကိုရောက်တော့ ကျုပ် ရပ်လိုက်တယ်။ ကျုပ်နောက်က ခြေသံကြီးလည်း ရပ်သွားပြီဗျ။

"ဟဲ့ သရဲမ၊ ဒီပစ္စည်းတွေဟာ နင့်ပစ္စည်း မဟုတ်ဘူး၊ ဘာဖြစ်လို့ နင်ကာကွယ်နေရတာလဲ၊ နင့်ကို ငါ ဒီလောက် နှိပ်စက်တာတောင် နင်ခံနိုင်နေသေးတယ်။ ကဲ…အခု နောက်ဆုံး မေးမယ်၊ ပစ္စည်းတွေ ငါ့ကို အပ်မလား မအပ်ဘူးလား၊ မအပ်ရင် ငါ နင့်ကို မီးလောင်တိုက်သွင်းတော့မယ်၊ နင်ဖွက်ထားတဲ့ မြို့စားရဲ့သိုက်ကို အခု ဖော်လိုက်စမ်းဟေ့၊ ဖျန်း"

"အောင်မယ်လေး ပူလိုက်တာတော်"

မဖဲဝါရဲ့ မချိမဆံ့ အော်လိုက်တဲ့အသံကြီးဗျ။ အသံနက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ အော်လိုက်တာဗျ။ ကျုပ်တောင် လန့်သွားတယ်။ နောက်ကို ကျုပ် လှည့်ကြည့်လိုက်တော့ ကွင်းပိုင်ကြီးက လက်သီးကြီးတွေ ဆုပ်ထားပြီး အံကြိတ်ထားတယ်။ ကွင်းပိုင်ကြီးရဲ့ လက်သီး ကြီးတွေက တင်းတောင်းကြီးတွေလောက် ရှိတာဗျ။ အံကြိတ် လိုက်တော့မှ ကြယ်ရောင်အောက်မှာ အစွယ်ကြီးတွေ ဖွေးနေတာ ကို တွေ့လိုက်ရတာဗျ။

သိုက်ဆရာ ကဝေရဲ့ ကြိမ်းမောင်းသံကြီးတွေ၊ မဖဲဝါရဲ့ မချိမဆံ့အော်သံ၊ ကွင်းပိုင်ကြီးရဲ့ အစွယ်ဖွေးဖွေးနဲ့ ဒေါသမျက်နှာ ကြီးတွေကို တွေ့လိုက်ရတော့ ကျုပ်ဖြင့် လိပ်ပြာလွင့်မသွားအောင် မနည်းကို သတိထားနေရတော့တာဗျို့။

ကျုပ်လုပ်ရမယ့် အလုပ်ကိုလုပ်ဖို့ 'သိုက်ဖော်'ဆေးလုံးကို ယူလိုက်တယ်။ ဒီဆေးတော်က ဆရာဖိုး ပေးခဲ့တာဗျ။ ဆရာဖိုး ဆိုတာ 'ဘင်ဂျိုဘစော'ဝတ္ထုမှာ ပါတဲ့ သိုက်ဆရာကြီးလေဗျာ။ အင်မတန် အစွမ်းထက်သလောက် အင်မတန် တည်ကြည်ပြီး အင်မတန်မှ ကတိသစ္စာတည်တဲ့ ပုဂ္ဂိုလ်ကြီးပါဗျာ။ ကျုပ်တို့ရွာက ပျောက်သွားတဲ့ ဘင်ဂျိုဘစောကြီးကို သိုက်ထဲမှာတွေ့လို့ ဆရာဖိုးနဲ့ ကျုပ် ပြန်ခေါ်ခဲ့ကြတာလေဗျာ။

ဒီဆေးလုံးကို ကတ္တီပါဘူးလေးနဲ့ ထည့်ထားတာဗျ။

"မောင်တာတေ၊ မင်း ကြည့်ကွဲ့၊ ဆေးတော်က တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ၊ ဒါပေမဲ့ မင်း ဘယ်နှခါပဲသုံးသုံး၊ သုံးပြီးတာနဲ့ ဒီကတ္တီပါ ဘူးထဲကို သူ့အလိုလို ပြန်ရောက်နေလိမ့်မယ်"

ဆရာဖိုး ကျူပ်ကို မှာသွားတာဗျ။ ကျူပ်ဆေးတော်ကို ထုတ်ယူလိုက်တယ်။ ပြီးတော့ ဆေးတော်နှုံးတဲ့ဂါထာကို ကျူပ် ရွတ်လိုက်တယ်။ ကျူပ်လက်ထဲမှာ ဆုပ်ထားတဲ့ 'သိုက်ဖော်'ဆေး တော်လုံးက ခုန်နေပြီဗျို့။

"ကဲကွာ"

မြို့စားမင်းရဲ့ ဂူဟောင်းကြီးကို ကျူပ်ဆေးလုံးနဲ့ ပစ်လိုက် ပြီဗျို့။

"ဝုန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

ဟာ မီးခိုးလုံးကြီး ဝုန်းကနဲ ပေါ်လာတာဗျို့။ ဟာ မီးတွေ မီးတွေ၊ ဟာ မဟုတ်ဘူးဗျ၊ စက်တွေဗျ၊ စက်တွေ။ ဒါ ကဝေစက် တွေဗျ။ ကျူပ် ချက်ချင်းပဲ နောက်ကို ခြေလှမ်းသုံးလေးလှမ်း ဆုတ်လိုက်တယ်။

ဟာ ကွင်းပိုင်ကြီး ပြေးလာပြီဗျို့။ အခိုးအငွေ့တွေ ပျောက် သွားတော့ ကဝေရဲ့ စက်ရောင်ကြီးက လင်းပြီး ကျန်ရစ်ခဲ့တယ်။

ဟော...တွေ့ပြီ၊ တွေ့ပြီ။ ဟိုမှာ မဖဲဝါ၊ မဖဲဝါရဲ့ တစ်ကိုယ်လုံးကို စက်တွေလွှတ်ပြီး ကြိုးတုတ်သလို တုတ်ထားတာ ဗျို့။ မဖဲဝါက ဆံပင်ဖားလျားကြီးနဲ့ ဒူးတုပ်လျက်ကြီးဗျ။ ကဝေက



www.burmeseclassic.com

www.burmeseclassic.com



ဆေးကြိမ်လုံးကြီး ကိုင်လို့ဗျ။ ဒီဆေးကြိမ်လုံးနဲ့ မဖဲဝါကို ရိုက်ပြီး သိုက်ဖော်ခိုင်းနေတာဗျ။

ရတ်တရက် အခိုးအငွေ့တွေထပြီး မြို့စားသိုက် ပေါ်လာတော့ ဝမ်းသာအားရနဲ့ ဖြစ်သွားတာဗျို့။

"ကဲ ဘယ်လိုတုံး သရဲမ၊ နင် နောက်ဆုံးတော့ နင်စောင့်ရတဲ့သိုက်ကို ဖော်လိုက်ရပြီမို့လား၊ ဟား ဟား ဟား ဟား"

ကျုပ်ကြည့်လိုက်တော့ သော့ခတ်ထားတဲ့ ကြေးသေတ္တာတွေဗျ။ ရှေးဟောင်းသေတ္တာကြီးတွေဗျို့။ ဘယ်နှလုံးမှန်းတော့ မသိဘူး၊ တစ်လုံးပေါ်တစ်လုံး ဆင့်ထားတာဗျ။

ကျုပ် သိုက်ဖော်ဆေးနဲ့ ပစ်လိုက်လို့ သိုက်ပေါ်လာတာကို ကဝေက မဖဲဝါ သူနှိပ်စက်တာကို မခံနိုင်လို့ သိုက်ဖော်ပေးလိုက်တယ်ထင်ပြီး ဝမ်းသာအားရ ဖြစ်နေတာဗျ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ကွင်းပိုင်ကြီးက သူ့ညီမကို မြင်လိုက်တော့ ချက်ချင်းပဲ ရှေ့ကို ပြေးထွက်ပြီး ကဝေကို ဖမ်းဖို့ လုပ်တာဗျ။ ကျုပ် သိလိုက်တယ်။ ကွင်းပိုင်ကြီး မှားသွားပြီ။ ဒီလောက်အစွမ်းထက်တဲ့ ကဝေကို သူ ဘယ်လိုမှ ယှဉ်လို့မရနိုင်ဘူးဆိုတာ သူ မသိဘူးဗျ။

မြို့စားသိုက်က ရတနာသေတ္တာတွေကို မြင်လိုက်ရလို့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရဖြစ်နေတဲ့ ကဝေက ရုတ်တရက်ကြီး ပြေးဝင်လာတဲ့ ကွင်းပိုင်ကြီးကို မြင်လိုက်တော့ အံ့သြပြီး သူ့လက်ထဲက ဆေးကြိမ်လုံးနဲ့ ရမ်းလိုက်တယ်။

ကွင်းပိုင်ကြီး တုံ့ကနဲ ရပ်သွားတယ်။ ရှေ့ကိုတိုးလို့ မရတော့ဘူးဗျ။ ဒီမှာတင် ကဝေက သူ့ပါးစပ်ထဲက စိမ်းပြာပြာ အရောင်တလက်လက် တောက်နေတဲ့ စက်တွေကို ခပ်မြန်မြန် လွှတ်ပြီး ကွင်းပိုင်ကြီးကို စက်တွေနဲ့ ပတ်ထားလိုက်ရောဗျာ။

ကွင်းပိုင်ကြီး လှုပ်ကို မလှုပ်နိုင်တော့တာဗျ။ လှုပ်လိုက်တာနဲ့ တအားပူပြီး အသံနက်ကြီးနဲ့ အော်ရတော့တာဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား လက်စသတ်တော့ ကွင်းပိုင်က မင်းနှမကို ဖမ်းထားလို့ မင်းလိုက်လာတာပေါ့ ဟုတ်စ၊ သိပ်ကောင်းတာပေါ့ကွာ၊ ယုန်ထောင်တာ ကြောင်ပါမိနေတော့ သိပ်ကောင်းတာပေါ့၊ ဟား ဟား ဟား ဟား"

မဖဲဝါရော ကွင်းပိုင်ကြီးရော ခေါင်းငိုက်စိုက်ကျသွားပြီဗျို့။

"ကဲ ဟောဒီပုလင်းထဲကို ကွင်းပိုင် ဝင်စမ်းဟေ့"

ကဝေက လက်နှစ်ဖက်ကို ရှေ့တန်းပြီး ကွင်းပိုင်ဆီကို အနီရဲရောင်စက်တွေ ထပ်လွှတ်လိုက်တာ ကွင်းပိုင်ကြီး အရှည်တဖြည်းဖြည်း သေးသွားလိုက်တာ ကဝေ မြေကြီးပေါ်မှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချထားတဲ့ ပုလင်းထက်တောင် သေးသွားတာဗျို့။ နောက်ဆုံး တော့ စိမ်းပြာရောင်စက်တွေနဲ့ တုပ်နှောင်ထားတဲ့ ကွင်းပိုင်ကြီးဟာ ကျုပ်ရဲ့ လက်သန်းလောက်အရွယ်ကလေး ဖြစ်သွားရောဗျာ။

ကဝေက ကွင်းပိုင်သေးသေးလေးကို ဆတ်ကနဲ ကောက် ပြီး ပုလင်းထဲကို ထည့်လိုက်တယ်။ ပြီးတာနဲ့ ပုလင်းကို ဝက်အူ ရစ်အဖုံးနဲ့ ဖုံးလိုက်ရောဗျို့။

သူ့လွယ်အိတ်ထဲက နောက်ထပ်ပုလင်းတစ်လုံးကိုထုတ် ပြီး မဖဲဝါကိုလည်း အနီရောင်စက်နဲ့လွှတ်ပြီး သေးသေးလေး လုပ်လိုက်တယ်။ ကျုပ် ကြည့်နေတုန်းမှာပဲ မဖဲဝါလည်း ကျုပ် လက်သန်းအရွယ်လောက်ပဲ ရှိတော့တာဗျို့။

ကဝေက မဖဲဝါကိုလည်း ကောက်ယူပြီး ငှက်ပျောဖူး ပုလင်းထဲကို ထည့်လိုက်တယ်။ ပြီးတော့ ဝက်အူရစ်အဖုံးကို ဖုံးလိုက်တယ်။ မဖဲဝါရော သူ့အစ်ကို ကွင်းပိုင်ကြီးရော ပုလင်း တွေထဲ ရောက်ကုန်ပြီဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ငါက အစတုန်းက မဖဲဝါ ကို ဖမ်းထားပြီး သင်္ချိုင်းတွေထဲမှာရှိတဲ့ သိုက်တွေကို တူးဖို့ ကြံတာ၊ ခုတော့ ကွင်းပိုင်ပါ ရလိုက်ပြီဆိုတော့ သင်္ချိုင်းထဲက ပစ္စည်းတွေတင်မကဘူး၊ ကွင်းတွေထဲက ပစ္စည်းတွေကိုပါ ရတော့မှာပေါ့ကွာ၊ ဟား၊ ဟား၊ ဟား၊ ဟား၊ ငါတော့ သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီပေါ့”

ကျုပ်လည်း မတ်တတ်တောင် ထမရပ်ရဲဘူးဗျ။ ဘိစပ်ချုံကြီးနောက်မှာကွယ်ပြီး ငြိမ်နေရတယ်။ ကျုပ်တွေးတယ်၊ ကျုပ်ဘာလုပ်ရမလဲ။ ဒီအတိုင်းဆိုရင်တော့ ဒီသိုက်ဆရာဟာ ကွင်းပိုင်နဲ့မဖဲဝါကို တကယ်ဖမ်းသွားတော့မှာဗျ။ ပြီးရင် တစ်သက်လုံးနိုင်းစားတော့မှာ သေချာတယ်။

ကျုပ် စလွယ်သိုင်းလွယ်ထားတဲ့ လွယ်အိတ်ထဲက အင်းတစ်ချပ် ထုတ်လိုက်တယ်။ ဒါ ကျုပ်ကို ဘိုးလူပေ ပေးခဲ့တဲ့အင်းဗျ။ ‘ကဝေစက်ဖြတ်အင်း’တဲ့။

ဘိုးလူပေ စီရင်တဲ့ အင်းပဲဗျာ၊ ဘယ်မှာ အစွမ်းမထက်ဘဲ ရှိမှာတုံး။ ဘိုးလူပေအကြောင်းကို ‘မဖဲဝါမွေးတဲ့သား’စာအုပ်ထဲက ‘ကဝေ့သွေး’ဝတ္ထုမှာ ဖတ်ကြည့်ပေါ့ဗျာ။

ကျုပ် အင်းကို လက်ထဲမှာ တင်းတင်းဆုပ်ပြီး အင်းဟိန်းဂါထာ ရွတ်လိုက်တယ်။ ဘိုးလူပေရဲ့အင်းက ကျုပ်လက်ထဲမှာခုန်နေတယ်ဗျ။

ကျုပ် သိတာပေါ့။ ဒါ အင်းအသက်ဝင်တာဗျ။ အင်းကိုတင်းတင်းဆုပ်ပြီး ဘိစပ်ချုံရှေ့ကို ကျုပ် ထွက်လိုက်တယ်။

သိုက်ဆရာ ကဝေက ကျုပ်ကို ဖျတ်ကနဲ မြင်သွားတယ်။

“ဟေ့ကောင်လေး မင်းက ဘယ်သူတုံး၊ အချိန်မတော်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ဘယ်ကနေ ဘယ်ကို သွားမှာတုံး”

“ကျုပ်နာမည် တာတေတဲ့၊ ကျုပ်က ထနောင်းကုန်းမှာ နေတာ”

“ဩော်…ဟား၊ ဟား၊ ဟား၊ အေးပေါ့ကွာ၊ မင်းတို့လို ကာလသားတွေက ဒီအချိန် ရည်းစားနဲ့ တစ်ဝချိန်းတွေ့ပြီး ရွာပြန်ကြမှာပေါ့ ဟုတ်လား ကောင်လေး၊ မင်း ငါ့ကို ဟောဒီသေတ္တာတွေ လှည်းနဲ့တင်ပြီး လိုက်ပို့မလား၊ မင်းကို ငါ တစ်သက်စာ စားဖို့ပေးမယ်”

“ဟား၊ ဟား၊ ဟား၊ ဟား သိုက်ဆရာကြီး ခင်ဗျား မှားနေပြီ၊ ကျုပ်က ပစ္စည်းလိုချင်လို့ လာတာမဟုတ်ဘူးဗျ။ ဟောဒါလေး ပေးချင်လို့ လာတာ၊ ရော့”

ကျုပ်က ဘာမှမပြောတော့ဘဲ ‘ကဝေစက်ဖြတ်အင်း’နဲ့ ပစ်လိုက်တယ်။

“ဝုန်း”

မီးတွေ ထတောက်သွားတာဗျ။ ဘိုးလူပေက ကျုပ်ကို ပြောဖူးတယ်။ ကဝေရဲ့စက်က ပြင်းလေ မီးတောက်တွေ ကြီးထွားလေပဲတဲ့။

ဒါဆိုရင်တော့ ဒီကဝေရဲ့စက်ဟာ တော်တော်ပြင်းလို့ပဲ ဖြစ်မှာပဲ။ ထတောက်တဲ့ မီးတောက်ကြီးတွေက နည်းတာကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာဗျာ။

ကဝေ အငိုက်မိသွားတာဗျ။ ဘာမှမတတ်နိုင်တော့ဘူးလေဗျာ။ စက်တွေအားလုံး ပျောက်သွားပြီ။ ကြွယ်ရောင်ပဲ ရှိတော့တာဗျ။

"ခွေးသားလေး၊ မင်းက မလောက်လေး မလောက်စားနဲ့ ဘာကောင်တုံး မင်းက"

ကျုပ်က တန်၏ မတန်၏ နားမလည်ဘူးလေဗျာ။ ဆရာကြီး ဦးမင်းအောင် ပေးခဲ့တဲ့ ကဝေစက်ဖြတ်အင်းကို အဆင်သင့် ထပ်ကိုင်ထားတာဗျ။

"ခွမ်း၊ ခွမ်း"

ဟာ စက်တွေ ပျောက်သွားတော့ ကွင်းပိုင်နဲ့ မဖဲဝါ သူတို့ကို ဖမ်းထားတဲ့ ပုလင်းတွေကို ခွဲထွက်လာပြီဗျို့။

ကဝေ လန့်သွားပြီဗျို့။ ချက်ချင်း စက်တွေ ထပ်ထုတ်တယ်။ ဒါပေမဲ့ စက်တွေက သူ့ကိုယ်မှာပဲ လင်းနေတော့တယ်ဗျို့။ ရှေ့ကို နည်းနည်းလေးမှ ထွက်မလာတော့ဘူး။

"ဝိုး"

ခုန်ပြီ။ ဆံပင်ဖားလျားကြီးနဲ့ မဖဲဝါကြီး လေထဲကို ခုန်တက်သွားပြီဗျို့။ ဟော အောက်ကို ပြန်ကျလာပြီ။

"ဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ကဝေရဲ့ကျောပေါ်ကို မဖဲဝါရဲ့လက်ဝါးကြီး ကျသွားပြီ။ ကဝေ ကျောကြီး ကော့တက်သွားပြီဗျို့။ ဒါပေမဲ့ လဲကျမသွားဘူး ဗျ။ သူ့ပညာအဆင့်က နည်းနည်းနောနောတော့ မဟုတ်ဘူးဗျို့။

"ဘုန်း"

ထပ်ရိုက်ပြီ။ မဖဲဝါက နောက်တစ်ချက် ထပ်ရိုက်တယ်။ ဟော ကျောကြီး ကော့တက်သွားပြန်ပြီ။ ဒါပေမဲ့ လဲကျမသွားဘူး ဗျ။ မဖဲဝါ နောက်ကို ခုန်ဆုတ်သွားပြီ။ ကျုပ်ဖြင့် အံ့သြလိုက်တာ ဗျာ။ မဖဲဝါရဲ့ လက်ဝါးစာမိလို့ကတော့ ဘယ်သူမှ အသက်မရှင် နိုင်ဘူးလေဗျာ။

ခုတော့ မဖဲဝါ လက်လျှော့သွားပြီဗျ။ ဒါမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ မဖဲဝါက သူ့အစ်ကို ကွင်းပိုင်ကို တစ်ချက် လှမ်းကြည့်တယ်။ ကွင်းပိုင်ကြီးကလည်း မဖဲဝါကို တစ်ချက် လှမ်းကြည့်ပြီး ခေါင်းညိတ်ပြတယ်။

ဟာ…ပြေးလာပြီ။ ကွင်းပိုင်ကြီး ပြေးလာပြီဗျို့။ ထန်း ပင်လုံးလောက်ရှိတဲ့ ခြေသလုံးကြီးနဲ့၊ စကောလောက်ရှိတဲ့ ခြေ ဖဝါးကြီးတွေနဲ့ ပြေးလာတာဗျ။ လက်မောင်းအိုးကြီးတွေက ထန်း ပင်အရင်းပိုင်းလောက်ကြီးကို ရှိတာဗျ။

ဟာ…ကဝေကို လှမ်းဆွဲလိုက်ပြီဗျို့။ ဘာစက်မှ ထုတ်လို့ ထွက်မလာတော့တဲ့ ကဝေကို သူ့လက်ကြီးနဲ့ လှမ်းဆွဲလိုက်တာဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကဝေကို ခြေထောက်ကတစ်ဖက်၊ ခေါင်းကတစ်ဖက် ကိုင်ပြီး ဆွဲကနဲ မ,ယူသွားပြီဗျို့။ ဟော…ဟော ကွင်းပိုင်ကြီး ဒေါသတကြီးနဲ့ ပါးစပ်ကြီးဖြဲထားလိုက်တာ အစွယ်ကြီးတွေမှ ဖွေးနေတာဗျို့။ သားစိမ်း ငါးစိမ်း စားမုန်း အစွယ်ကြီးတွေ တွေ့တာနဲ့ သိနိုင်တယ်ဗျို့။

ဟာ…ကိုက်ပြီ။ လည်ပင်းကို ကိုက်ပြီ၊ ဟာ ကဝေကြီး ရဲ့လည်ပင်းက သွေးတွေ ဖြာကနဲ ပန်းကျလာပြီဗျို့။

"အား…အား…အား"

ကဝေအော်သံကြီးက အကျယ်ကြီးပါဗျာ။ မချိမဆံ့ ဝေဒနာ ခံစားပြီးအော်တဲ့ ရင်ခေါင်းသံကြီးဗျ။

"အား၊ အား၊ အား၊ အား၊ ဝေါ"

ဟာ သစ်ပင်ကြီးတွေပေါ်မှာ အိပ်တန်းတက်နေတဲ့ ကျီး ကန်းတွေတောင် လန့်ပြီး ပြိုကုန်ကြပြီဗျို့။

ကဝေက ကွင်းပိုင်ကြီးရဲ့ လက်ထဲမှာတင် ဆန့်ငင် ဆန့် ငင်နဲ့ ငြိမ်ကျသွားပြီဗျ။ ကွင်းပိုင်ကြီးက ကဝေရဲ့ လည်ချောင်း သွေးကို စုပ်ယူပြီး ကဝေရဲ့ကိုယ်ကြီးကို မြေကြီးပေါ် ပစ်ချလိုက် တယ်။

"ဘုန်း"

အသက်မရှိတော့တဲ့ ကဝေရဲ့ ခန္ဓာကိုယ်ကြီး မြေပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျလာပြီး နှစ်ပတ်လောက် လိမ့်သွားတယ်။

"ဟင်း၊ ဟင်း၊ ဟင်း၊ ဟင်း"

ကွင်းပိုင်ကြီးက သွားကြီးတွေစိပြီး အော်လိုက်တယ်။ ပြီးတော့ ကျုပ်ကို တစ်ချက် လှည့်ကြည့်တယ်။

"တာတေ"

မဖဲဝါက ကျုပ်နာမည်ကို လှမ်းပြောလိုက်တယ်။

"ဟီး"

ကျုပ်တို့ရွာဘက်ကို လက်ညှိုးထိုးပြတယ်။

"ဟုတ်တယ်၊ ထနောင်းကုန်းက"

ကျုပ်ဖြင့် ကွင်းပိုင်ကြီး ကျုပ်ကို ကြည့်နေတာ ကြောက်လိုက်တာဗျာ။ ကြက်သီးတွေဆိုတာ တဖျန်းဖျန်း ထလို့ဗျ။

ကွင်းပိုင်ကြီးက ချာကနဲ လှည့်ထွက်သွားတယ်။ ကျုပ်လည်း ပေနှစ်ဆယ်လောက်မြင့်တဲ့ ကွင်းပိုင်ကြီးရဲ့ ကျောကုန်းကို ငေးကြည့်ရင်း ကြက်သီးတွေ ထနေတော့တာပေါ့ဗျာ။

ကျုပ် မဖဲဝါကို လှည့်ကြည့်လိုက်တော့ မြို့စားရဲ့သိုက်ကို ပြန်ပြီးဖျောက်နေတယ်ဗျ။

မဖဲဝါက လက်နှစ်ဖက်ကို ရှေ့ကိုဆန့်ပြီး သိုက်ကို မန်းမှုတ်နေတာဗျ။

ဟော မြို့စားရဲ့သိုက်ကြီး ပျောက်သွားပြီဗျို့။ နဂိုအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဂူဟောင်းကြီး ပြန်ပေါ်နေပြီဗျာ။

"ဂူး၊ ဂူး၊ ဂူး၊ အီး၊ အီး၊ အီး၊ ဂူး၊ ဂူး"

ဟာ..ဒါ မဖဲဝါရဲ့ ခွေးကြီးနက်ကျော် အသံဗျ။ နက်ကျော်လည်း သူ့သခင်မကြီး ပျောက်သွားလို့ လိုက်ရှာနေပုံရတယ်ဗျ။

ဟော...ရောက်လာပြီ။ နက်ကျော်ကြီး ရောက်လာပြီ။ နက်ကျော်ကြီးက နွားပေါက်စကောင်လောက် ရှိတာဗျ။

နက်ကျော်က သူ့သခင်မကြီးကို တစ်လှည့် ကျုပ်ကို တစ်လှည့် ကြည့်နေတယ်။

ကိစ္စအားလုံး ပြီးသွားပြီ။

မဖဲဝါ မီးလောင်ကုန်းသင်္ချိုင်းကနေ တရွေ့ရွေ့ ထွက်သွားပြီ။ ဂူတွေအပေါ်ကနေ ရွေ့သွားတာဗျ။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီး၊ အီး၊ အီး"

ခွေးနက်ကြီး နက်ကျော်လည်း နောက်ကနေ ပါသွားလေရဲ့ဗျာ။

ကျုပ် အိမ်ပြန်ရောက်ပြီး သိပ်မကြာဘူးဗျ။ ဆရာတော့်ကျောင်းက အုန်းမောင်းခေါက်သံ ကြားရတာပဲ။ နောက်တစ်နေ့ ကျုပ် အိပ်ရာကနိုးတော့ ဆယ်နာရီတောင် ထိုးနေပြီ။

ကျောက်ခဲက ခုံတန်းလေးမှာထိုင်ပြီး ကျုပ်ကို စောင့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျောက်ခဲရေ…ဇရာမခြေရာကြီးကိစ္စတော့ ပြီးသွားပြီဟေ့၊ ဒါပေမဲ့ မီးလောင်ကုန်းသားတွေတော့ သူတို့သချိုင်းထဲမှာ လည်ပင်းအပေါက်ကြီးနဲ့ အလောင်းတစ်လောင်းတွေ့လို့ အလုပ်ရှုပ်သွားမှာ သေချာတယ်ဟေ့"

ကျုပ်ပြောတာတွေကို ဘာမှ နားမလည်တဲ့ ပုံစံနဲ့ ကျောက်ခဲက ကျုပ်ကို ကြည့်နေရောဗျာ။

□□□

တာတေ



အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တော်လေးရဲ့ ကြင်ယာတော်

ကျုပ်တို့အညာမင်္ဂလာဆောင်ဆိုတာ လွှတ်ပျော်ဖို့ကောင်း
တာဗျ။ နှစ်ဖက်ဆွေမျိုးမိဘတွေ သိုက်သိုက်ဝန်းဝန်းနဲ့ သတို့သား

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီးတွေရဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကလည်း တစ်ယောက်နဲ့တစ်ယောက် စကြ၊ နောက်ကြ၊ စားကြ၊ သောက်ကြနဲ့ အားလုံးကလည်း လူစင်တွေချည်းလေဗျာ။

တီးချင်မှုတ်ချင် ဆိုချင်တဲ့သူတွေကလည်း မယ်ဒလင်ဝိုင်း၊ ဘင်ဂျိုဝိုင်း၊ ဒုံမင်း၊ မြန်မာဂီတာ စတဲ့ တူရိယာတွေကို တီးကြမှုတ်ကြ ဆိုကြပေါ့ဗျာ။

လူချမ်းသာ သားသမီးတွေဆိုရင်တော့ ပြောစရာကို မလိုဘူးပေါ့ဗျာ။ ယာတွေ၊ နွားတွေ၊ လှည်းတွေကအစ လက်ဖွဲ့ကြတာဗျ။ တချို့လည်း ထန်းတောတောင် လက်ဖွဲ့တဲ့ အဘိုး၊ အဘွားတွေ ရှိတာဗျို့။ ရွှေဆိုတာတော့ ပြောမနေနဲ့တော့ပေါ့ဗျာ။

ကျုပ်တို့အညာသားတွေက အလကားနေရင်း ရွှေပဲစုကြတာဗျ။ တချို့များဆိုရင် နှစ်မွေခံ သုံးမွေခံတွေဗျ။ ပိဿာနဲ့တောင် ရကြတာဗျို့။

ကျုပ်ကတော့ ကျုပ်ချစ်သူ လှယဉ် မရှိတော့ကတည်းက ဘာကိုမှ မတွေးတော့တာပါဗျာ။ လှယဉ်အကြောင်းကို သိချင်ရင်တော့ ကျုပ်ရေးခဲ့တဲ့ '**ကဆေဖျိုရဲ့အချစ်**'ဝတ္ထု ရှာဖတ်ကြည့်ဗျာ။

ဒီနေ့လည်း ကျုပ်တို့ရွာမှာ မင်္ဂလာဆောင်ရှိတယ်ဗျ။ ကျုပ်တို့ ထနောင်းကုန်းသား ကိုသောင်းကိုနဲ့ ကပ္ပလီရွာက သတို့သမီး မနှောင်းညိုတို့ မင်္ဂလာပွဲလေဗျာ။ ကိုသောင်းကိုက



www.burmeseclassic.com

www.burmeseclassic.com



လည်း လှချမ်းသာသားပဲဗျ။ မနှောင်းညီတို့ မိဘတွေကလည်း ရွှေမရှား၊ ငွေမရှားပါဗျာ။ မိတ်ဆွေအပေါင်းအသင်းကလည်း လွတ်ပေါ၊ လူချစ်လူခင်ကလည်း များကြတော့ မင်္ဂလာဆောင်ကို လာလိုက်ကြတာမှ နည်းပါဘူးဗျာ။ ကိုသောင်းကို မိဘများရဲ့ ဝိုင်းကလည်း အကျယ်ကြီးဗျ။ မဏ္ဍပ်ကြီးမှ ဝိုင်းပြည့်ထိုးထားတာ။ ဘယ်ရလိမ့်မတုံးဗျာ။ တောင်ဘက်ကပ်လျက်က ဘထွေးမျိုးချစ်တို့ဝိုင်းကြီးမှာရော မြောက်ဘက်ကပ်လျက်က ကျုပ်သူငယ်ချင်း အောင်ချစ်တို့ဝိုင်းကြီးမှာရော မဏ္ဍပ်ကြီးတွေ ထိုးရတာဗျ။ ဟိုရွာ ဒီရွာကလာတဲ့ လှည်းတွေကိုတော့ ရွာထဲက ဝိုင်းတွေမှာ ဖြုတ်ပြီး နွားတွေကို အစာရေစာ ကျွေးကြရတာပေါ့ဗျာ။

ပြီးတော့ ကျုပ်တို့အညာမှာက မင်္ဂလာဆောင်ရှိပြီဆိုရင် အိမ်တိုင်း မီးခိုးတိတ်ဗျ။ ဘယ်အိမ်မှ ထမင်းမချက်တော့ဘူး။ မင်္ဂလာဆောင်မှာပဲ စားကြတာ။

ထမင်းချက်တဲ့အဖွဲ့ဆိုတာ တစ်ရက် တစ်ညတော့ မနားတမ်းကို ချက်ရတော့တာဗျို့။ ကျုပ်တို့ရွာမှာတော့ လေးလေးချက်ကြီးတို့အဖွဲ့ပေါ့ဗျာ။ လေးလေးချက်ကြီးဆိုတာက ကျုပ်ရေးခဲ့တဲ့ **'ဘင်ဂျိုဘစော'** ဝတ္ထုထဲမှာ ပါတယ်လေဗျာ။ ဘင်ဂျိုဘစောရဲ့ တူပေါ့။ ဟင်းချက် လွတ်ကောင်းတဲ့လူပေါ့ဗျာ။ လေးလေးချက်ကြီးရဲ့ ဝက်သားချက်တဲ့လက်ရာကို စားပြီးရင် ဘယ်ဝက်သား



www.burmeseclassic.com

www.burmeseclassic.com



ဟင်းမှ စားကောင်းမှာ မဟုတ်တော့ဘူးဗျ။

လေးလေးချက်ကြီး ဝက်သားချက်တာကို ကျုပ် သေသေချာချာ ကြည့်ဖူးတယ်ဗျ။ ဝက်သားကို အရွယ်တော်တုံးပြီးတာနဲ့ မိုးဖြဲဒယ်ကြီးထဲမှာ ဆီပူထိုးတော့တာဗျ။ ဆီပူထိုးတယ်ဆိုတာ ဒယ်ထဲမှာ ဆီနည်းနည်းထည့်ပြီး ဝက်သားတွေထည့်ပြီး အထက်အောက် မွှေပေးတာပေါ့ဗျာ။ ခဏဆိုရင် ဝက်သားထဲက ရေတွေ ထွက်လာရောဗျ။ အသားထဲမှာရှိတဲ့ ရေကို ထုတ်ပစ်တာပေါ့ဗျာ။ ရေက ဖြူဖြူပျစ်ပျစ်ကြီးဗျ။ အဲဒီရေကို ဖယ်ထုတ်ပစ်ရတာ။ ဒါမှ ဝက်သားက နှစ်ရေခမ်းရင် အိနေအောင် နူးတာဗျ။ အရသာလည်း ပိုရှိလာတယ်။

အဲဒီလို ရေထုတ်ပြီးမှ ရေစင်စင်ဆေးပြီး ဆား၊ ဆနွင်း၊ ပဲငံပြာရည်၊ အချိုမှုန့် နယ်ပြီး ချက်တော့တာဗျ။ ဒုတိယရေထည့်ကာနီးမှာ ရောချင်တာရှိရင် ထည့်ရတယ်။ အာလူးတို့၊ ကြံမဆိုင်တို့၊ ပုန်းရည်ကြီးတို့ပေါ့ဗျာ။

အဲဒါ လေးလေးချက်ကြီးရဲ့ ဝက်သားချက်နည်းပဲဗျို့။ ကိုသောင်းကိုတို့ မင်္ဂလာဆောင်ပြီးတာနဲ့ သိပ်မကြာလှဘူးဗျ။ ကျုပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲအတွက် ပြင်ကြ၊ ဆင်ကြ၊ ဓာတ်တိုက်ကြ၊ ဒိုးပတ်ဝိုင်းတွေလည်း ပြိုင်ပွဲဝင်ဖို့ ပြင်ကြဆင်ကြတော့တာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာက ရွှေတောင်ဦးဘုရားပွဲဆိုတာ လွှတ်စည်ကားတဲ့အကြောင်း ကျုပ် မကြာ မကြာ ရေးပြခဲ့ဖူးပါတယ်။ တစ်လလောက်ကို ကျုပ်တို့တွေ ပင်ပန်းကြတာဗျ။

ဘုရားပွဲပြီးလို့ တစ်ပတ်လောက် ကြာတော့မှ ကျုပ်တို့တွေ နားကြရတာ။ ဘုရားပွဲက တပေါင်းလပြည့်ဆိုတော့ ဘုရားပွဲပြီးတဲ့အချိန်ဟာ ကျုပ်တို့အညာမှာ လွှတ်ပူတဲ့အချိန်ပေါ့ဗျာ။ ဒီနေ့တော့ ကျုပ်တို့တွေအားလုံး သိမ်းလို့ဆည်းလို့ လက်စသတ်တဲ့နေ့ပဲဗျ။ ကိစ္စတွေ ပြီးပြီဆိုတော့မှ ကျုပ်နဲ့ သိန်းဇော်နဲ့ ရွှေတောင်ဦးစေတီ တောင်ဘက်က ညောင်ပင်ကြီးအောက်မှာ နားနေကြတာဗျ။

"ဟေ့ကောင် တာတေ၊ အဲဒါကို ပြောတာကွ၊ အညာသား စည်းစိမ်ဆိုတာ"

ကျုပ်နဲ့ သိန်းဇော်က ညောင်ပင်အောက်က မြက်ခင်းပေါ်မှာ လှဲအိပ်နေကြတာဗျ။ အသံကြားလို့ မျက်စိဖွင့်ကြည့်လိုက်တော့ ကျုပ်တို့နားမှာ ဒုံမင်းကြီးထမ်းပြီး ရပ်နေတာ ကိုကြည်လှဗျ။ ဒီရွာတစ်ဝိုက်မှာတော့ သူ့ကို ဒုံမင်းကြည်လှလို့ ခေါ်တယ်။ ဒုံမင်းတီးတာ လွှတ်ကောင်းတဲ့ လူပေါ့ဗျာ။ လူလေးကတော့ လူဗလန်လေးဗျ။ ကိုကြည်လှက သေးသေးညှက်ညှက်ရယ်။ သူထမ်းလာတဲ့ ဒုံမင်းကတောင် သူနဲ့စာရင် ကြီးနေသလိုပဲဗျ။

"ဟာ…ကိုကြီးကြည်လှ၊ ဘုရားပွဲပြီးကာနီးမှ ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတာတုံးဗျ"

"တာတေရေ တီးဝိုင်းတစ်ခုက ငါ့ကို လာငှားသွားလို့ ပါသွားတာကွ"

"ဟင် ဟုတ်လား၊ ဒါကြောင့် ဘုရားပွဲကနေ ပျောက် သွားတာကိုး၊ ဘယ်ကို လိုက်သွားရတာတုံး"

"မြို့ကိုပါကွာ၊ တီးဝိုင်းကြေးလေးကလည်း ကောင်းတာ နဲ့ ထလိုက်သွားတာကွ၊ တီးရတာ အဆင်ပြေပါတယ်၊ တစ်ကိုယ် တော် လက်စွမ်းပြ ဖျော်ဖြေတာမှာလည်း ဆုတွေ တော်တော်ရခဲ့ တယ်ကွ"

"ဟာ ဒါဆိုရင် ဟန်ကျတာပေါ့ ကိုကြီးကြည်လှရ၊ နို့ အလှူမှာ တီးရတာလား"

"မင်္ဂလာဆောင်ကွ၊ တော်တော်ကို ကြီးကျယ်ခမ်းနားတဲ့ ပွဲပါကွာ၊ ဒါပေမဲ့ တာတေရေ မင်္ဂလာဆောင်က လူမင်္ဂလာဆောင် မဟုတ်ဘူးကွ၊ နတ်မင်္ဂလာဆောင်"

"ဗျာ...ဘယ်လိုဗျ ကိုကြီးကြည်လှရဲ့"

"မင်း ကြားဖူးမှာပါကွာ။ မင်းလေးနဲ့ မင်္ဂလာဆောင်တာ လေ"

"ဩော်...ဒါကို ပြောတာလား၊ ဟား၊ ဟား၊ ဟား ဟား လူတွေကလည်းဗျာ နတ်က စောင့်ရှောက်မယ်ဆိုရင် နတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယူမှာပဲဗျ။ ရက္ခစိုးက စောင့်ရှောက်မယ်ဆိုရင်လည်း ရက္ခစိုးနဲ့ယူမှာပဲဗျ။ ဪ လူတွေရဲ့ လောဘတွေပေါ့ဗျာ။ တအားချမ်းသာချင်၊ တအားတိုးတက်ချင်တဲ့စိတ်တွေကြောင့် ဒါတွေလုပ်ကြတာပေါ့ဗျာ"

"မင်းပြောတာ ဟုတ်တယ် တာတေ၊ ယောက်ျားက အစိုးရအလုပ်မှာ ရာထူးရာခံ ရချင်လို့၊ မိန်းမကို မင်းလေးနဲ့ သူကိုယ်တိုင် ပေးစားတာဆိုပဲကွ"

"ဗျာ…ဟုတ်လား ကိုကြီးကြည်လှ၊ အခု ခင်ဗျား ဒုံမင်းသွားတီးတဲ့ မင်းလေးမင်္ဂလာဆောင်က အဲဒီလိုဟာလား"

"အေး‥ဟုတ်တယ်ကွ၊ ယောက်ျားက ထောင်မှူးတဲ့ကွာ၊ အဲဒါ ထောင်ပိုင်ကြီး ဖြစ်ချင်လို့၊ ရာထူးတွေ ခပ်မြန်မြန်တက်အောင် သူ့မိန်းမကို သူကိုယ်တိုင် မင်းလေးနဲ့ ပေးစားတာတဲ့ကွ၊ သူ့မိန်းမရဲ့ အမျိုးတွေရှိတဲ့မြို့မှာ မင်္ဂလာပွဲ လာလုပ်တာတဲ့ဟေ့"

"ဒီလူကလည်း မရှက်ဘူးလားဗျာ"

"တာတေနှယ် ရှက်ဖို့နေနေသာသာ သူကိုယ်တိုင်ကို ဖိတ်စာကမ်းတာဆိုပဲ၊ ပြီးတော့ သူကိုယ်တိုင် ဧည့်ခံတာဟေ့"

"အိုဗျာ၊ ကျုပ်ဖြင့် ကြားတာနဲ့တောင် ရှက်လိုက်တာဗျာ"

"ဟ တာတေရ၊ ဒီကိစ္စက သူတို့လူကုံတန်လောကမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူစရာလို ဖြစ်နေတာကွ၊ ဒီလိုလုပ်တာကိုက ဂုဏ်ရှိနေပုံပဲကွ"

"ကဲ ဒါဆိုရင်လည်း လူတွေဘက်ကို ထားပါတော့ဗျာ၊ သူများမယားကို ပြောင်ပြောင်တင်းတင်းယူတဲ့ နတ်ကရော မလွန်ဘူးလားဗျ"

"ဟ အဲဒီနတ်က လူ့ဘဝကတည်းက ကိုရင့်မောင်ဆိုတဲ့ လင်ကြီးငုတ်တုတ်ရှိတဲ့ မရွှေဥကိုတောင် ကြံသေးတာပဲကွ"

"အင်း…ဒီလိုတော့လည်း ဟုတ်သားပဲဗျ"

"မင်းနှယ် မင်္ဂလာဆောင်တာမှ ကျကျနနကို ဆောင်တာနော် တာတေ၊ ဖိတ်စာကို သေသေချာချာ ရိုက်တာ၊ တောင်ပြုန်းနယ်ကို အပိုင်စားရတဲ့ ကိုယ်တော်လေးတို့ ဘာတို့ ထည့်ထားတာကွ၊ ပြီးတော့ မင်္ဂလာအခမ်းအနားကို သေသေချာချာ ပြင်ဆင်ပြီး ဘိသိက်ဆရာတွေ ဘာတွေနဲ့ ဘိသိက်သွန်းတာဟေ့"

"ဟား၊ ဟား၊ ဟား၊ ဟား တော်ပါတော့ ကိုကြီးကြည်လှရာ၊ ကြာရင် ကျုပ် ရယ်ရလွန်းလို့ အူတက်လိမ့်မယ်ဗျို့။ ဒါပေမဲ့ ဒါမျိုးတွေ များများလုပ်လေ ဒုံမင်းကြည်လှတို့ စီးပွားရေးကောင်းလေပေါ့ဗျာ၊ ဆောင်ပါစေဗျာ၊ များများဆောင်ကြပါစေ ဟား ဟား ဟား ဟား"

ညောင်ပင်အောက်မှာ မင်းလေးနဲ့ မင်္ဂလာဆောင်တဲ့ အကြောင်းတွေပြောပြီး ကျုပ်ရယ်၊ သိန်းဇော်ရယ်၊ ကိုကြီးကြည်လှ



www.burmeseclassic.com

www.burmeseclassic.com



ရယ် ရွာထဲကို ပြန်လာခဲ့ကြတယ်။

ဘုရားပွဲကိစ္စတွေ ပြီးသွားတာနဲ့ ကျုပ် ဘယ်ကိုမှ မသွားဘဲ အိမ်မှာပဲ ငြိမ်နေတော့တာပေါ့ဗျာ။ ဒီလိုအချိန်မျိုးဆိုရင် အမေက ကျုပ်ကို ဟင်းကောင်း ချက်ကျွေးနေကြလေဗျာ။ ဒီနေ့လည်း အမေက အမဲခြောက်တွေ ရေစိမ်ထားတယ်ဗျ။ ပြီးတော့ ခရမ်းချဉ်သီးနိုင်းချင်းနဲ့ ငရုတ်ပွသီးနဲ့ ချဉ်ချဉ်စပ်စပ်ကို ချက်ထားတာဗျ။ ကျုပ်တို့ အညာဟင်းဆိုတာ ဘာပဲချက်ချက် ဆီကတော့ မြုပ်နေတာလေဗျာ။

ပြီးတော့ မောင်မခေါ်ပဲဟင်းလေးက တစ်ခွက်ဗျ။ ခြံစည်းရိုးမှာ တွယ်ကပ်နေတဲ့ ဖရုံရွက်၊ ကင်းမုံရွက်၊ ကင်ပွန်းချဉ်ရွက်တွေကို ငရုတ်ပွလေးနဲ့ပဲ ဆီအိနေအောင် ချက်ထားတာဗျ။

ထမင်းစားချိန်ကျတော့ ကျုပ်ဆိုတာ သုံးပန်းကန်လောက်ကို စားပစ်လိုက်တာဗျ။ စားလို့ကောင်းချက်ဗျာ။ စားသောက်ပြီးတော့ နွေရာသီရဲ့ ထုံးစံအတိုင်းပေါ့ မန်ကျည်းပင်ကြီးရဲ့အောက်က သစ်သားကွပ်ပျစ်ပေါ်ကို ကျုပ် ရောက်လာခဲ့တယ်။ ဝါးပိုးခြမ်းပေါ်မှာ ပုဆိုးဟောင်းတစ်ထည် ခေါက်ပြီး ခင်းလိုက်တယ်။ ဒေါင်းလေးနှစ်ကောင်ပုံပါတဲ့ စဉ့်ဆေးလိပ်ခွက်ကလေးရဲ့နောက်က ဆေးလိပ်ထည့်တဲ့ အကန့်ကလေးထဲမှာ ထောင့်ထည့်ထားတဲ့ နဂါးဆေးပေါ့လိပ်ကလေးတွေထဲက တစ်လိပ်ကိုယူပြီး မီးညှိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သုံးလေးဖွာ ဆက်ပြီးဖွာလိုက်တယ်။ မရတော့ဘူးဗျ။ ကျုပ်မျက်လုံးတွေ စဉ်းကျလာပြီ။ စားကောင်းကောင်းနဲ့ နင်းစားလိုက်တော့ ဗိုက်လေးပြီး အိပ်ချင်လာတာပေါ့ဗျာ။

ဝါးပိုးခြမ်းပေါ်မှာ ခေါင်းအုံးလိုက်တာနဲ့ ကျုပ် တစ်ခါတည်း အိပ်ပျော်သွားတော့တာဗျို့။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ်တော့ မသိဘူးဗျို့။ ကျုပ် မျက်စိဖွင့်ကြည့်လိုက်တော့ နေတောင်ချိုနေပြီ။ ကျုပ်လည်း ကပျာကယာ ထလိုက်တယ်။ နေ့လည်နေ့ခင်း အကြာကြီးအိပ်ရင် အဘက ကြိုက်တာမဟုတ်ဘူးဗျ။ ခဏတဖြုတ်မှေးတာလောက်ပဲ မပြောတာ၊ ကြာလာရင် ပြောရောဗျ။

"လူကလေး မင်းက တောင်သူမို့လား၊ တောင်သူဆိုတာ အလုပ်က လွတ်ပေါ်တာ၊ အိပ်နေလို့ရတာ မဟုတ်ဘူးကွ၊ အိပ်နေရင် ထမင်းငတ်သွားလိမ့်မယ်"

ဒီစကားတွေက ကျုပ်နားထဲမှာ စွဲနေပြီးသားလေဗျာ။ ဒီတော့လည်း တစ်နေ့ခင်းလုံး အိပ်ပျော်နေတာကို ကျုပ်စိတ်က မလုံမလဲ ဖြစ်နေတာဗျ။

"ဟဲ့ တာတေ၊ နိုးပြီလား၊ ဒီမှာ ညော့်သည်က နင့်ကို စောင့်လို့"

"ဗျာ၊ ဘယ်သူတုံး အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတုံး သိချင်ရင် အိမ်ပေါ်လာကြည့်လေဟယ်"

ကျုပ်လည်း ကွပ်ပျစ်ပေါ်ကဆင်းပြီး အိမ်ပေါ်တက်ခဲ့တာပေါ့ဗျာ။ အိမ်ရှေ့ခန်းက တန်းလျားလေးပေါ်မှာ ထိုင်နေတာ ကိုသောင်းကိုဗျ။ ဟိုတလောကမှ မင်္ဂလာဆောင်တာလေဗျာ။

"ကိုကြီးသောင်းကို ဘယ်က လှည့်ဝင်လာတာတုံး"

"ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူးကွ တာတေရ၊ မင်းလည်း ရွှေတောင်ဦးဘုရားပွဲအပြီးမှာ ပင်ပန်းနေမှာပဲဆိုပြီး လာခေါ်တာကွ၊ ငါ့အဘိုး ဘိုးမင်းဒင်က သူ့ထန်းတောကို အမွေပေးလို့ ငါရတယ် တာတေရ၊ အခု ငါ့ထန်းတောကို သွားမလို့ မင်းကို ဝင်ခေါ်တာ၊ မင်းနဲ့လည်း တိုင်ပင်စရာကိစ္စလေးတွေ ရှိနေလို့ကွ။ ထန်းတောရောက်မှပဲ တို့ညီအစ်ကို အေးအေးဆေးဆေး ပြောကြဆိုကြတာပေါ့ကွာ"

ဘိုးမင်းဒင်ရဲ့ ထန်းတောက မသေးဘူးဗျ။ ထန်းပင် တစ်ရာလောက်ရှိတယ်။ ဒါပေမဲ့ ဘိုးမင်းဒင်က ထန်းလုပ်ငန်းကို ကိုယ်တိုင်လုပ်တာတော့ မဟုတ်ဘူးဗျ။ တခြားသူကို ချထားတာ။ အခု ဒီထန်းတောကို ကိုသောင်းကို အမွေပေးတော့လည်း ကိုသောင်းကိုကလည်း အရင်လူတွေကိုပဲ ဆက်ပြီးချထားမှာပါ။

ထန်းတောကိုရောက်တော့ ထန်းတောပိုင်ရှင် ပါလာတော့ မို့လားဗျာ။ ထန်းတဲက ကိုထွန်းကျော်တို့ လင်မယားဆိုတာ ပျာနေ



www.burmeseclassic.com

www.burmeseclassic.com



တော့တာပေါ့လေ။

"ဟာ တာတေပါ ပါလာတာလား၊ ထိုင်လေ တာတေ၊ ဒီဘက်လာကွာ၊ ဒီဘက်က လေလေး တဖြူးဖြူးနဲ့ ထန်းရည်သောက်လို့ သိပ်ကောင်းတာကွ"

ဝါးကွပ်ပျစ်တစ်ခုမှာ ကျုပ်နဲ့ ကိုသောင်းကို့ကို နေရာသေသေချာချာ လုပ်ပေးသဗျ။ ထန်းတောထဲမှာ ရှိသမျှကွပ်ပျစ်မှာလည်း လူက အပြည့်ဗျ။ ဒါပေမဲ့ တချို့ကလည်း မူးနေကြပြီဆိုတော့ ကျုပ်ကို လက်မြှောက်ပြရုံပြပြီး နှုတ်ဆက်ကြတယ်။ ပါးစပ်ကတော့ နှုတ်မဆက်နိုင်ကြတော့ဘူးဗျ။ မူးနေကြပြီ။

"နေညိုရင် ရွှေဘိုကို လွမ်းမိပေါ့ကွယ်…"

တချို့ကောင်တွေကလည်း သီချင်းတွေကို အော်ဆိုတဲ့လူက ဆိုလို့ပေါ့ဗျာ။ ဒါဟာ ကျုပ်တို့ အညာသားတွေရဲ့ စည်းစိမ်ပေါ့ဗျာ။

"ပန်းနွယ်ကစိမ်း…စိမ်းတယ်၊ စုံနံ့သာမြိုင်ရဲ့ ရာပုံဖွင့်ပါလို့ရယ်…"

တချို့ကလည်း တွံတေးသိန်းတန်ကို ဟစ်ကြလို့ဗျ။

"မောင့်အပေါ်ဝယ် ဂုဏ်ရည်မတူလို့လား၊ ငွေစံပယ်ပြုံ ချူချင်သူကများ…"

ဩော်…လက်စသတ်တော့ ဒုံမင်းကြည်ရဲ့ပေါ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာကိုး၊ ကျုပ်ကို ဒီလူ မမြင်ဘူးဗျ။

အမဲခြောက်ဖုတ်ကို ဆီနှစ်နေအောင် စိမ်ထားတာတစ်ပွဲ လာချတယ်။ ပြီးတော့ ထန်းရည်တစ်မြူ၊ အုန်းမှုတ်ခွက်ကလေး နှစ်ခွက်၊ ဒါကတော့ ကျုပ်တို့ ထန်းရည်သောက်တဲ့ ခွက်ပေါ့ဗျာ။

"သောက်ကွာ တာတေ၊ ပြီးမှ စကားပြောကြတာပေါ့ ကွာ"

ပထမတစ်ခွက်၊ ဒုတိယတစ်ခွက်၊ နားထင်နားရင်းတွေ ပူတက်သွားပြီဗျ။ ကိုသောင်းကိုက သုံးခွက်၊ လေးခွက်။ ရပ်လိုက် ပြီး အမဲခြောက်ဖုတ်ကလေး ဝါးကြတယ်။ ကျုပ်ကတော့ အိတ် ကပ်ထဲမှာ ထည့်ယူလာတဲ့ နဂါးဆေးပေါ့လိပ်ကလေးကိုထုတ်ပြီး ကြေးမီးခတ်ကလေးနဲ့ ခတ်ပြီးညှိတယ်။

ကိုကြီးသောင်းကိုကိုလည်း နဂါးဆေးပေါ့လိပ်တစ်လိပ် ပေးလိုက်တယ်။ သူလည်း မီးညှိပြီး ဖွာတာပဲဗျ။

"ကိုကြီးသောင်းကို ဘာများကိစ္စ အထူးအထွေ ရှိလို့တုံး ဗျ"

ကျုပ်က ဆေးပေါ့လိပ် ဖွာရင်းကနေ စကားစပေးလိုက် တယ်။

"တာတေ ငါတော့ ဒုက္ခရောက်နေပြီကွ၊ ပြီးတော့ ဒီကိစ္စကို မင်းကလွဲရင် ဘယ်သူ့ကိုမှ ငါမပြောရဲဘူးကွာ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မင်းကို ထန်းတောထဲကို ခေါ်လာပြီး ပြောရတာကွ၊ ပြီးတော့ ငါလည်း စိတ်တွေ တော်တော်ထွေနေလို့ ထန်းရည် သောက်ချင်နေတာကွ၊ သောက်ကွာ၊ သောက်ရင်းစားရင်းနဲ့ ငါက ပြောမယ်၊ မင်းကလည်း သောက်ရင်းစားရင်း နားထောင်ကွာ"

"ဟုတ်ကဲ့ ကိုကြီးသောင်းကို၊ ဘာဒုက္ခတွေများ ရောက် နေလို့တုံးဗျ"

"ဒီလို တာတေရဲ့၊ ငါ အိမ်ထောင်ကျတာ ဘယ်လောက် ရှိပြီလို့ မင်းထင်တုံး"

ကိုကြီးသောင်းကိုက ဖြုန်းစားကြီးမေးတော့ ကျုပ်လည်း ဘာပြောရမှန်း မသိဘူးဗျ။ အိမ်ထောင်ပြုတာက ကျုပ်မှ မဟုတ် တာ၊ ကျုပ်က ရက်တွေလတွေကို ဘယ်လိုလုပ်ပြီး မှတ်မိနေမှာ တုံးဗျာ။

"ငါနဲ့ နှောင်းညို အိမ်ထောင်ကျတာ သုံးလပြည့်ပြီကွ"

"ဩော်...ကိုကြီးသောင်းကို အိမ်ထောင်ကျတာ သုံးလ တောင် ရှိပြီပဲ၊ ကျုပ်စိတ်ထဲမှာ သိပ်မကြာသေးဘူးပဲ ထင်နေတာ ဗျ"

"ဟုတ်တယ် တာတေ၊ ငါ အိမ်ထောင်ကျတာတော့ သုံးလရှိပြီ၊ ဒါပေမဲ့ ငါ အခုထက်ထိ အိမ်ထောင်သည် မဖြစ်သေး ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ဘယ်လိုဗျ ကိုကြီးသောင်းကို"

ကျုပ်ဖြင့် သူ ဘာပြောတာမှန်း နားကိုမလည်တာဗျ။

"ငါ အခုထက်ထိ နှောင်းညိုနဲ့ လင်မယားအရာ မမြောက်သေးဘူးကွ တာတေရ"

"ဟာ…ဘယ်လိုကြောင့်တုံးဗျ"

"ငါအမှန်အတိုင်းပြောရရင် လင်ရယ် မယားရယ်ဆိုပြီး ခုထက်ထိ နှောင်းညိုအနားကို ကပ်လို့ကို မရသေးတာကွ"

"ဟင်၊ ဘယ်လိုကြောင့်တုံး၊ မနှောင်းညိုက လက်ထပ်ပြီးမှ စိတ်ပြောင်းသွားလို့လား၊ ကိုကြီးသောင်းကိုနဲ့ မပေါင်းသင်းချင်တော့လို့လား"

"အဲဒီလို မဟုတ်ဘူးကွ၊ နှောင်းညိုနဲ့ ငါနဲ့က တစ်ယောက်နဲ့တစ်ယောက် ကြိုက်ပြီးမှ ယူတာပဲကွာ၊ မပေါင်းသင်းချင်ဘဲ ရှိပါ့မလား တာတေရ"

"နို့ ဘယ်လိုဖြစ်တာတုံး"

"ငါတို့နှစ်ယောက် အတူနေမယ်လို့ ကြံလိုက်တာနဲ့ နှစ်ယောက်စလုံး အိပ်ပျော်သွားကြရောကွ၊ ငါကတော့ တစ်ညလုံး တစ်ရေးမှကို မနိုးတော့ဘဲ မနက်မိုးလင်းမှ နိုးလာတာကွ၊ နှောင်းညိုလည်း ဒီလိုပဲ။ အေး…ပြီးတော့ ပြောရဦးမယ်၊ ငါက နိုးလာရင် အိပ်ရာထဲမှာ ဘယ်တော့မှ ရှိနေတာ မဟုတ်ဘူးကွ အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်က ကြမ်းပြင်ပေါ်ကို ရောက်နေတာချည်းပဲ"

"ဟာ ကိုကြီးသောင်းကိုဟာက အထူးအဆန်းပဲဗျ"

ကျုပ်ရော ကိုသောင်းကိုရော ထန်းရည်တစ်ခွက်စီ ထပ်သောက်လိုက်ကြတယ်ဗျ။

"အေး...အဲဒါနဲ့ ငါ အိပ်ရာခွဲအိပ်ကြည့်တယ်ကွ၊ အဲဒီလို ခွဲအိပ်တော့ ဘာမှမဖြစ်ဘူး၊ အတူနေမယ်လို့ ကြံလိုက်တိုင်း ငါ့မှာ ကြမ်းပြင်ပေါ်မှာ မိုးလင်းသွားတာချည်းပဲကွ"

"ဒီကိစ္စကို မနှောင်းညိုရော သိသလား"

"ဟ...သိတာပေါ့ တာတေရ၊ သူရော ငါရော အတူတူဖြစ်နေတာပဲလေ၊ သူကတော့ ငါ့လို ကြမ်းပြင်ပေါ် မရောက်ဘူးကွ၊ ဒါပေမဲ့ သူလည်း အိပ်ပျော်သွားတာချည်းပဲ၊ ငါဆိုတာ စိတ်ကို ဘယ်လိုပဲ တောင့်ထား တောင့်ထား မရဘူးဟေ့၊ အိပ်ပျော်သွားတာချည်းပဲ။ အိပ်ပျော်သွားရင်လည်း ထင်းတုံး လက်ပံတုံးလိုပဲ ဘာမှကို မသိတော့တာကွ"

"ငါက ဒီကိစ္စကို လူကြီးတွေကို ဖွင့်ပြောမယ်လို့ နှောင်းညိုကို တိုင်ပင်တော့ နှောင်းညိုက မပြောဖို့ တားထားတယ်"

"ဟင် ဘာဖြစ်လို့တုံးဗျ"

"လူကြီးတွေကို ပြောရမှာ ရှက်လို့ပေါ့ကွာ၊ ဒါပေမဲ့ တာတေရေ မနေ့ကတော့ နှောင်းညိုက ပြောတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဘာပြောလို့တုံး"

"ကိုသောင်းကိုမှာ ရင်းနှီးတဲ့ ဆရာသမားတွေ ဘာတွေ မရှိဘူးလားတဲ့၊ ရှိရင် တိုးတိုးတိတ်တိတ် တိုင်ပင်ကြည့်ပါလား၊ ဒီကိစ္စ သိပ်မရိုးဘူးထင်တယ်လို့ ပြောတယ်ကွ"

"ဩော်…ဒါကြောင့် ကိုကြီးသောင်းကိုက ကျုပ်နဲ့ လာပြီးတိုင်ပင်တာပေါ့ ဟုတ်လား ဗျ"

"အေးလေကွာ၊ ဒီကိစ္စတွေ အတွေ့အကြုံရှိတာ မင်းပဲ ရှိတာ တာတေရာ၊ တခြားသူကိုလည်း ငါမပြောရဲဘူးကွ၊ မင်း သိတဲ့အတိုင်းပဲ လူ့ပါးစပ်ဆိုတာ ပိတ်လို့ရတာ မဟုတ်ဘူး။ တစ်ယောက်သိရင် တစ်ရွာလုံး သိမှာလေကွာ၊ တို့ရွာအကြောင်း လည်း မင်းသိသားပဲကွာ"

ဟုတ်တော့လည်း ဟုတ်သားဗျ၊ ဒီလိုထူးဆန်းတဲ့ကိစ္စမျိုး ဆိုရင် ကျုပ်တို့ရွာသားတွေက နေပူမရှောင် မိုးရွာမရှောင်ကို လိုက်ပြီးသတင်းဖြန့်ကြတာဗျ။ စေတနာ့ဝန်ထမ်းတွေပေါ့ဗျာ။

"ဟုတ်တယ် ကိုကြီးသောင်းကို၊ ဒီကိစ္စကို ဘယ်သူမှ မသိစေနဲ့ဗျ"

"အေးပါ တာတေ၊ အခုထိ ဒီကိစ္စကိုသိတာ ငါနဲ့ နှောင်းညို ပြီးရင် မင်းပဲ ရှိတာပါ"

"စိတ်ချ ကိုကြီးသောင်းကို၊ ကျုပ်ဆီကတော့ မပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကြားစေရဘူး”

“ဟာ ငါ မင်းကို ယုံပါတယ် တာတေရာ၊ ယုံလို့လည်း အခုလို မင်းကို ဖွင့်ပြောပြီး တိုင်ပင်တာပေါ့ကွ”

ကျုပ်လည်း နဂါးဆေးပေါ့လိပ်ကလေး မီးညှိပြီး ဖွာလိုက်တယ်။ ပြီးတော့ ဒါ ဘာဖြစ်တာတုံးဆိုတာ တွေးတာပေါ့ဗျာ။ ကိုသောင်းကိုကတော့ စိတ်တော်တော်ကို ညစ်နေပုံပဲဗျ။ လူမသိအောင် ဟန်ဆောင်နေရပေမယ့် အတွင်းမှာတော့ တော်တော်ကို ကျိတ်ခံနေရပုံပေါ့ဗျာ။ ထန်းရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်တော့တာဗျို့။

ကိုသောင်းကိုရဲ့ ထန်းတောကို ခွဲထားတဲ့ ကိုထွန်းကျော်ကလည်း ထန်းရည် တစ်မြူပြီးတစ်မြူ၊ အမြည်း တစ်ပန်းကန်ပြီး တစ်ပန်းကန် ချပေးရောဗျာ။

“ငါ ကြားဖူးတာတွေတော့ ရှိတာပေါ့ကွာ၊ နှောင်းညိုက သိုက်ကလာလို့များ သူလာခဲ့တဲ့သိုက်က အိမ်ထောင်မြုတာကို လိုက်နှောင့်ယှက်နေတာလားလို့ တာတေရ”

“အင်း..ဒါမျိုးလည်း ဖြစ်နိုင်တာပဲဗျ၊ ဒါပေမဲ့ ဘာဖြစ်တာဆိုတာကတော့ ရမ်းပြောလို့ မဖြစ်သေးဘူး ကိုကြီးသောင်းကိုရဲ့”

“ဟုတ်တာပေါ့ တာတေရာ၊ ငါ့ညီကိုပဲ အားကိုးပါတယ်ကွာ”



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ထန်းရည်တစ်ခွက် ထပ်သောက်ပြီး အမဲခြောက် ဝါးတယ်။ ပြီးတော့ နဂါးဆေးပေါ့လိပ်ကလေး ဖွာလိုက်တယ်။

ကိုကြီးသောင်းကို ရင်ဆိုင်နေရတဲ့ကိစ္စက သိပ်လွယ်မယ်လို့ ကျုပ် မထင်ဘူးဗျ။ ဘာဆိုတာတော့ ကျုပ် မသိသေးပါဘူး။ ဒါပေမဲ့ ခုအချိန်အထိ မနှောင်းဆိုနဲ့ ပေါင်းသင်းမှာကို အနှောင့်အယှက် ပေးနေတယ်ဆိုတော့ ဒီကိစ္စဟာ ပေါ့သေးသေးကိစ္စ ဘယ်ဟုတ်မှာတုံးဗျာ။

အဲညီညနေက ကိုသောင်းကိုရော ကျုပ်ရော ထန်းရည် တော်တော်လေးထွေသွားတယ်ဗျ။

"ကဲ ကိုကြီးသောင်းကို အခုအတိုင်းသာ ဆက်နေလိုက်ဦးဗျာ၊ ကျုပ် ဒီကိစ္စကို ရှင်းရှင်းလင်းလင်းသိအောင် လုပ်လိုက်ပါ့မယ်၊ ဘာဖြစ်တယ်ဆိုတာသိရင် ဘာလုပ်ရမယ် ဆိုတာလည်း သိလာမှာပါဗျာ"

"ငါညီတာတေကို ကိုကြီး အားကိုးပါတယ်ကွာ၊ တခြားလူတော့ တစ်ယောက်မှ မသိပါစေနဲ့ကွာ၊ ကိုကြီး ရှက်လွန်းလို့ပါ"

"ဟာ ဒီအတွက်တော့ စိတ်ချပါ ကိုကြီးသောင်းကိုး ကျုပ် တစ်ယောက်တည်း လုပ်မှာပါဗျာ"

အိမ်ပြန်ရောက်တော့ မိုးတောင်ချုပ်နေပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ တာတေ၊ နင် ထမင်းရော စားနိုင်ပါဦးမလား”

“စားနိုင်ပါတယ် အမေရ”

“သိပါဘူး၊ သောင်းကိုနဲ့ လိုက်သွားပြီး ထန်းရည်တွေ သောက်လာတော့ ဗိုက်ကြီးကယ်နေပြီလားလို့ပါတော်”

“မကယ်ပါဘူး အမေရ၊ ကျုပ်က သိပ်မသောက်ပါ ဘူး”

“လေး၊ ငါးမြူလောက် ရှိမှာပါ၊ ဟား ဟား ဟား ဟား”

အဘက ဝင်ပြောပြီး ရယ်ဘာဗျ။ အမေကလည်း ရောပြီး ရယ်နေတယ်။ တကယ်တော့ ကျုပ်ကလည်း ညာပြောတာဗျ။ ဘယ့်နှယ် ဗိုက်မကယ်ဘဲ နေမလားဗျာ၊ တစ်မြူပြီးတစ်မြူ ထိုင်သောက်နေတာလေ။

“ဟဲ့ တာတေရဲ့၊ အဲဒီထန်းတောက သောင်းကိုကို သူ့ဘိုး က လက်ဖွဲ့တာဆို”

“ဟုတ်တယ် အမေ၊ ကိုကြီးသောင်းကို ပြောတယ်”

“နို့ ထန်းတက်တာတော့ ထွန်းကျော်တို့ပဲမို့လား”

“ကိုထွန်းကျော်ကိုပဲ ဆက်ချထားတာပါ”

“အေး…အေး ကောင်းပါတယ်ဟယ်၊ နို့မို့ဆို ထွန်းကျော် ခမျာ လုပ်ကိုင်စားစရာ ရှိမှာမဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ဗိုက်တော်တော်ချောင်တော့မှ ထမင်း နည်းနည်းစားပြီး ဆေးလွယ်အိတ်ကို ပြင်ဆင်လိုက်တယ်။

"ဟဲ့ နင်က ဒီလွယ်အိတ်နဲ့ ဘယ်သွားဦးမလို့တုံး"

"ကိစ္စလေး နည်းနည်းရှိလို့ အမေရဲ့"

"ညနေက သောင်းကိုလာတာ ထူးတော့ ထူးတယ်လို့ ငါထင်သား"

ကျုပ်က ဘာမှမပြောတော့ အမေရော အဘရောက ဘာမှမမေးတော့ပါဘူး။

အမေရော အဘရော အိပ်သွားမှ ကျုပ် ဝိုင်းထဲက ထွက်ခဲ့တာဗျ။ ဒီကိစ္စကို ကျုပ် အချိန်မဆိုင်းချင်ဘူး။ ကိုကြီးသောင်းကိုအတွက် ကျုပ်စိတ်မကောင်းဘူးဗျ။

ညဆယ့်တစ်နာရီဆိုတော့ ကျုပ်လည်း ထန်းရည်မူး ပြေနေပါပြီဗျာ။ မျက်ကွင်းဆေးလည်း ကွင်းထားပြီးပြီလေ။ ကျောက်ခဲကတော့ ဘယ်ပဲသွားသွား သူ့ကို အဖော်ခေါ်ပါလို့ ပြောထားတာဗျ။

ဒါပေမဲ့ ဒီကိစ္စကို ကျုပ်တစ်ယောက်တည်းပဲ လုပ်ချင်တယ်။ တခြားသူသိလို့လည်း မဖြစ်သေးဘူးလေဗျာ။ ကိုကြီးသောင်းကို ဖြစ်နေတဲ့ကိစ္စက တော်တော်လေးကို ထူးဆန်းနေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ခမျာ အိမ်ထောင်ကျတာမှ သုံးလရှိသေးတယ်။ ဒီလိုကိစ္စမျိုး ဖြစ်တယ်ဆိုတော့ ရွာထဲကလူတွေသာ သိသွားလို့ကတော့ဗျာ ကျော်မကောင်း ကြားမကောင်း ဖြစ်တဲ့အထိ ကို ပြောကြမှာဗျ။ တာတေက ထနောင်းကုန်းသားပဲဗျာ၊ ထနောင်းကုန်းသားတွေအကြောင်း နောကြေပြီးသားပါ။

ဒါကြောင့်လည်း တစ်ယောက်တည်း လာခဲ့ရတာဗျ။ ကိုသောင်းကိုတို့ဝိုင်းက တောင်ပိုင်းမှာဗျ။ တောင်ပိုင်းမှာ အကျယ်ဆုံးဝိုင်း၊ အကြီးဆုံးအိမ်ဟာ ကိုသောင်းကိုတို့ မိဘများ အိမ်ပဲပေါ့ဗျာ။

ကိုသောင်းကိုတို့ဝိုင်းကလည်း ကျုပ်တို့ဝိုင်းလိုပဲဗျ။ ခွေးတွေဘာတွေ မရှိဘူး။ ကျုပ်က ခြံစည်းရိုးနား ကပ်နေတဲ့ မန်ကျည်းပင်ကြီးပေါ်ကို ဖက်တက်လိုက်တယ်။ မန်ကျည်းပင်က အကြီးကြီးဗျာ။ ကျုပ်တို့ဝိုင်းထဲက မန်ကျည်းပင်ကြီးထက်တောင် နည်းနည်းပိုကြီးမယ်ထင်တယ်။

ကျုပ်က အလုံခြုံဆုံးနေရာအထိ တက်ခဲ့တယ်။ ကိုင်းကြီးတွေကလည်း အကြီးကြီးတွေဆိုတော့ သစ်ပင်ပေါ်မှာ ကျုပ်အိပ်နေရင်တောင် ကျုပ်ကို အောက်က မော့ကြည့်ရင် မြင်မှာမဟုတ်ဘူးဗျ။

"အောက် အီး အီး အွတ်"



www.burmeseclassic.com

www.burmeseclassic.com



ဟော သန်းခေါင်ကြက်တောင် တွန်ပြီဗျ။ ကျုပ် သေသေချာချာ သတိထားပြီး လိုက်ကြည့်လိုက်တယ်။ ရွာထဲ ဘက်ကိုလည်း ကျုပ် သတိထားကြည့်တယ်။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ဟော ခွေးဟောင်သံတွေဗျ၊ ရွာအနောက်ဘက်က ကြားတာ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ခွေးဟောင်သံက တောင်ပိုင်းကို ရွေ့လာသလိုပဲဗျ။ ဟော ဟိုမှာ ဖြူဖြူကြီးဗျ။ ဘာကောင်မှန်းတော့ ကျုပ်မသိဘူး။ ရွာလမ်း အတိုင်းလျှောက်လာတာ ကျုပ် သေသေချာချာ ကြည့်လိုက်တယ်။

ဟာ လျှောက်လာတာ မဟုတ်ဘူးဗျ၊ ရွေ့လာတာ၊ ရွေ့ လာတာ။ ဟာ ကိုကြီးသောင်းကိုတို့ ဝိုင်းထဲကို ဝင်လာတာဗျို့။ ပိတ်ထားတဲ့ ဝိုင်းတံခါးကို ဖြတ်ပြီးဝင်သွားတာ။

ဟာ အိမ်တံခါးကိုလည်း ဒီအတိုင်းဖြတ်ပြီး ဝင်သွားတာ ဗျ။ ကျုပ်လည်း အသက်ရှူတောင် ရပ်သွားသလိုပဲဗျို့။ ကျုပ် အိမ်ကြီးကို ကြည့်နေတယ်။ ဘာလုပ်ရမှန်းတော့ မသိသေးဘူးဗျ။ ကိုကြီးသောင်းကိုကို အိပ်မွေ့ချပြီး အိပ်ခန်းအပြင်ဘက်ကို ပို့ထား တာ ဒီဖြူဖြူကောင် ဆိုတာကိုတော့ ကျုပ် တွေးမိတယ်ဗျ။ ဒါပေမဲ့ သူ့ပုံစံက သဲသဲကွဲကွဲပုံစံ မဟုတ်ဘဲ ဖြူဖြူသဏ္ဌာန်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပဲ မြင်ရတာဗျ။

ဟာ ထွက်လာပြီဗျို့၊ ထွက်လာပြီ။ ဟာ ဒီတစ်ခါတော့ ပီပီပြင်ပြင် မြင်ရပြီဗျို့။ ဟင်…နန်းဝတ်နန်းစားနဲ့ဗျ။ ခေါင်းမှာလည်း ပုဝါပေါင်းလို့၊ လရောင် မရှိပေမဲ့ ကြယ်ရောင်နဲ့တော့ ခပ်ဝါးဝါး မြင်ရတာပေါ့ဗျာ။ ဒါ ဘယ်လိုပုဂ္ဂိုလ်တုံးဗျ။ နာနာဘာဝမှ ဟုတ်ရဲ့လား၊ နတ်တွေ ဘာတွေများ ဖြစ်နေမလားပဲ၊ နတ်ဆိုရင်တော့ သူ့ထက်မြင့်တဲ့ မန်ကျည်းပင်ပေါ်မှာ တက်နေတဲ့ ကျုပ်ကို တစ်ခုခု လုပ်သွားရင်တော့ ဒုက္ခပဲဗျာ။

ကျုပ် ကတ္တီပါအိတ်ရှုံ့လေးနဲ့ထည့်ပြီး ကျုပ်ကိုယ်မှာ စလွယ်သိုင်း လွယ်ထားတဲ့ မဖဲဝါကိုယ်ပွားရုပ်ကလေးကို ယောင်ပြီး ဆုပ်ထားလိုက်မိတယ်။ မဖဲဝါကို ပင့်လိုက်ရင် ကောင်းမလားလို့ တွေးလိုက်သေးတယ်ဗျ။

ဒါပေမဲ့ ဘာလဲဆိုတာကို ခုံးအောင်ကြည့်သင့်သေးတယ်လို့ ကျုပ်တွေးမိတာနဲ့ မပင့်သေးဘဲ ထားလိုက်တယ်။ နန်းဝတ်နန်းစားနဲ့လူက နောက်ကို လှည့်ကြည့်ပြီး သူ့လက်နှစ်ဖက်ကို ဆန့်တန်းလိုက်တယ်။

ဟာ နောက်တစ်ယောက် အိမ်ထဲက ထွက်လာပြန်ပြီဗျို့။ ဒါ ဘယ်သူတုံး။ စောစောက ဝင်သွားတာ ဖြူဖြူရုပ်တစ်ခုတည်းပါ။ အခု ပြန်ထွက်လာတော့ နှစ်ယောက်ဖြစ်နေတာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သဘောတုံးဗျ။ ကျုပ် သေသေချာချာကြည့်တယ်။ ကြယ်ရောင် ကလေးနဲ့ပဲ ကြည့်ရတာဗျ။

ဟာ မနှောင်းညိုဗျ၊ ကိုသောင်းကိုရဲ့မိန်းမ မနှောင်းညို။ မနှောင်းညိုကလည်း နန်းတွင်းသူတွေလိုပဲ ဝတ်စားထားတာဗျို့။ သူလည်း တံခါးကို ဖြတ်ထွက်လာတာ။

ကျုပ်ဆိုတာ အံ့သြလွန်းလို့ အော်လိုက်မိတော့မလို့ဗျာ။ မနည်းကို သတိထားလိုက်ရတယ်။

ဟော…ဟိုလူက မနှောင်းညိုရဲ့လက်ကို လှမ်းဆွဲလိုက်တယ်ဗျ။ ဟာ နှစ်ယောက်စလုံး လေထဲမှာ ရွေ့သွားတာဗျ။ လမ်းလျှောက်သွားတာ မဟုတ်ဘူး။

ကျုပ် တွေးမိပြီဗျို့။ မနှောင်းညိုရဲ့ကိုယ်ပွား ထွက်သွားတာဗျ။ ကျုပ် အတတ်ပြောနိုင်တယ်။ အိပ်ရာထဲမှာ မနှောင်းညိုရဲ့ ခန္ဓာကိုယ်က အိပ်နေမှာ သေချာတယ်။ ပြီးတော့ မနှောင်းညိုရဲ့ ကိုယ်ပွားကို လာခေါ်တဲ့သူက ကိုသောင်းကိုတို့ တစ်အိမ်လုံးကို အိပ်မွေ့ချထားပုံရတယ်ဗျ။ ဒါကြောင့် တစ်အိမ်လုံး မှိုးလင်းမှ နိုးကြတာ ဖြစ်မယ်။

ဟော သွားကြပြီဗျို့။ ဘယ်ကိုသွားတယ်တော့ မသိဘူးဗျ။ ရွာအရှေ့ဘက်က ရွှေတောင်ဦးစေတီဘက်ကို သွားကြတာပဲဗျ။ လေထဲမှာ ရွေ့ပြီးတော့ သွားကြတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားတယ်။ အခုနေ အိမ်ပြန်သွားလို့လည်း ဘာမှသိသွားတာမှ မဟုတ်တာ။ ထူးခြားလို ထူးခြားငြား သေသေချာချာတော့ စောင့်ကြည့်မယ်လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်။ လာမိမှတော့ မထူးပါဘူးဗျာ။

လင်းကြက်တောင် ဆော်နေပြီဗျ။

“ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်”

အရှေ့ပိုင်းက ခွေးဟောင်သံတွေ ကြားတာနဲ့ ကျုပ် စောင့်ကြည့်နေတယ်။ ကျုပ်က အရှေ့ဘက်ကို မျှော်ကြည့်နေတာဗျ။ ဟင် ကျုပ်အိမ်ကြီးဘက်ကို လှည့်ကြည့်လိုက်တော့ ဟာ ဘယ်တုံးက ဝိုင်းထဲရောက်နေမှန်း ကျုပ် မသိလိုက်ဘူးဗျ။

ဟိုလူရော မနှောင်းညိုရော နှန်းတွင်းအဝတ်အစားတွေနဲ့ ပြန်ရောက်နေတယ်။ မနှောင်းညိုက အိမ်တံခါးကိုဖြတ်ပြီး အိမ်ထဲကို ဝင်သွားတယ်။ ဟိုလူက ဝင်မလိုက်ဘူးဗျ။ အိမ်ဝကပဲ လှည့်ပြန်သွားတယ်။

ဟာ ပျောက်သွားပြီဗျို့။ နည်းနည်းလေး ရွေ့သွားပြီး ဖြတ်ကနဲ ပျောက်သွားတာဗျ။ ကျုပ်လည်း အာရုံမလာခင် ကပျာကယာ မန်ကျည်းပင်ပေါ်က ဆင်းလာခဲ့တယ်။

ကျုပ်ဝိုင်းထဲ ပြန်ရောက်တော့ လင်းကြက်တွေဆော်လို့ ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"အောက် အီး အီး အွတ်"

"အောက် အီး အီး အွတ်"

ကျုပ်လည်း စေ့ထားတဲ့ တံခါးကို အသာလေးဖွင့်ပြီး အိမ်ထဲကို ခြေဖွပြီး ဝင်ခဲ့တယ်။ ပြီးတော့မှ အိပ်ရာထဲ ဝင်အိပ်လိုက်တယ်။

ဒီအကြောင်းကို ကျုပ်ဘယ်သူ့ကိုမှ မပြောရဲဘူးဗျ။ ကိုကြီးသောင်းကို တွေးသလို မနှောင်းညိုဟာ သိုက်ကလာတာများလားလို့ ကျုပ်တွေးကြည့်တယ်။ ကျုပ်မြင်ခဲ့တဲ့ အနေအထားနဲ့ဆိုရင် ဖြစ်နိုင်စရာတော့ ရှိတာပေါ့ဗျာ။ မနှောင်းညိုရော လာခဲ့တဲ့လူရော နန်းဝတ်နန်းစားတွေ ဝတ်ထားကြတာလေဗျာ။ မနှောင်းညိုက ကိုယ်ပွားထွက်ပြီး လိုက်သွားတာဗျ။ ဘယ်တွေကို သွားကြတာလဲဆိုတာတော့ ကျုပ်လည်း မသိဘူးဗျ။

ဒီအကြောင်းတွေကို တွေးရင်းနဲ့ ကျုပ် မှေးကနဲ အိပ်ပျော်သွားတယ်။ ကျုပ် နိုးလာတော့ မနက်ဆယ်နာရီတောင် ထိုးနေပြီဗျို့။ ကျုပ် ညက မိုးလင်းကာနီးမှ ပြန်လာတယ်ဆိုတာ သိနေလို့ ထင်တယ်။ ကျုပ်ကို မနှိုးဘဲ ထားလိုက်တာဗျ။

ကျုပ် နိုးလာတော့လည်း ဒီအကြောင်းကိုပဲ ဆက်ပြီး တွေးမိတော့တာပေါ့ဗျာ။ ဒီကိစ္စကြီးကို ကျုပ်တော့ ဘယ်လိုကို မတွေးတတ်တော့ဘူးဗျို့။ ဒါပေမဲ့ လွယ်လွယ်ကူကူ ကိစ္စတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတာတော့ ကျုပ် နားလည်သွားတယ်။

ဒီကိစ္စကို ကျုပ် မဖဲဝါကို မေးရတော့မှာပေါ့ဗျာ။ ဒါပေမဲ့ နတ်ကတော်ပင့်ပြီး စားပွဲသောက်ပွဲနဲ့ မေးရင်လည်း ပေါက်ကြား သွားမှာ စိုးရတယ်ဗျ။ ပေါက်ကြားလို့တော့ မဖြစ်ဘူး။ ဒီကိစ္စက ကာယကံရှင် နှစ်ယောက်အတွက် တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စဗျ။ ဒါကို ကျုပ် နားလည်တယ်။ နောက်ဆုံးတော့ ကျုပ်တွေးလိုက် တယ်။ မဖဲဝါ ကျုပ်ကို အပ်နှင်းထားတဲ့ သူ့ရဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကပဲ မေးမှဖြစ်မယ်လို့ပေါ့ဗျာ။

တစ်နေ့လုံး အဘနဲ့ကူပြီး နှမ်းတွေလှမ်း၊ ဖုန်တွေသဲတွေ မပါအောင် ပြာတီးပြီး အိတ်သွပ်ရတယ်။ နှမ်းအိတ်တွေကို သေသေချာချာထည့်ပြီး အိမ်အောက်ထပ်မှာစီပြီး ထပ်ထားရတယ်။ လုပ်ရင်းကိုင်ရင်းနဲ့ တစ်နေကုန်တာပါပဲဗျာ။

ညရောက်တော့ အမေချက်ထားတဲ့ 'ဝက်သချိုး' ဟင်း လေးကလည်း ကောင်းလိုက်တာမှ မပြောပါနဲ့တော့ဗျာ။ အောက် ပြည်က ပြန်လာတဲ့ အရီးအုန်းစိန်တို့ ပါလာတာတဲ့ဗျ။ ဝက်သား အချဉ် ထည့်ထားတာလေဗျာ။

တာတေဆိုတဲ့ ကျုပ်ကလည်း ဝက်သားများဆိုရင် ဝက် သချဉ်ဖြစ်ဖြစ်၊ ဝက်သချိုဖြစ်ဖြစ် အားလုံးကြိုက်ပြီးသားပဲဗျ။

ညကိုးနာရီထိုးလောက်ရောက်တော့ ကျုပ်လည်း မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွင့်မရတော့ဘူးဗျို့။ အိပ်ရာထဲ ဝင်ခဲ့ရတော့တာပဲဗျာ။ မအိပ်ခင်တော့ ကျုပ် သေသေချာချာ ပြောခဲ့ပါတယ်။

မဖဲဝါရဲ့ ကိုယ်ခွဲရုပ်ကလေးကိုကိုင်ပြီး မဖဲဝါကို ကျုပ်ပင့်ရတာပေါ့ဗျာ။

"သချိုင်းရှင်မ မဖဲဝါ၊ ကျုပ်တို့ထနောင်းကုန်းမှာတော့ ထူးထူးဆန်းဆန်းတွေ ဖြစ်နေပြီကောဗျာ၊ ကိုသောင်းကိုရဲ့မိန်းမ မနှောင်းညိုကို နန်းဝတ်နန်းစား ဝတ်ထားတဲ့ လူတစ်ယောက်က ညတိုင်းလာပြီး ခေါ်သွားလို့ဗျ မဖဲဝါရဲ့။

ဒီလူက မနှောင်းညိုရဲ့ ကိုယ်ပွားကိုထုတ်ပြီး ခေါ်သွားတာ။ မခေါ်ခင် တစ်အိမ်လုံးကိုလည်း အိပ်မွေ့ချထားပုံရတယ်ဗျ၊ ကိုသောင်းကိုကိုလည်း အိပ်ခန်းအပြင်ကို အမြဲပို့ထားခဲ့တာဗျာ။ ကိုသောင်းကိုလည်း တော်တော်ကို စိတ်ညစ်နေရှာပြီ မဖဲဝါ။

ဘာဖြစ်တာတုံးဆိုတာ ကျုပ်သိချင်တယ်။ ပြီးတော့ မဖဲဝါ ကူညီပါလို့ ကျုပ်က တောင်းဆိုပါတယ်ဗျာ"

မဖဲဝါရဲ့ ကိုယ်ခွဲအရုပ်ကလေးကို ကျုပ် ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

ခါတိုင်းလိုပဲဗျ။

လေတွေ တဝေါဝေါ တိုက်နေတဲ့နေရာတစ်ခုကို ကျုပ်ရောက်နေတယ်။ အိပ်မက်ထဲမှာ ကျုပ်မြင်နေကျ ဆယ့်နေရာသီ



www.burmeseclassic.com

www.burmeseclassic.com



အဝါပင်ကြီးကိုလည်း တွေ့နေရတယ်။ ဆယ့်နှစ်ရာသီပွင့်အဝါတွေက တစ်ပင်လုံး ထိန်နေအောင်ကို ပွင့်တော့တာဗျ။

ဆယ့်နှစ်ရာသီပင်အောက်မှာ ရပ်နေတာက မဖဲဝါဗျ။ ကျုပ်နဲ့ရွယ်တူပုံစံ ဖန်ဆင်းထားတာပေါ့ဗျာ။ အိပ်မက်ထဲမှာ ကျုပ်တွေ့နေကျ ကောင်မလေးပါပဲ။

"တာတေ နင့်ကို ငါပြောပြမယ်၊ သောင်းကိုနဲ့ယူတဲ့ ကပွလီစုက နှောင်းညို ဆိုတဲ့ကောင်မက သောင်းကိုနဲ့ မယူခင်ကတည်းက မင်းလေးနဲ့ လက်ထပ်ထားတာဟဲ့"

"ဗျာ…ဟုတ်လား မဖဲဝါ"

"အေး‥ဟုတ်တယ်၊ သူ့ရည်ရွယ်ချက်ကတော့ မင်းလေးနဲ့ လက်ထပ်ရင် မင်းလေး မ,လို့ ချမ်းသာတယ်လို့ ယုံပြီး သူ့မိဘတွေကို ချမ်းသာစေချင်လို့ပေါ့ဟာ။

မိဘအပေါ်မှာထားတဲ့ စေတနာကောင်းလေးက အကျိုးပေးမှာပါ။ ဒါပေမဲ့ ဘယ်မင်းလေးကမှ သူ့ကိုလာပြီး လက်မထပ်ဘူးဟေ့၊ နင်တို့ရွာက ရွှေတောင်ဦးဘုရားတောင်ဘက်မှာရှိတဲ့ ညောင်ပင်က တစ္ဆေက သွားပြီးလက်ထပ်တာ"

"ဗျာ…ဒါဆို မင်းလေး မဟုတ်ဘူးပေါ့"

"အေး…မင်းလေး မဟုတ်ဘူး၊ တစ္ဆေဟေ့၊ ဟာစ္ဆေ"

"ဟာ…ဒုက္ခပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ္ဆေဆိုပေမယ့် ခပ်ညံ့ညံ့၊ စုတ်စုတ်ပြတ်ပြတ်၊ ဆင်းဆင်းရဲရဲ တစ္ဆေမဟုတ်ဘူး တာတေရဲ့။ တစ္ဆေတွေမှာလည်း အမျိုးစုံရှိတယ်၊ အကုသိုလ်တစ်ခုကြောင့် တစ္ဆေဖြစ်ခဲ့ပေမယ့် လူ့ဘဝတုန်းက သူများလှူတာတန်းတာကို စေတနာသန့်သန့်နဲ့ ဝင်ပြီးကူညီခဲ့တာမျိုးရှိတဲ့လူတွေဟာ တစ္ဆေဖြစ်ရင်တောင် ဗိမာန်တွေဘာတွေ ရတယ် တာတေရဲ့။ တန်ခိုးကြွဒ္ဓိပါတ်တွေလည်း ရှိကြတယ်။ မသိရင် နတ်နဲ့တောင် မှားနိုင်တယ်။ ဒါပေမဲ့ နတ်မဟုတ်ဘူး တစ္ဆေ။

နှောင်းညိုက သူ့မိဘတွေကို ချမ်းသာစေချင်လို့ မင်းလေးနဲ့ လက်ထပ်တော့ ညောင်ပင်က တစ္ဆေက မင်းလေးနေရာမှာ ဝင်ပြီး လက်ထပ်လိုက်တယ်။ ပြီးတော့ သူ့မှာလည်း တန်ခိုးကြွဒ္ဓိပါတ်က ရှိနေတော့ နှောင်းညို ဖြစ်စေချင်တဲ့အတိုင်း သူ့မိဘတွေကို ချမ်းသာအောင် နည်းအမျိုးမျိုးနဲ့ လုပ်ပေးတယ်။

အခုဆိုရင် နှောင်းညိုမိဘတွေက ကပ္ပလီစုမှာ လူချမ်းသာစာရင်း ဝင်နေပြီလေ။ ပဲကုန်သည်၊ နှမ်းကုန်သည်ကြီးတွေ ဖြစ်နေပြီမို့လား။

ဒီတစ္ဆေကလည်း တစ္ဆေသာဆိုတာ သူလည်း မင်းညီမင်းသားကနေ ဖြစ်လာခဲ့တဲ့သူဆိုတော့ မင်းလေးတို့လိုပေါ့။ ဒါပေမဲ့ သူက နတ်တော့ မဟုတ်ဘူး၊ တစ္ဆေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါဆိုရင် ဒီကိစ္စကို ဘယ်လိုလုပ်ရမှာတုံးဗျာ"

"ဒီလိုပဲ့ တာတေရဲ့။ နှောင်းညိုက သူကတဲ့ဇာတ်ကို သူမနိုင်တော့တာ။ ဒါပေမဲ့ တစ္ဆေတစ်ယောက်က လူကို နှောင့်ယှက်ခွင့် မရှိဘူး။ အခုလို တိုင်တန်းတဲ့သူရှိရင် ဆိုင်ရာက ဆုံးမရတယ်။ အခုလာမယ့် သောကြာနေ့ညမှာ ဒီအကောင်ကို စီရင်ဖို့ ငါအထက်ကို တိုင်လိုက်မယ်။ နင် ဘာမှမပူနဲ့၊ အားလုံး ပြီးသွားလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မဖဲဝါ"

"အေး…နင် အခုလိုပြောတာ မြန်လို့၊ နောက်ကျသွားရင် သောင်းကို သေသွားလိမ့်မယ်။ နှောင်းညိုနဲ့ လက်ထပ်တဲ့ ယောကျ်ားမှန်သမျှကို ဒီတစ္ဆေက သတ်မှာ၊ အခုလည်း အခါအခွင့် မသင့်သေးလို့ မသတ်နိုင်သေးတာဖြစ်မယ်"

"ဟာ ကြောက်စရာပါလားဗျာ"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ အခုတော့ မပူနဲ့"

"ဟုတ်ကဲ့ပါဗျာ၊ ဟုတ်ကဲ့ပါ"

"ဟဲ့ တာတေ၊ နင့်ကို ငါက ဘာပြောလို့ ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ လုပ်နေတာတုံး"

ကျူပ်အိပ်ရာဘေးမှာ အမေက ငုတ်တုတ်ကလေးထိုင်ပြီး ကျူပ်ကို လှုပ်နိုးနေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ…အမေ"

"ဘုန်းကြီးကျောင်းက တုံးခေါက်ရုံရှိသေးတာ၊ နင် ယောင်နေသံကြားလို့ ငါလာနှိုးတာဟဲ့"

ဒီတော့မှ ကျုပ်လည်း အိပ်မက်ထဲကို မဖဲဝါ ရောက်လာတာကို သတိရသွားတော့တာပေါ့ဗျာ။

ကျုပ်က တာတေပဲဗျာ၊ ကြောက်တယ်နေလိမ့်မတုံး။

သောကြာနေ့ည ဆယ့်တစ်နာရီလောက်မှာ ကိုသောင်းကို တို့ဝိုင်းထဲက မန်ကျည်းပင်ကြီးပေါ်ကို ကျုပ် ရောက်နေပြီဗျ။

ဒီညတော့ ကြယ်ရောင်တင် မကဘူးဗျ၊ လရောင်ဖျော့ ဖျော့ကလေးပါ ရှိတယ်။ ဟိုညကထက်ပိုပြီး လင်းတာပေါ့ဗျာ။ ကျုပ် မန်ကျည်းပင်ပေါ်မှာ ငြိမ်ပြီး စောင့်နေတယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ဟော သန်းခေါင်လည်းရောက်ရော အနောက်ပိုင်းက ခွေးအူသံတွေရော ခွေးဟောင်သံတွေရော ကြားနေရပြီဗျ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

ခွေးသံတွေက တဖြည်းဖြည်း ဒီဘက်ကို ရွေ့လာနေပြီ ဗျို့။ ဟော လာပြီဗျို့။ လာပြီ။ ဟိုညက မြင်ခဲ့တဲ့ ဖြူဖြူအရိပ် ကြီး လေထဲကနေ ရွေ့လာပြီဗျို့။ ဝင်လာပြီ၊ ဝင်လာပြီ။ ဝိုင်းထဲကို ရိပ်ကနဲ ဝင်လာပြီ။ ဟော အိမ်တံခါးကိုဖြတ်ပြီး အိမ်ထဲဝင်သွားပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ကြာတယ်ဗျ။ ဒီတစ်ခါ ဟိုညကထက် နည်းနည်းပိုကြာနေတယ်။ ဟော ထွက်လာပြီဗျို့၊ နန်းဝတ်နန်းစားနဲ့ဗျ။ လူပုံစံအတိုင်းပဲဗျ။ လရောင်ဖျော့ဖျော့လေးအောက်မှာ ကျုပ် ညောင်ပင်တစ္ဆေရဲ့ မျက်နှာကို မြင်နေရတယ်။

လူက လူချော လူဖြောင့်ဗျ။ နှုတ်ခမ်းမွေးသဲ့သဲ့နဲ့ ခေါင်းမှာလည်း ပုဝါပေါင်းလို့ဗျ။ ဒီလူက နောက်ဘက်ကို လှည့်ကြည့်ပြီး အိမ်ကြီးထဲက မနှောင်းညို ထွက်အလာကို စောင့်နေတယ်။

ဟော ရောက်လာပြီဗျို့။ ဒါပေမဲ့ မနှောင်းညိုတော့မဟုတ်ဘူးဗျ။ မည်းမည်းအကောင်ကြီး နှစ်ကောင်ဗျ။ နန်းဝတ်နန်းစားတွေ ဝတ်ထားတဲ့ ကိုလူချောရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ဘွားကနဲ ပေါ်လာတာဗျ။ နည်းတဲ့အကောင်ကြီးတွေ မဟုတ်ပါဘူးဗျာ။ အရပ်ကြီးတွေက ဆယ်ပေ၊ ဆယ့်ငါးပေလောက်ရှိမယ်။ မျက်လုံးနီနီကြီးတွေနဲ့ဗျ။ တစ်ကိုယ်လုံးမှာလည်း အမွေးအမျှင်တွေ အပြည့် ဖုံးနေတာဗျို့။

အိမ်ထဲက မနှောင်းညို ထွက်အလာကို စောင့်နေတဲ့ တစ္ဆေ လန့်ပြီး ထခုန်လိုက်တယ်။

"ဘုန်း၊ ဘုန်း"

နောက်ကျသွားပြီဗျို့။ တစ္ဆေ နောက်ကျသွားပြီး၊ သူက အခုန် မည်းမည်းအကောင်ကြီး နှစ်ကောင်ရဲ့ တင်းပုတ်ကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ပေါ်ကို ဘုန်းကနဲ ဘုန်းကနဲ ကျသွားတာဗျ။

ဒူးထောက်လျက်ကျသွားတဲ့ နန်းဝတ်နန်းစားနဲ့ တစ္ဆေကို မည်းမည်းအကောင်ကြီး နှစ်ကောင်က တစ်ဖက်စီကိုင်ပြီး ထခုန်လိုက်တာဗျ။

ဟော ပျောက်သွားပြီဗျို့။ ဖြုန်းကနဲ ပျောက်သွားတာဗျ။ တစ္ဆေရော၊ သူ့ကိုလာဖမ်းတဲ့ အကောင်ကြီးတွေရော ပျောက်သွားတာဗျာ။ ကျုပ် အိမ်ကြီးရဲ့ တံခါးပေါက်ကို ဆက်ကြည့်နေတယ်။ မနှောင်းညိုရဲ့ ကိုယ်ပွား ထွက်လာရင် ဘာဖြစ်ဦးမလဲဆိုတာ သိချင်လို့ဗျ။

ဒါပေမဲ့ လင်းကြက်သာတွန်ရော၊ မနှောင်းညိုရဲ့ကိုယ်ပွားလုံးဝကို ထွက်မလာတော့ဘူးဗျို့။ ကိစ္စကတော့ ပြီးသွားပြီပေါ့ဗျာ။ ကျုပ်လည်း အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ကျုပ် ချက်ချင်းအိပ်လို့မပျော်ပါဘူးဗျာ။

မနှောင်းညိုအကြောင်းကို တွေးနေမိတယ်။ သူ့မိဘတွေကို ချမ်းသာစေချင်လို့ မင်းလေးနဲ့ လက်ထပ်ခဲ့တဲ့ မိန်းမတစ်ယောက်လေဗျာ။ နောက်ဆုံးတော့ သူ့ဇာတ်ကို သူမနိုင်တော့ဘဲ ယောကျ်ားယူလိုက်ရင် ဒီကိစ္စတွေ ပြတ်သွားမယ်လို့ ထင်ပုံရတယ်ဗျ။

တကယ်တမ်းကျတော့ သူထင်သလို မဟုတ်ဘဲ ကိစ္စက မပြတ်တဲ့အပြင် ပိုဆိုးလာတော့မှ ဘာလုပ်ရမှန်းကို မသိအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့တာဗျို့။ မဖဲဝါရဲ့ ကျေးဇူးကြောင့်သာ ကိစ္စပြီးသွားတာ။

ဒါပေမဲ့ ဒီအကြောင်းတွေကို ကျုပ်ကလွဲပြီး ဘယ်သူမှ မသိစေရဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ ကိုသောင်းကိုကိုတောင် ကျုပ် ဒီအကြောင်း မပြောဘူးဗျာ။ ဒါတွေသိသွားရင် သူ့ခမျာ စိတ်ကောင်းမှာ မဟုတ်ဘူးလေဗျာ။

ဟိုတွေး ဒီတွေးနဲ့ နောက်တော့လည်း ကျုပ် အိပ်ပျော်သွားတယ်။ ဘယ်အချိန်ရောက်နေမှန်းတောင် ကျုပ် မသိဘူးဗျ။ အမေ လာနှိုးတော့မှ ကျုပ် နိုးသွားတာ။

"တာတေ အိပ်ရေးမဝသေးဘူးလား၊ ဒီမှာ သောင်းကိုတောင် ရောက်လို့ဟဲ့"

ကျုပ် အိပ်ရာက ချက်ချင်းထလိုက်တယ်။ ပြီးတော့ ကိုသောင်းကို လက်ကုတ်ပြီး ဝိုင်းထဲက မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်ကို ခေါ်လာခဲ့ရတယ်။ အဘတို့၊ အမေတို့ရှေ့မှာ ဒါတွေပြောလို့ မကောင်းဘူးလေဗျာ။

"ကိုသောင်းကို ကိစ္စအားလုံး ပြီးသွားပြီဗျ၊ အားလုံး ရှင်းသွားပါပြီ"

"ငါထင်တယ် တာတေ၊ ညက ငါရော၊ နှောင်းညိုရော သန်းခေါင်ကျော်လောက်မှာ လန့်နိုးသွားကြတယ်။ ပြီးတော့ ငါတို့မှာ အနှောင့်အယှက် မရှိတော့သလိုပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကြီးသောင်းကို၊ ခင်ဗျားတို့လင်မယားမှာ ဘာအနှောင့်အယှက်မှ မရှိတော့ဘူးဗျ"

"ဝမ်းသာလိုက်တာ တာတေရာ၊ မင်းကျေးဇူးကို ငါ မမေ့ပါဘူးကွာ၊ မင်းကို ငါ အိမ်မှာ ထမင်းဖိတ်ကျွေးမယ်ကွာ၊ မင်းလာတော့စားမှ ဖြစ်မှာနော်"

"ဟာ ကိုကြီးသောင်းကိုလည်း ခင်ဗျား ကျွေးရမှာ ကျုပ် မဟုတ်ဘူးဗျ၊ မဖဲဝါကို ကျွေးရမှာ၊ ခင်ဗျားကိစ္စကို မဖဲဝါ ရှင်းပေးတာ"

"ဟော…မဖဲဝါ ဟုတ်လား တာတေ"

"ဟုတ်တယ် ကိုကြီးသောင်းကို၊ ဒီညပဲ မဖဲဝါကို စားပွဲ ပေးလိုက်ပေါ့ဗျာ"

"ဟာ ကျွေးရမှာပေါ့ တာတေရ၊ မင်းစီစဉ်လိုက်လေ၊ လိုတာတွေအားလုံး ငါလုပ်ပေးမယ်"

အဲဒီညမှာပဲ မဖဲဝါကို ကျကျနန ကျွေးမွေးခဲ့တယ်။ ပြီးတော့ ကိုသောင်းကိုအစား ကျုပ်ကပဲ မဖဲဝါကို ကျေးဇူးတင်စကား ပြောလိုက်တယ်။ မဖဲဝါကတော့ စားရင်းသောက်ရင်း ခေါင်းညိတ်ပြတယ်ဗျ။

မဖဲဝါကို ကျွေးမွေးပြီး ရွာထဲပြန်ရောက်တော့ ကိုသောင်းကိုက ကျုပ်ကို မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ ငါတို့က ဘာဖြစ်တာတုံးကွာ"

"ကိုကြီးသောင်းကို ကိစ္စအားလုံး ပြီးသွားပြီ၊ ဘာဖြစ်တယ် ဆိုတာတော့ ကျုပ်လည်း တိတိပပ မသိဘူးဗျ၊ တိတိပပ သိတာတော့ မဖဲဝါပဲ ရှိမှာ"

"အေး…ဒါလည်း ဟုတ်တာပဲကွ၊ လောကမှာ ကိုယ့်ကို မလိုတဲ့လူဆိုတာလည်း ရှိချင်ရှိမှာပေါ့ကွာ၊ တိုက်ထား ခိုက်ထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ကျုပ်က ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်တယ်။ နောက်တော့လည်း စကားလမ်းကြောင်း ပြောင်းသွားတော့တာပေါ့ဗျာ။

ကျုပ်ကတော့ ရွှေတောင်ဦးဘုရားတောင်ဘက်က ညောင်ပင်ကြီးအောက်ကိုရောက်တိုင်း နန်းဝတ်နန်းစားနဲ့ တစ္ဆေကို အမြဲသတိရနေတော့တာပေါ့ဗျာ။

အခုတော့ ကိုသောင်းကိုနဲ့ မနှောင်းညိုတို့မှာ ကလေး နှစ်ယောက် ရနေကြပြီဗျ။ နှစ်ယောက်စလုံး ယောကျာ်းလေးတွေချည်းပဲဗျ။ အကြီးကောင်နာမည်က သောင်းညိုတဲ့၊ အငယ်ကောင်ရဲ့ နာမည်က နှောင်းကိုတဲ့ဗျာ။

တာတေ

□□□



www.burmeseclassic.com

www.burmeseclassic.com



# တစ်ပွဲစား သရဲ

**အောက်**ပြည်အောက်ရွာမှာတော့ ဝါဆိုဝါခေါင် ရေ ဖောင်ဖောင်ပေါ့ဗျာ။ ကျုပ်တို့အညာမှာတော့ နှမ်းနှုတ်ကောင်းတဲ့

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဗျ။ တန်ခူး ကဆုန်မှာ ထွန်ယက်ပြီး ကျဲထားတဲ့ နှမ်းတွေကို ဒီအချိန် နှုတ်တာပေါ့ဗျာ။

နှမ်းနှုတ်၊ နှမ်းထောင်း၊ နှမ်းပုတ်၊ နှမ်းထောင်စောင့်နဲ့ တာတေလည်း နေ့ရော ညရော မအားရတဲ့အချိန်ပေါ့ဗျာ။ ဝါခေါင်လပြည့်လောက်ကျမှ အလုပ်တွေအားလုံးပြီးလို့ တာတေတို့ နားကြရတော့တာပေါ့ဗျာ။

ကျုပ်အမေအကြောင်းလည်း ခင်ဗျား သိပါတယ်လေ။ ကျုပ်နဲ့အဘ အလုပ်တွေ တအားပင်ပန်းပြီးလို့ နားတဲ့အချိန် ရောက်ပြီဆိုရင် ထမင်းကောင်း ဟင်းကောင်း ချက်ကျွေးတတ်တာလေဗျာ။

ဒီအချိန်မျိုးမှာ ဝက်ဆုံသားတို့၊ အမဲဆုံသားတို့ကလည်း သိပ်မပြတ်လှဘူးဗျ။ ကျုပ်တို့ အညာရွာတွေမှာ နှမ်းပေါ်ချိန်လေဗျာ။ ငွေရှင်တဲ့အချိန်ပေါ့။

အမေက ဝက်သားကို ပုန်းရည်ကြီးနဲ့ ချက်လိုက်၊ အမဲသားကို ဆီးသီးခြောက်နဲ့ ချက်လိုက်ပေါ့ဗျာ။ ကျုပ်ကလည်း အမေချက်တဲ့ဟင်းကောင်းနဲ့ တစ်ခါစား သုံးပန်းကန်ပဲဗျ။

ဒီနေ့လည်း ဝက်သားနဲ့ ပုန်းရည်ကြီး ချက်တာ၊ ကျုပ် အကြိုက်လေဗျာ။ ဗိုက်ကားအောင်စားပြီး ထုံးစံအတိုင်း မန်ကျည်း ပင်အောက်မှာ အိပ်နေတာဗျ။

"တာတေရေ...တာတေ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နား‌ထဲ တိုးဝင်လာတဲ့ အသံကြောင့် ကျုပ် လန့်နိုး သွားရောဗျ။ ကွပ်ပျစ်ပေါ်ကနေ ခေါင်းထောင်ကြည့်လိုက်တော့ ကျုပ်တောင် ကြောင်သွားတယ်ဗျ။ ဝိုင်းဝမှာ ဝါးဖတ်ခမောက် ကလေးဆောင်းလို့ ရပ်နေတာ ဘယ်သူမှန်းကို ကျုပ် မသိဘူး။

"တာတေ မင်း ငါ့ကို မမှတ်မိဘူးလား၊ ငါ ဘကျုတ်လေကွာ၊ ညောင်ဝိုင်းက ဘကျုတ်လေ"

"ဟာ"

ဒီတော့မှ ကျုပ်ခေါင်းထဲမှာ ချက်ချင်းသတိရသွားတာ ဗျို့။ ကျုပ်နဲ့ မြို့ကျောင်းမှာ အတူတူတက်ခဲ့တဲ့ကောင်၊ ညောင်ဝိုင်း က ဘကျုတ်ပဲ။

"ဟေ့ကောင် ဘကျုတ် လာလေကွာ၊ မင်းနဲ့ မတွေ့တာ ကြာလို့ ရုတ်တရက် မမှတ်မိတာပါကွ"

ဘကျုတ်က ဝိုင်းထဲကို ခြေလှမ်းကျဲကြီးနဲ့ ဝင်လာရောဗျ။ ကျုပ်အိပ်တဲ့ ကွပ်ပျစ်မှာ ဝင်ထိုင်တယ်။ မျက်နှာကတော့ ကျောင်း တုန်းကလိုပဲ ပြုံးဖြဲဖြဲနဲ့ဗျ။

ဘကျုတ်ဆိုတဲ့ကောင်က အရပ်ပုပြတ်ပြတ်၊ ကိုယ်ပြား ပြား၊ မျက်နှာကလည်း ပြားပြားပဲဗျ။ မျက်လုံးနက်နက်၊ နှာတံ ပေါ်ပေါ် မသိရင်တော့ ကုလားကပြားလို့တောင် ထင်စရာပေါ့ဗျာ။ ဒါပေမဲ့ ဒီကောင်ဘကျုတ်က ဗမာအစစ်ဗျ။ သူတို့ဘေးကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် နန်းတွင်းမှာတောင် အမှုထမ်းခဲ့ဖူးတာဆိုပဲ။ အခုလည်း သူ့အဘိုး၊ ဦးရွှေကျုတ်က ညောင်ပိုင်းသူကြီးဗျ။

ဒီကောင် ဘကျုတ်၊ ကျုပ်တို့ရွာကို တစ်ခါမှ လာဖူးတာ မဟုတ်ဘူးဗျ။

"ဘကျုတ် မင်း ငါတို့ပိုင်းကို တော်တော်ရှာလိုက်ရ သလား"

"အေး‥နည်းနည်းတော့ ရှာရတာပေါ့ကွ၊ ဒါပေမဲ့ မင်း ကို ဒီရွာမှာ မသိတဲ့လူမှ မရှိတာကွာ၊ မင်းနာမည်က ငါတို့ညောင် ပိုင်းမှာပါ ပေါက်နေတဲ့ဟာ"

"ဟော‥‥ဘယ်လိုပေါက်နေလို့တုံးကွ ဘကျုတ်ရ"

"ထနောင်းကုန်းက တာတေက ပယောဂတွေ သိုက် တွေ နိုင်တယ်လို့ ကျော်ကြားနေတာကွ"

"ဟာ မဟုတ်ပါဘူး ဘကျုတ်ရာ၊ ငါက မင်းသိတဲ့ အတိုင်း လွှတ်စပ်စုတဲ့အကောင်လေကွာ၊ ဒီတော့ ဆရာကြီးတွေက အဖော်လိုလို့ ခေါ်ရင် ငါက စပ်စုချင်တာနဲ့ လျှောက်လိုက်တာကွ။ ဗဟုသုတတွေတော့ အများကြီး ရတာပေါ့ကွာ။ လူ့လောကမှာ လူတိုင်း မသိနိုင်တဲ့ အံ့သြစရာတွေ အများကြီးရှိနေတာတွေ သိရတာပေါ့ ဘကျုတ်ရာ၊ ငါက ဆရာတော့ မဟုတ်ပါဘူး"

"မင်းကသာ ဆရာမဟုတ်ဘူး ပြောနေတာ၊ ဒီနားက



www.burmeseclassic.com

www.burmeseclassic.com



ရွာတိုင်းမှာတော့ မင်းနာမည်ကို ကလေးကအစ သိနေတာဗျား"

ကျုပ်က အိမ်ပေါ်တက်ပြီး အမေ့ကို ဧည့်သည်လာတယ်လို့ပြောရင်း နဂါးဆေးပေါ့လိပ်နဲ့ ဆေးလိပ်ခွက်ကလေးကို ယူလာတယ်။

"ဘကျုတ် မင်း နဂါးသောက်တယ်မို့လား"

"သောက်တာပေါ့ကွ၊ ငါတို့ရွာဘက်မှာလည်း နဂါးပဲ အသောက်များတာပါ"

ကျုပ်က နဂါးဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး ဘကျုတ်ကို တည်တယ်။ အမေက လက်ဖက်ပွဲနဲ့ ရေနွေးကြမ်းအိုး လာချပေးတယ်။

"မင်း ထနောင်းကုန်းကိုလာတာ ဘာကိစ္စရှိလို့တုံးကွ"

"မင်းကို လာခေါ်တာကွ၊ အဲ···အဲ မှားလို့၊ မင်းကို လာပင့်တာကွ"

"လုပ်ပြန်ပြီ၊ ငါက ဆရာမှ မဟုတ်တာ၊ ငါ့ကို ပင့်ရ မလားကွ ဘကျုတ်ရ"

"မသိဘူးလေကွာ၊ စကားတွေဘာတွေ မှားသွားမှာစိုးလို့ ပါကွာ"

"ပြောပါဦး ဘကျုတ်ရ၊ မင်းတို့ရွာမှာ ဘာတွေဖြစ်နေလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘိုး ညောင်ပိုင်းသူကြီးလည်း တော်တော်ကို စိတ်ညစ်နေပြီကွ၊ ငါက မင်းအကြောင်းကို ပြောပြတော့ ငါ့ဘိုးက မင်းဆီကို ချက်ချင်းသွားဖို့ လွှတ်လိုက်လို့ လာတာ"

"မင်းတစ်ယောက်တည်း ညောင်ပိုင်းကနေ ကုန်းကြောင်းလာတာလား"

"ဟာ မဟုတ်ဘူးကွ တာတေရ၊ ငါ လှည်းနဲ့လာတာ၊ လှည်းနဲ့ လှည်းသမားကို ထနောင်းကုန်းသူကြီးအိမ်မှာ ထားခဲ့ပြီး မင်းကို လာရှာတာ၊ မင်းတို့သူကြီးက ငါ့ဘိုးရဲ့မိတ်ဆွေလေကွာ"

"ဪ ဒီလိုလား၊ နို့ ပြောပါဦးကွ၊ မင်းတို့ရွာမှာ ဘာတွေဖြစ်လို့တုံး"

BURMESE CLASSIC

ဘကျုတ်က အမေတည်တဲ့ လက်ဖက်ကို အားရပါးရ စားပြီး ရေနွေးကို တစ်ခွက်ပြီးတစ်ခွက် သောက်နေရာကနေ ကျုပ်ကို ပြောပြတယ်။

"ဘာဖြစ်တယ်ဆိုတာ မပြောခင် မင်းကို ငါတို့ရွာက လူတစ်ယောက်ရဲ့အကြောင်းကို အရင်ပြောပြရမယ်ကွ တာတေရ၊ ဒါမှ မင်း စဉ်းစားလို့ရမှာ"

"ဟုတ်လား၊ ဘယ်သူတုံးကွ"

"မုဆိုးငစို လို့ခေါ်တဲ့ တစ်ပွဲစား ဘိုးစို"

"ဟော - - တစ်ပွဲစား ဘိုးစို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်၊ ငါတို့ သိတတ်တဲ့အရွယ်မှာ မုဆိုး ဖိုကြီး အသက်ကြီးနေပြီကွ၊ ငါးဆယ်ကျော်လောက်ရှိပြီ၊ ဒါကြောင့် ငါတို့က သူ့ကို ဘိုးစိုလို့ ခေါ်ကြတာလေကွာ"

"ဪ ဘိုးစိုက မုဆိုးအလုပ်ပဲ လုပ်တာလား၊ တခြား အလုပ်တွေဘာတွေ မလုပ်ဘူးလား"

"ဘာမှမလုပ်ဘူးကွ၊ မုဆိုးအလုပ်တစ်ခုပဲ လုပ်တာ၊ ငါတို့ သိသလောက်တော့ ဘိုးစို အမဲမရတဲ့နေ့ဆိုတာ တစ်ခါမှ မကြားဖူးဘူး၊ ရလာတဲ့ အမဲကိုလည်း သူ့မိန်းမနဲ့ သမီးက မြို့မှာ ကိုယ်တိုင်သွားပြီး ဈေးကောင်းကောင်းနဲ့ ရောင်းတာကွ၊ ထမင်း ဆိုင်တွေကလည်း ပင်တိုင်ယူကြတယ်၊ ငါတို့ရွာမှာ ဘိုးစိုက လူချမ်းသာစာရင်းမှာ ပါတာကွ။

BURMESE CLASSIC

တောဝက်၊ ဂျီ၊ ဆတ်၊ ယုန်၊ သမင်၊ ဒရယ် ပြတ်တယ် လို့ကို မရှိတာကွ။ ဘိုးစို အဓိကလိုက်တာကတော့ တောဝက်ပေါ့ ကွာ။ ဘိုးစိုက ငါတို့ရွာမှာ ဝိုင်းကောင်းကောင်းနဲ့ တိုက်ခံအိမ်နဲ့ နေနိုင်တာကွ။ သူ့မယားနဲ့ သမီးဆိုတာ ရွှေကိုသီးနေအောင် ဝတ် ကြတာ တာတေရ"

"မုဆိုးအလုပ်ကို ချမ်းသာအောင် လုပ်နိုင်တဲ့လူပါလား ဘကျုတ်ရ"

"အေး…အဲဒီလောက် တော်လို့လည်း သူ့ ဒိဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာပေါ့ကွာ''

''ဟော…ဘယ်ဘဝတုံးကွ''

''တစ်ပွဲစားကြီး ဘဝလေကွာ''

''ဘယ်လိုကြောင့်တုံးကွ၊ ဘကျုတ်ရဲ့''

''ဒီလို တာတေရေ၊ ဒီလိုဟော့''

ဘကျုတ်က ကျုပ်ကို တစ်ပွဲစားကြီး ဘိုးစိုရဲ့ အကြောင်းကို ပြောပြတော့တာပေါ့ဗျာ။ ဘကျုတ်ပြောတဲ့ ဘိုးစိုရဲ့အကြောင်းကို ကျုပ် ပြန်ပြောပြပါ့မယ်။

BURMESE CLASSIC

ညောင်ပိုင်းရွာက ဦးကျားနဲ့ ဒေါ်လုံးဆိုတဲ့ လင်မယားနှစ်ယောက်မှာ ငစိုဆိုတဲ့ သားလေးတစ်ယောက် မွေးတယ်ဗျ။ ကလေးက ငယ်ငယ်လေးကတည်းက တိရစ္ဆာန်ကလေးတွေကို သတ်ဖြတ်ညှဉ်းဆဲ သိပ်လုပ်တာဆိုပဲ။

နည်းနည်းလေးကြီးလာတော့ ငှက်ပစ်၊ ငါးမျှား နေ့တိုင်းလုပ်တာတဲ့ဗျ။ သူ့ထက် နည်းနည်းလေးကြီးလာတော့ ယုန်ထောင်၊ ကြောင်ထောင် လုပ်တာဆိုပဲ။ ထူးဆန်းတာက ငစိုမို့ ယုန်ထောင်ရင် မရဘူးဆိုတာ တစ်ခါမှ မရှိဘူးတဲ့ဗျ။ ငှက်ပစ်ရင်လည်း လွတ်လက်တည့်တာတဲ့။

သူ့အဖေ ဦးကျားကလည်း သတ္တဝါလေးတွေကို မသတ်ဖို့ ပြောဆို ဆုံးမပေမယ့် ဘယ်လိုမှ မရဘူးတဲ့ဗျို့။ ဒါနဲ့ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဦးကျားက ဘာသာတရားကို နားလည်အောင်ဆိုပြီး ရွာဦးကျောင်းမှာ သင်္ကန်းစည်းပေးလိုက်တာ၊ ကိုရင်ဝတ်ကြီးနဲ့ ငှက်ပစ်လို့ ဘုန်းကြီးက ချက်ချင်းလူထွက်ခိုင်းတယ်ဆိုပဲ။

သူ့အဖေရဲ့ ယာထဲမှာ အလုပ်လုပ်ခိုင်းပေမယ့် ငစိုက ယာအလုပ်ကို စိတ်မဝင်စားဘဲ လစ်ရင် လစ်သလို တောထဲဝင်ပြီး အမဲပဲ လိုက်တာတဲ့ဗျ။ နောက်တော့ တောတွေတောင်တွေကို နှံ့နေအောင် သွားတတ်လာပြီး ဘယ်နားမှာ ဘာရှိတယ်ဆိုတာကို ငစိုက အကုန်သိနေတော့တာတဲ့ဗျာ။

BURMESE CLASSIC

မိဘတွေ ကွယ်လွန်သွားတော့ ငစိုက မုဆိုးကြီးလုံးလုံး ဖြစ်သွားရောတဲ့ဗျို့။ သူ့မိဘရဲ့ယာတွေကို အပြတ်ရောင်းပစ်လိုက်ပြီး မုဆိုးပဲ လုပ်တော့တာတဲ့ဗျာ။

နောက်တော့ အိမ်ထောင်ကျ၊ ကလေးတစ်ယောက်ရတယ်။ ငစိုကနေ ကိုစို ဖြစ်လာတယ်။ ကိုစိုကနေ ဦးစို ဖြစ်လာတာပေါ့ဗျာ။

မုဆိုးဦးစိုက လူပြောများတဲ့ကိစ္စတစ်ခု ရှိတယ်တဲ့ဗျို့။ သားကောင်တွေ ဘာတွေရရင် မပြေးနိုင်အောင် ဓားကောက်ကျောကို ဓားနဲ့ ဖြတ်ထားတာဆိုပဲ။ မသေမရှင်ရတဲ့ သားကောင်ဆိုရင် ရက်ရက်စက်စက်ကို သတ်တာတဲ့ဗျာ။ တစ်ခါတလေဆိုရင် ဆိုန်ကို အရှင်လတ်လတ် အရေခွဲဆုတ်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးသက်တမ်း ကြာလာတာနဲ့အမျှ ဦးစိုရဲ့မျက်နှာကြီး ဟာ နီနီရဲရဲ၊ ကြမ်းကြမ်းတမ်းတမ်းကြီး ဖြစ်လာတာဆိုပဲ။ မုဆိုး ဦးစို ပါးစပ်ကလည်း နဂိုကတည်းက ပြဲရတဲ့အထဲမှာ ပိုပြဲလာ တယ်တဲ့ဗျ။ ပါးစပ်ထဲက သွားတွေကလည်း ချွန်ထွက်လာပြီး ကျိုးတိုးကျဲတဲ ဖြစ်လာတာဆိုပဲ။

ကိုယ်ပေါ်မှာ ပေါက်နေတဲ့ အမွေးအမျှင်တွေကလည်း ကြမ်းကြမ်းကြီးတွေ ဖြစ်လာတာတဲ့ဗျို့။ ခေါင်းကဆံပင်တွေက လည်း ရှည်ရှည်ဖားလျားကြီးတွေ ကျလို့တဲ့။ တစ်ရွာတည်းနေတဲ့ လူတွေတောင် ဦးစိုကို ရုတ်တရက်မြင်ရင် လန့်ဖျတ်သွားကြတာ ဆိုပဲ။

ဦးစိုက လူကြီးသာ ကြမ်းတမ်းလာသလောက် ချမ်း လည်း ချမ်းသာလာတယ်ဆိုပဲ။ ညောင်ပိုင်းက လူတွေကတော့ တောထဲမှာ ဓားပြတွေ မြှုပ်ထားခဲ့တဲ့ ပစ္စည်းတွေ ဦးစိုး ရလို့ ချမ်းသာတာလို့ ပြောကြတယ်။ ဘယ်သူမှတော့ အတိအကျ သိတာ မဟုတ်ဘူးတဲ့ဗျ။

တဖြည်းဖြည်းနဲ့ ဦးစိုက အသားတွေ၊ ငါးတွေကို ကျက် အောင် ချက်ထားရင် မစားတော့ဘူးတဲ့ဗျ။ သူ့မိန်းမကို ဟင်းဘယ် လိုချက်တာတုံးဆိုပြီး ကြိမ်းမောင်းတော့တာပဲတဲ့ဗျာ။ နောက်တော့ သူ့မိန်းမက သူ့အကြိုက်ကို သိသွားပြီး ဟင်းကို သွေးစွေသံတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မကျောက်တကျက် ချက်ကျွေးရင် စားတော့တာပဲတဲ့ဗျာ။ နောက်ကျ တော့ အိမ်မှာ ထမင်းမစားတော့ဘူးတဲ့ဗျို့။ ငါတောထဲမှာ ယုန်သား ကင် စားလာတယ်တို့၊ တောကြက်ကင်ပြီး စားလာတယ်တို့ ပြောပြီး ထမင်းဟင်းတွေ လုံးဝမစားတော့ဘူးတဲ့ဗျ။

တစ်ရက်တော့ ရွာထဲက လူငယ်တစ်ယောက်က ဦးစိုရဲ့ မိန်းမကို တိုးတိုးလာပြောသတဲ့ဗျ။

"အရီးမယ်ပု၊ ကျုပ် တောထဲထင်းသွားခုတ်တာ ဘိုးစိုကို တွေ့ခဲ့တယ်။ ကျုပ် သစ်ပင်ကွယ်ပြီး ချောင်းကြည့်တာဗျ၊ ဘိုးစို က အသားစိမ်းတွေကို မြိန်ရည်ယှက်ရည် စားနေတာ အရီးရ"

လို့ ပြောတာတဲ့ဗျို့။ ဦးစိုရဲ့မိန်းမကလည်း ဒီကိစ္စကို ရိပ်မိနေတာတဲ့ဗျ။ သူ့ယောကျ်ား အိပ်ပျော်သွားတဲ့အခါ ပါးစပ်က သားစိမ်းနံ့ကြီး အမြဲထွက်နေတာတဲ့။

အိမ်မှာ မိသားစု ဝိုင်းထိုင်ပြီး စကားပြောတဲ့အခါ…

"ဟဲ့ မယ်ပု၊ နင်တို့သားအမိ ငါနဲ့ ဝေးဝေးနေကြစမ်း၊ နင်တို့ ငါ့နားကပ်ရင် ငါပူတယ်၊ ပြီးတော့ နင်တို့အနံ့တွေ ငါ မခံနိုင်ဘူး တစ်မျိုးပဲ"

လို့ ပြောသတဲ့ဗျ။ ဒေါ်မယ်ပုနဲ့ အတူတူလည်း မအိပ် တော့ဘူးတဲ့။ နောက်တော့ ရွာထဲမှာကို မနေတော့တဲ့ဗျာ။ တော ထဲမှာ တဲထိုးပြီး တစ်ယောက်တည်း နေတယ်တဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမဆီကို သူရတဲ့ အသားတွေ ခုတ်ထစ်ပြီး ဝုန်နီ အိတ်နဲ့ ထုပ်ပိုးပြီး လာလာပို့တာတဲ့။ ပြီးရင် တောထဲကိုပဲ ပြန် တော့တာတဲ့ဗျာ။ တစ်ခါတော့ ဦးစိုက ပြောသတဲ့။

"မနေ့က ငါ ခုတ်ထစ်ထားတဲ့ တောဝက်သားတွေကို တောထဲက သရဲတစ်ကောင်က လာပြီးခိုးစားလို့ ငါနဲ့ နပမ်းသတ် ရသေးတယ် မယ်ပုရဲ့၊ ဘယ်ရမတုံး ငစို့အကြောင်း ကောင်း ကောင်းသိသွားတာပေါ့၊ သရဲဆိုတာ ငါ့လက်သီးစာမိပြီး တောထဲ ကို တစ်ချိုးတည်း ဝင်ပြေးတော့တာပဲ"

"ကိုစို ရှင်က သရဲနဲ့ နပမ်းလုံးရအောင် သရဲကို မြင်ရလို့ လား"

"ဟဲ့ မယ်ပုရဲ့၊ ငါ သရဲမြင်ရတာ ကြာပြီဟဲ့၊ မြင်လို့ပဲ နပမ်းသတ်လွှတ်လိုက်တာပေါ့"

ဒေါ်ပုက တော်တော်ကို စိတ်မကောင်းဖြစ်သွားတာတဲ့ ဗျို့။ ဒါနဲ့ သူ့ယောကျ်ား မုဆိုးကြီးကို ပြောသတဲ့။

"ကိုစိုရယ်၊ ရှင် ဒီအလုပ်တွေကို ရပ်လိုက်ပါတော့၊ ကျုပ် ရှင့်ကို ဒီအလုပ်ကို ဆက်မလုပ်ဖို့ ပြောခဲ့တာလည်း ကြာပါ ပြီရှင်၊ ဒီအတိုင်းဆက်သွားရင် ရှင် ဒုက္ခအကြီးအကျယ် တွေ့လိမ့် မယ်တော့"

ဒေါ်မယ်ပုက ပြောတော့ ဦးစိုက ခေါင်းကြီးငြိမ့်ပြီး မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်တွေ ကျတယ်တဲ့ဗျ။ ပြီးတော့ ပြောတယ်တဲ့။

"မယ်ပု၊ ငါ့အကြောင်း ငါသိတယ်၊ ငါဒုက္ခတွေ့မယ် ဆိုတာလည်း ငါကောင်းကောင်းသိတယ်၊ ဒါပေမဲ့ မယ်ပု ညည်း မသိဘူး၊ ငါက လူဖြစ်ကတည်းက မသတ်ရ မဖြတ်ရရင် နေလို့ ရတာ မဟုတ်ဘူး။ အခုထိ ဒီအတိုင်းပဲ။ ငါ အမဲမပစ်ရရင် နေလို့ကို မရတာ"

"ဒါဆိုရင်လည်း ကိုစိုရယ် ရှင် ဒီအလုပ်ကို ခဏဖြစ်ဖြစ် ရပ်လိုက်ပါတော်၊ ကျုပ်တို့မှာ စည်းစိမ်ဥစ္စာဆိုတာလည်း စားလို့ မကုန်တော့ပါဘူး။ ကျုပ်တို့မိသားစုလည်း စားလို့မကုန်တော့ပါ ဘူး။ ကျုပ်တို့မိသားစု မြန်မာပြည်အနှံ့ ဘုရားတွေ လျှောက်ဖူးကြ ရအောင်၊ ကြာချင်သလောက် ကြာပေါ့တော်"

တကယ်တော့ ဒေါ်မယ်ပုက သူ့ယောကျ်ားများ စိတ် ပြောင်းသွားမလားဆိုပြီး ကြံကြည့်တာဗျ။

"ဟဲ့ မယ်ပု၊ ငါ ဘယ်ဘုရားမှ သွားမဖူးဘူး၊ ဘာဖြစ်လို့ တုံးဆိုတော့ ငါ ဘုရားတွေ မမြင်ရတော့တာ ကြာပေါ့"

"ရှင်…ဘယ်လို ကိုစို"

"ဟုတ်တယ် မယ်ပု၊ ဒီအနီးတစ်ဝိုက်က ဘုရားတွေ စေတီတွေ ငါ တစ်ဆူမှ မမြင်ရတော့တာ ကြာပြီဟဲ့၊ နင်တို့ စိတ်မကောင်းဖြစ်မှာစိုးလို့ ငါ မပြောတာ။ ဘုရားကို မမြင်ရလို့

www.burmeseclassic.com



ကိုင်ကြည့်ရင်ရော ရသလားဆိုပြီး ငါကိုင်ကြည့်တယ်၊ ဘာကိုမှ မကိုင်မိဘူး။ လေကိုပဲ ထိတယ်။ ဒီတော့ နင်တို့ ဖူးချင်တဲ့ဘုရားကို သွားဖူးကြပါ၊ ငါတော့ လိုက်လည်းအပိုပဲနေမှာ၊ မလိုက်တော့ဘူး"

ဒေါ်မယ်ပုဆိုတာ ဒီအကြောင်းကို သိတာနဲ့ ငိုတော့တာ ပေါ့ဗျာ။

တဖြည်းဖြည်းနဲ့ ဘိုးစိုက တောကြီးတစ်တောလုံး ဘယ် နေရာမှာ ဘာကောင်ရှိတယ်ဆိုတာကအစ မျက်စိနဲ့ မြင်နေသလိုကို သိတော့တာဗျ။

ဒီတော့ အနီးအနားမှာရှိတဲ့ မုဆိုးတွေက ဘိုးစိုတဲကို လာပြီး ဒီနေ့ ဘယ်မှာ အမဲလိုက်ရမယ်ဆိုတာ လာပြီး မေးတာတဲ့ ဗျ။

ဘိုးစိုကလည်း ဘယ်တောင်ကိုတက်၊ ဘယ်အပင် အောက်မှာ ပုန်းပြီးစောင့်၊ ဘာအကောင် လာလိမ့်မယ်၊ အချိန် ဘယ်လောက်စီးတယ်ဆိုတာကအစ ပြောနိုင်တာဗျ။ မုဆိုးတွေက လည်း သူပြောတဲ့အတိုင်း သွားပစ်ရင် မရဘူးဆိုတာ တစ်ခါမှ မရှိဘူးတဲ့ဗျ။ အမဲရလာရင်လည်း ဘိုးစိုအတွက် အသားကောင်းကို ဖက်နဲ့ထုပ်ပြီး ဦးဦးဖျားဖျား ဝင်ပို့သွားကြတာတဲ့။ ဘိုးစိုကလည်း မုဆိုးတွေပေးတဲ့ သွေးစိမ်းရှင်ရှင်နဲ့ အသားတွေကို အာလုပါးရကို အစိမ်းလိုက် စားတယ်ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မုဆိုးတွေတင် မဟုတ်တော့ဘူးဗျ။ ရွာထဲက လူတွေကပါ ဘိုးစိုကို ဗေဒင်မေးသလို မေးကြတာဆိုပဲ။ ဘိုးစိုကလည်း အားလုံးသိနေပုံပဲတဲ့ဗျ။ ဘိုးစိုပြောရင် မမှန်တာ မရှိဘူးဆိုပဲ။

ဘိုးစိုရဲ့ ရုပ်ကြီးကလည်း တစ်နေ့တခြား ပြောင်းပြောင်းလာတာ နဂိုရုပ် လုံးဝမရှိတော့ဘူးတဲ့ဗျာ။ သူ့သားမယားဆီကို လာတဲ့အခိုက်အတန့်မှာ လူတွေ လာစောင့်ပြီး မေးကြမြန်းကြတာတဲ့ဗျ။

ဘိုးစိုကလည်း သူ့အနားကို လူတွေ တစ်ယောက်မှ အကပ်မခံဘူးတဲ့ဗျို့။ ခပ်လှမ်းလှမ်းကပဲ မေးကြရတာတဲ့ဗျ။ သူ့သားမယားနဲ့လည်း ဝေးဝေးပဲ နေတာတဲ့ဗျာ။

နောက်တော့ ဘိုးစိုက ဘယ်နေ့ မိုးရွာမယ်၊ ဘယ်နေ့ လေပြင်းတိုက်မယ်ကအစ ကြိုပြောတော့ ယာလုပ်တဲ့သူတွေအတွက်လည်း ကြိုပြီးပြင်လို့ ရကြတာပေါ့ဗျာ။

တချို့ဆိုရင် ဘိုးစို စောင့်ရှောက်ပါဆိုပြီး အသားစိမ်းတစ်တစ်တောင်မြှောက်ပြီး ဘိုးစိုကို ပသတဲ့အဆင့်အထိ ရောက်လာတာတဲ့ဗျို့။ ဘိုးစိုကလည်း တောထဲမှာ နေပေမယ့် သူ့ကို ဘယ်သူတွေ ပသနေတယ်ဆိုတာ သိသတဲ့။ နောက်တော့ ဘိုးစို သူ့အိမ်ကို ပြန်မလာတော့ဘူးတဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ဘိုးစိုကို မေးချင်စမ်းချင်လို့ ဘိုးစိုနေတဲ့ တောထဲကတဲကို လိုက်တော့လည်း တဲမှာ ဘိုးစို မရှိဘူးတဲ့ဗျ။ ဘိုးစို ပျောက်သွားပြီး ဆယ်ရက်လောက် ကြာတော့မှ တစ်ညမှာ ညောင်ဝိုင်းတစ်ရွာလုံးမှာရှိတဲ့ ခွေးမှန်သမျှ တစ်ပြိုင်တည်း ထပြီး အူတော့တာတဲ့ဗျို့။

တချို့ခွေးတွေက အသံရှည်ကြီးဆွဲပြီး အူတာတဲ့ဗျ။ ဒါနဲ့ ဒေါ်မယ်ပုနဲ့ သူ့သမီး မစုတို့လည်း အိမ်ရှေ့ဝိုင်းထဲ ဆင်းကြည့်ကြ တယ်ဆိုပဲ။

"ဟဲ့ မယ်ပု၊ ငါ နင်တို့ကို စိတ်မချလို့ လာကြည့်တာ"

လို့ ပြောလိုက်တဲ့ ဘိုးစိုရဲ့ အသံကြီးကို သားအမိ နှစ်ယောက် ကြားလိုက်ကြသတဲ့။

"ဟင်…ကိုစို ရှင် ဘယ်မှာတုံး"

"မယ်ပုရဲ့ ငါ နင့်အနားမှာပဲ၊ ဒါပေမဲ့ နင်တို့ ငါ့ကို မြင်ရတော့မှာ မဟုတ်ဘူး၊ ငါက လူစစ်စစ်ကနေ သရဲဘဝကို မသေဘဲ ကူးသွားပြီ။ အေးလေ၊ ဒါကတော့ ငါ့အကြောင်းပေါ့ မယ်ပုရယ်၊ ညည်းတို့သားအမိ ကျန်းကျန်းမာမာ ရှိရဲ့လားလို့ ငါ လာကြည့်တာပါ။ နင်တို့ဆီကို တစ်ခါလာဖို့ဆိုတာ မလွယ် တော့ဘူး။ အထက်က ဆိုင်ရာပုဂ္ဂိုလ်တွေဆီမှာ ခွင့်တောင်းပြီးမှ လာရတာ။ ဒါပေမဲ့ မပူပါနဲ့၊ နင်တို့သားအမိရော ဗောဓိညောင်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရှာသားတွေကိုရော ငါစောင့်ရှောက်နေပါတယ်။ ကဲ ငါ ကြာ ကြာနေလို့ မရဘူး သွားပြီ””

လို့ပြောပြီး အသံပျောက်သွားတာတဲ့ဗျို့။ နောက်တော့ တစ်လနေမှ တစ်ခါ၊ နှစ်လနေမှ တစ်ခါပဲ လာတော့တာတဲ့။ သူလာတဲ့ညဆိုရင် တစ်ရွာလုံးက ခွေးမှန်သမျှ ခွေးအိုကြီးတွေ ကနေစပြီး ခွေးပေါက်စကလေးတွေအထိ တစ်ပြိုင်နက်တည်း အူတော့တာပဲတဲ့ဗျို့။

“ဟာ ဘိုးစို လာပြီဟေ့”

ဆိုပြီး ရွာထဲကလူတွေက ဝိုင်းထဲဆင်းပြီး ပြောကြဆိုကြသတဲ့။ တချို့လည်း ဘိုးစိုကို ဘာဖြစ်သွားမှန်း မသိဘဲ ထိုင်ပြီးရှိခိုးတဲ့သူက ရှိခိုးကြတာတဲ့ဗျို့။

တစ်ခါတလေတော့ ဘိုးစိုက ရွာသားတွေ ကြားအောင် ခြေသံကြီးပေးပြီး လာတာတဲ့ဗျ။

“ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း”

ဘိုးစိုရဲ့ ခြေသံကြီးက တဘုန်းဘုန်းနဲ့ မြေတောင်တုန် မတတ်ပဲတဲ့ဗျ။

ဒါဆိုရင်တော့ ဘိုးစို ဘယ်နားမှာရှိတယ်ဆိုတာ သိနေ ကြပြီး ဝိုင်းထဲထွက် ပြောကြဆိုကြတော့တာပဲတဲ့ဗျာ။

“မယ်ပုနဲ့ မယ်စုံ ငါ နင်တို့ဆီကို လာနိုင်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ဘူး၊ ငါ့ကို အထက်ပုဂ္ဂိုလ်တွေက တာဝန်တစ်ခုပေးလို့ တစ်ရပ်တစ်ကျေးကို ငါသွားရမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ငါမသိဘူး။ ငါ ဒီအရပ်ကို ပြန်ရောက်လာရင်တောင် နင်တို့ ရှိချင်မှ ရှိတော့မှာ၊ ဒီတော့ ငါ နင်တို့ကို အပြီးနှုတ်ဆက်သွားပြီ”

လို့ ပြောတော့ ဒေါ်မယ်ပုနဲ့ သူ့သမီး မစုံတို့က ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုကြတော့တာပေါ့ဗျာ။

“မငိုနဲ့၊ မငိုကြနဲ့၊ နင်တို့ ငိုတော့ ငါလည်း စိတ်မကောင်းဘူး၊ ဖြစ်သမျှအကြောင်းပေါ့လေ၊ ကဲ ငါသွားပြီ”

ဆိုပြီး အသံပျောက်သွားတယ်။ အဲဒီညကစပြီး တစ်လတစ်ခါ အူတဲ့ခွေးတွေလည်း လုံးဝမအူတော့ဘူးတဲ့ဗျ။ ဘိုးစိမလာတော့ဘူးဆိုတာကို ညောင်ပိုင်းတစ်ရွာလုံးက သိကြတာပေါ့ဗျာ။

အရီးမယ်ပုတို့သားအမိလည်း ဘိုးစို မလာတော့ဘူးဆိုတာ သိကြတော့ သူတို့တိုက်နဲ့ဝိုင်းကို ရောင်းပြီး ရွာဦးကျောင်းဆရာတော်ကို ကျောင်းတစ်ဆောင်ဆောက်ပြီး လှူကြတယ်။ ကျောင်းအဝမှာ ညောင်ပိုင်းရွာသား မုဆိုးကြီး ဘိုးစို ကောင်းရာသို့ ကမ္ပည်းထိုးထားသတဲ့။

ကျောင်းပြီးတာနဲ့ ရေစက်ချ အမျှဝေပြီး ဒေါ်မယ်ပုတို့

www.burmeseclassic.com



သားအမိ ရွာက အပြီးပြောင်းသွားကြရောတဲ့ဗျို့။ တချို့က ပြော တော့လည်း သားအမိနှစ်ယောက်စလုံး စစ်ကိုင်းချောင်မှာ သီလရှင် ဝတ်နေတယ်တဲ့။

ဒေါ်မယ်မုတို့သားအမိကတော့ တကယ်ကို တရားရ လောက်တာပေါ့ဗျာ။ ကြောက်လည်း အကြီးအကျယ် ကြောက် သွားကြပုံပဲဗျ။

ဘကျုတ်ပြောပြတဲ့ တစ်ပွဲစားကြီး ဘိုးစိုအကြောင်းက ဒါပဲဗျ။ ကျုပ်လည်း ကျုပ်သူငယ်ချင်းပြောတဲ့ ညောင်ပိုင်းက မုဆိုးကြီးရဲ့ အဖြစ်အပျက်ကို စိတ်ဝင်တစား နားထောင်နေမိတာ ပေါ့ဗျာ။

“နေပါဦး တာတေရ၊ ငါတို့ရွာသားတွေက မုဆိုးကြီး ဘိုးစိုကို တစ်ပွဲစားကြီးလို့ ခေါ်ကြတာ ဘာအဓိပ္ပာယ်တုံးကွ၊ ငါလည်း သူတို့ခေါ်လို့သာ လိုက်ခေါ်တာကွ၊ တစ်ပွဲစားဆိုတာ ဘာအဓိပ္ပာယ်နဲ့ ခေါ်မှန်းကို မသိတာကွ”

“ဘကျုတ်ကလည်း တစ်ပွဲစားဆိုတာ လူကနေ မသေ ဘဲ တဖြည်းဖြည်း သရဲဖြစ်သွားတာကို ခေါ်တာကွ။ လူတစ်ပိုင်း သရဲတစ်ပိုင်းကြီးတွေကို ခေါ်တာ။

တစ်သက်လုံး ကောင်းမှုကုသိုလ် ဘာမှမလုပ်တဲ့ ပါဏာတိ ပါတာကံတွေ ထူးထူးခြားခြား ကျူးလွန်တဲ့ ဘိုးစိုတို့လို၊ အင်း



www.burmeseclassic.com

www.burmeseclassic.com



သူကြီး ဘိုးစံမဲတို့လို လူတွေဟာ တစ်ပွဲစားကြီးတွေဖြစ်ပြီး အရှင်လတ်လတ်ကနေ သရဲကြီးတွေ ဖြစ်သွားကြတာကွ ဘကျုတ်ရ”

“ဟေ ဟုတ်လား၊ မင်းပြောတဲ့ အင်းသူကြီး ဘိုးစံမဲဆိုတာလည်း တို့ရွာက ဘိုးစိုတို့လို ဖြစ်တာပဲလားကွ”

“ဟုတ်ပါ့ဗျာ၊ အင်းကြီးတွေကို လေလံဆွဲပြီး အင်းသူကြီး လုပ်ကြတဲ့လူတွေဟာ ဒီအလုပ်ကြီးက အကုသိုလ်ကြီးလွန်းလို့ သုံးနှစ်လောက်ပဲ လုပ်ကြတာကွ။ ပြီးရင် တခြားအလုပ်ကို ပြောင်းလုပ်ကြတယ်ဆိုပဲ။ ဘိုးစံမဲကတော့ သူ့ညီမ မဖဲဝါနဲ့အတူတူ မင်းပြစ်မင်းဒဏ် သင့်တော့မှာမို့လို့ ထွက်ပြေးတိမ်ရှောင်နေကြရတာဆိုတော့ ဒီအင်းကြီးထဲမှာပဲ ဖတ်မြှုပ်နေကြရတာကိုးကွ၊ ဒီတော့ သုံးနှစ်မဟုတ်ဘဲ တစ်သက်လုံး ဒီအလုပ်ကိုပဲ လုပ်ကြရတော့တာပေါ့။

'ဒီမှာတင် အကုသိုလ်တွေက အတိုင်းအဆမရှိ ကြီးကျန်တော့တာပေါ့ ဘကျုတ်ရာ”

“နေပါဦးကွ တာတေ၊ မင်းပြောတဲ့ အင်းသူကြီး ဘိုးစံမဲနဲ့ သူ့ညီမ မဖဲဝါအကြောင်းကလည်း စိတ်ဝင်စားဖို့ ကောင်းသားကွနော်”

“အေး ဟုတ်တယ်ကွ၊ အစ်ကိုလုပ်တဲ့ ဘိုးစံမဲက အင်းကြီးထဲမှာ လှေတစ်စင်းနဲ့ ပိုက်ဆွဲတဲ့နေရာတွေ လိုက်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်များလာတော့ ဘယ်နားမှာ ဘာငါးတွေရှိတယ် ဆိုတာကို ဘိုစံမဲက အတတ်သိနေတာကွ၊ ဒီတော့လည်း မောင်ညိုတို့က ဘယ်နားမှာ ပိုက်ချ၊ ငါးမြင်းအကြီးကြီးတွေ ရှိတယ်၊ မောင်မဲတို့က ဘယ်နားမှာ ပိုက်ဆွဲ ငါးဒန်တွေ အုပ်လိုက်စုနေတယ်။ မောင်ဘတို့က ဘယ်မှာ သွားပိုက်ချ၊ ငါးကျည်းတွေ အလုံးလိုက် အုပ်စုဖွဲ့နေတယ်ဆိုပြီး ပြောတာကွ။ သူပြောတဲ့နေရာတွေမှာ ပိုက်သွားချရင်လည်း သူပြောတဲ့အတိုင်းကို တန်းနေတာတဲ့ ဘကျုတ်ရေ၊ ဒီတော့ ဘိုးစံမဲအင်းမှာ အလုပ်လုပ်ရတဲ့ လူတွေက သက်သာကြတာပေါ့ကွာ။ ငါးကို လွယ်လွယ်နဲ့ကို ဖမ်းလို့ ရနေကြတော့တာပေါ့"

"အေးနော်၊ အင်းလုပ်ငန်းကလည်း အကုသိုလ်တော့ တော်တော်ကြီးသားကလား တာတေရ"

"ဟာ ကြီးပါပြီလား ဘကျုတ်ရာ၊ ငါးရံ့ကြီးတွေကို ငါးပိလုပ် ငါးခြောက်ခွဲတယ်ဆိုတာ အရှင်လတ်လတ်ကြီးတွေကို ခေါင်းဖြတ်၊ မသေမရှင်တွေကို ခွဲကြစိတ်ကြ၊ ဆားနယ်ကြရတာကွ။ ငါးကျည်းခြောက်လုပ်တာကို မင်း မတွေ့ဘူးလို့ကွ၊ ကြပ်စင်ပေါ်ကို ငါးကျည်းတွေ အရှင်အတိုင်း တောင်းကြီးတွေနဲ့ လောင်းချပြီး ဖြန့်လိုက်ရတာ၊ ပြီးတော့ အောက်က မီးနဲ့မြှိုက်တာ။ ငါးတွေက ထွန့်ထွန့်လူးပြီး သေတာကွ ဘကျုတ်ရ"



www.burmeseclassic.com

www.burmeseclassic.com



"တာတေ မင်းက ဒါတွေကို မြင်ဖူးလို့လား"

"ဟ ငါက ငါတို့ရွာက ကိုဆိတ်ဖွားနဲ့ အောက်ပြည်ကို ငါးပိဝယ်၊ ငါးခြောက်ဝယ် လိုက်ဖူးတယ်ကွ၊ အင်းကြီးတွေထဲ လည်း လိုက်သွားဖူးတယ်။ ဒါတွေက ငါတွေ့ခဲ့တာတွေလေကွာ"

"ပြောပါဦးကွ၊ ဘိုးစံမဲတို့ မဖဲဝါတို့အကြောင်းကို"

"အေး အေး၊ ဘိုးစံမဲက အင်းထဲမှာ ဦးစီးပြီး ငါးဖမ်း သလို ရလာတဲ့ ငါးတွေကို ငါးပိတန်ရင် ငါးပိ၊ ငါးခြောက်တန် ရင် ငါးခြောက်ခွဲ၊ ပုစွန်ခြောက်လုပ်၊ ပုစွန်ဒုန်းခြောက်လှမ်း။ ဒါတွေကို လူအုပ်ချုပြီး နိုင်နင်းအောင် လုပ်တဲ့နေရာမှာ ညီမလုပ် တဲ့ မဖဲဝါက အုပ်စီးရတာပေါ့ကွာ။ နောက်တော့ မင်းတို့ရွာက ဘိုးစိုကြီးလိုပါပဲကွာ၊ ဘိုးစံမဲကြီးလည်း ပုံစံကြီး ပြောင်းပြောင်း လာပြီး သာစိမ်း၊ ငါးစိမ်းတွေ စားတဲ့အဖြစ်ကို ရောက်တော့တာတဲ့ ဟေ့။

တစ္ဆေသရဲ ဆိုတာကို ဒီအတိုင်းကို မြင်နေရတာတဲ့ ဘကျုတ်ရေ။ သူ့အင်းထဲမှာ ငါးလာခိုးတဲ့ သရဲတော့ သေလုမြော ပါးကို ခံရတာတဲ့ဟေ့၊ အတင်းရေထဲဆင်း၊ အတင်းဝင်လုံး၊ နပမ်းသတ် လက်ဝှေ့ထိုးနဲ့ သရဲလည်း ငယ်သံပါအောင်အော်ပြီး ပြေးရရောတဲ့ဟေ့။

ဘိုးစိုလိုပါပဲကွာ၊ သူလည်း နောက်ဆုံး လူကောင်



www.burmeseclassic.com

www.burmeseclassic.com



အထည်ကြီးပျောက်ပြီး သူညီမက အသံပဲ ကြားရတော့တာတဲ့။ နောက်ဆုံးတော့ လုံးဝကို လာလို့မရတော့ဘဲ အထက်ပုဂ္ဂိုလ်တွေ စီစဉ်တဲ့အတိုင်း နေရတော့တာပေါ့ကွာ"

"သူ့ညီမ မဖဲဝါကရော"

"ဟ ဘကျုတ်ကလည်း မဖဲဝါကလည်း အကုသိုလ် တွေ အများကြီး လုပ်ခဲ့တာပဲလေ့ ဒါပေမဲ့ မဖဲဝါကတော့ တစ်ပွဲ စားမဖြစ်ဘူးကွ၊ သူက သေပြီးမှ သရဲဖြစ်တာပါ၊ မဖဲဝါက လူ့ဘဝမှာ အကုသိုလ်အလုပ် လုပ်ပေမယ့် သူ့မှာ မလွှဲသာလို့သာ လုပ်ရတာကွ။ ကုသိုလ်၊ အကုသိုလ်ကို နားလည်ပုံရတယ်။ အကုသိုလ်ကို စိတ်ပါလက်ပါ လုပ်ပုံမရဘူး။ ဒါကြောင့် သရဲ ဖြစ်တာတောင် သူ့မှာ ကုသိုလ်အစွမ်းလေးတွေ ရှိနေတယ် ဘကျုတ်ရ"

"ဘိုးစံမဲတို့ မဖဲဝါတို့ အခုထိ မကျွတ်သေးဘူးလားကွ တာတေရ"

"ဟာ ဘကျုတ်ကလည်း သူတို့ဘုံဘဝရဲ့ သက်တမ်းနဲ့ လူ့ဘုံရဲ့သက်တမ်းက ကွာတယ်လေကွာ။ ခုထိ မကျွတ်ကြသေး ဘူး။ ဘိုးစံမဲကြီးက ကွင်းပိုင်ကြီးလေကွာ၊ မဖဲဝါက သချိုင်း အပိုင်စားကွ"

"ကွင်းပိုင်ကြီးဆိုတာ တစ်ပွဲစားကြီး ဘိုးစံမဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ"

"ဩော်…ဒီလောကမှာ တို့ရွာက ဘိုးစိုလို လူမျိုးတွေလည်း ရှိတာကိုး"

"ရှိတာပေါ့ကွာ၊ နို့ နေပါဦး ဘကျုတ်ရဲ့၊ မင်း အခုငါ့ဆီကို လာရတဲ့အကြောင်းကိုလည်း ပြောဦးလေကွာ"

"အေး ဟုတ်သားပဲကွာ၊ ဘိုးစိုအကြောင်း ပြောရ၊ ဘိုးစံမဲတို့ မဖဲဝါတို့အကြောင်း ပြောရနဲ့ လာရင်းကိစ္စကိုတောင် မပြောမိဘူး ဖြစ်နေတယ်ကွ"

ဘကျုတ်က နဂါးဆေးပေါ့လိပ်ကို နှစ်ဖွာ သုံးဖွာ ဆက်တိုက်ဖွာလိုက်ပြီးတော့ ပြာခံခွက်ထဲမှာ ချထားလိုက်တယ်။

"ဒီလို တာတေရေ၊ တစ်ပွဲစားကြီး ဘိုးစို ငါတို့ရွာကနေ အပြီးပျောက်သွားတာ ကြာလှပြီကွ၊ သူ့မိသားစုကလည်း အပြီးရောင်းချပြီး ပြောင်းသွားတာ ကြာပြီပဲ။ ခုလောက်ဆိုရင် ဖွားသီလရှင် ဝတ်သွားတဲ့ ဒေါ်မယ်ပုတောင် ရှိသေးရဲ့လား မသိဘူးကွ။ ဟိုတစ်ညကတော့ ငါတို့ညောင်ဝိုင်းမှာ တစ်ရွာလုံးမှာရှိတဲ့ ခွေးတွေ ပြိုင်တူအူလိုက်ကြတာကွာ ခွေးအိုကြီးတွေကစပြီး မွေးကင်းစအကောင်အထိ တစ်ကောင်မှကို မကျန်ဘူးဟေ့"

"ဟာ ဟုတ်လား၊ ဘိုးစိုရှိတုန်းက အူတဲ့ပုံစံပဲသား"

"ဟုတ်ပါ့ဗျာ၊ အဲဒီအတိုင်းကို အူတာကွ၊ ခွေးတွေအူပြီး



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ရွာထဲကို ဝင်လာတဲ့ ခြေသံကြီးကွာ ကြောက်စရာကောင်းလိုက်တာ တာတေရာ၊ 'ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း' ဆိုပြီး တစ်လှမ်းချင်း လှမ်းဝင်လာတာကွ။ ကလေးအမေတွေဆိုရင် ကလေးတွေကို နားတွေ လက်နဲ့အုပ်ထားကြရတာဆိုပဲ"

"ဒါဆိုရင် ဘိုးစိုး ပြန်ရောက်လာတာ ဖြစ်မှာပေါ့ကွ"

"အေး ဟုတ်တယ် တာတေ၊ ငါတို့တစ်ရွာလုံးကလည်း ဒီအတိုင်းပဲ ထင်ကြတာ၊ တခြားသူတွေက သေပြီးမှ သရဲဖြစ်သွားတာမို့လား၊ သူ့မိသားစုကို မှတ်မိချင်မှ မှတ်မိမှာပေါ့ကွာ၊ ဘိုးစိုးကတော့ မသေဘဲ သရဲဘဝကို ကူးသွားတာဆိုတော့ သူ့မိသားစုကို မေ့ပုံမပေါ်ဘူးကွ"

"အင်း...မင်းပြောတာ ဖြစ်နိုင်တယ် ဘကျုတ်၊ အေး ပြောပါဦးကွ၊ နောက်တော့ တစ်ပွဲစား သရဲကြီးက ဘာလုပ်တုံး"

"သူ့အိမ်ရှေ့ရောက်တော့ ခြေသံပျောက်သွားတယ်ကွ၊ ခွေးတွေကတော့ ရပ်သွားလိုက်၊ ခဏကြာရင် ထအူလိုက်နဲ့ တစ်ရွာလုံး ဘယ်သူမှ မအိပ်ရဲကြတော့ဘူးပေါ့ကွာ"

"သူအိမ်ကို ပြန်လာတာရှိမယ်ကွ"

ကျုပ်ကလည်း ကျုပ်တွေးမိတာကို ပြောပြတာပေါ့ဗျာ။

"သူ့တိုက်ကို အရိုးမယ်ပုဆိုးက ဝယ်ထားလိုက်တဲ့ လူတွေကလည်း ကြောက်ကြတာပေါ့ကွာ၊ တစ်ပွဲစား သရဲကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူတို့အိမ်ရှေ့မှာ ရပ်နေတာကို အိမ်ထဲကလူတွေသိတော့ အသား ဆတ်ဆတ်တုန်အောင် ကြောက်ကြတာတဲ့ကွ"

"ဒါတော့ ဟုတ်မှာပေါ့ ဘကျုတ်ရာ၊ လောကမှာ သရဲ မကြောက်တဲ့လူဆိုတာ ရှားသားကလား။ လူမပြောနဲ့၊ ခွေးတွေ၊ နွားတွေတောင် သရဲကြောက်ကြတာကွ"

"သရဲကြောက်တဲ့အထဲမှာ မင်းတော့ မပါလောက်ဘူး ထင်တယ် တာတေ"

ဘကျုတ်က ကျုပ်ကို ပြုံးဖြဲဖြဲနဲ့ကြည့်ပြီး ပြောတာဗျ။

"ဘကျုတ်ရာ ဘယ့်နှယ်မကြောက်ဘဲ ရှိပါ့မတုံး၊ ကြောက်လိုက်တာမှ ကြက်သီးတွေ တဖျန်းဖျန်းထနေတာကွ၊ တစ်ခါတလေများ ဆံပင်တွေတောင် ထောင်ကုန်တာဟေ့"

"ဟင် ဟုတ်လား၊ ဒါနဲ့များ မင်းက ဒီကိစ္စတွေ လိုက် လုပ်နေရတယ်လို့"

"ဟား၊ ဟား၊ ဟား ဒါကတော့ ဝါသနာကွ ဘကျုတ်ရ၊ ဝါသနာ၊ ဝါသနာ"

"ဪ…အေး၊ ငါ စကားဆက်ရဦးမယ်၊ တစ်ပွဲစား သရဲကြီးက ငါတို့ရွာထဲကို အခု ညတိုင်းလာနေတာကွ၊ အရုဏ် တက်ကာနီးမှ ပြန်သွားတာ။ သူပြန်ထွက်သွားတဲ့ ခြေသံကြီးလည်း ကြားကြရတယ်ကွ။ တစ်ညကတော့ တစ်ပွဲစားကြီးက အိမ်ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေရုံတင် မကတော့ဘဲ…

"မယ်ပု၊ မယ်ပု၊ သမီးမယ်စုံ"

လို့ လှမ်းခေါ်သတဲ့ဟေ့။ ကျန်တဲ့လူတွေကတော့ မကြား ကြဘူးကွ၊ အိမ်ထဲက လူတွေကတော့ အကုန်လုံး ကြားတယ်။ သူတို့လည်း တို့ရွာသားတွေပဲလေကွာ၊ ဘိုးစိုကို သူတို့လည်း ကောင်းကောင်းသိတာပေါ့။ သူတို့ပြောတာကတော့ မယ်ပု၊ မယ်ပုလို့ ခေါ်တဲ့အသံက ဘိုးစိုအသံမှ ဘိုးစိုအသံတဲ့ဗျာ"

"အင်း…ခက်တော့ ခက်တာပဲ ဘကျုတ်ရဲ့၊ သူကလည်း သူ့မိသားစုကို သတိရလို့ လာတာမို့လား၊ တခြားကလည်း မဟုတ်ဘူးလေ၊ ကိုယ့်ရွာသားလေ။ တစ်သက်လုံးလည်း ရွာကလူတွေကို အသားငါး ရှာကျွေးခဲ့တဲ့ လူတစ်ယောက်လေကွာ၊ ပြီးတော့ ကိုယ့်မျက်စိအောက်မှာပဲ တစ်ပွဲစားကြီး ဖြစ်ပြီး သရဲကြီး ဖြစ်သွား တာလည်း တစ်ရွာလုံးက သိနေကြတာမို့လား"

"ဒါပေမဲ့ တာတေရေ၊ ဘိုးစို သရဲက မယ်ပု၊ မယ်ပုလို့ ခေါ်တဲ့ည နောက်တစ်နေ့ မိုးလည်းလင်းရော ဘိုးစိုအိမ်ကို ဝယ်ပြီး နေတဲ့လူတွေ တစ်ခါတည်း ပြောင်းပြေးတော့တာပဲဟေ့။ မင်း စဉ်းစားကြည့်လေကွာ၊ ဒီလူတွေ ပြောတာလည်း မမှားဘူးကွ၊ ပထမရွာထဲဝင်လာပြီး အိမ်ရှေ့မှာ လာရပ်နေတယ်၊ နောက်တော့ သူ့မိန်းမနဲ့ သမီးကို နာမည်ခေါ်တယ်၊ နောက်ဆိုရင် အိမ်ထဲဝင်



www.burmeseclassic.com

www.burmeseclassic.com



မလာဘူးလို့ ပြောလို့ရမလားတဲ့"

"အေး…သူတို့ပြောတာလည်း ဟုတ်တာပဲကွ ဘကျူတ်ရ"

"ငါ အခုလာတာ အဲဒီကိစ္စပဲကွ၊ ငါ့ဘိုး ညောင်ပိုင်း သူကြီးလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိဘူးဟေ့၊ ရွာသားတွေကလည်း ရောက်လာပြီး မျက်နှာငယ်လေးတွေနဲ့ မေးကြလို့ဟေ့။ 'သူကြီး ဘာလုပ်မှာတုံး၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်'နဲ့ပေါ့ကွာ။ ဒီကြားထဲ တချို့ရွာသားတွေကလည်း 'သူကြီးရဲ့ နှစ်လုံးပြူး သေနတ်နဲ့ ပစ်လွှတ်ပါလားဗျ'လို့ ပြောလိုပြော။ 'ဘုန်းကြီးပင့်ပြီး တစ်ရွာလုံး ပရိတ်ရွတ်ဗျာ'လို့ ပြောလိုပြောပေါ့ကွာ။

ငါ့ဘိုးက တွေးတာက တစ်ပွဲစားသရဲကြီးဟာ မသေဘဲ သရဲဖြစ်သွားတာဆိုတော့ ဒီရွာကို သူ့ရွာလို့ သတ်မှတ်နေတာ၊ ဒီရွာသားတွေကိုလည်း သူ့ရွာသားတွေလို့ သိနေတုန်းပဲ။ တစ်ခုခု သွားလုပ်လိုက်တော့မှ တစ်ပွဲစားသရဲကြီးက စိတ်ဆိုးသွားရင် ခက်မယ်ဆိုပြီး ဘာမှမလုပ်သေးတာကွ"

"အေး…မင်းဘိုး သူကြီး ဦးရွှေကျူတ် တွေးတာ မှန်တယ်ကွ ဘကျူတ်ရ"

"တွေးတာတော့ မှန်တယ်ကွ တာတေရ၊ ဒါပေမဲ့ အခြေအနေတွေက အခု အရမ်းဆိုးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ…ဘာတွေဖြစ်သွားလို့တုံး"

"ငါ့ဘိုးက ခဏနေကြပါဦး စဉ်းစားပါရစေဦးဆိုတာကို တချို့ကလည်း မကျေမနပ် ဖြစ်ကြရောဟေ့၊ ဒီသူကြီး လုပ်ပုံနဲ့တော့ ငါတို့တစ်ရွာလုံး ဒုက္ခဖြစ်တော့မယ်ဆိုပြီး ညဘက်ခွေးတွေ အူသံကြားတာနဲ့ သံပုံးတွေတီးကြတော့တာဟေ့၊ တစ်ရွာလုံးကို ညံနေတော့တာပဲကွာ၊ ပြီးတော့ ဘိုးစိုကြီး ဝင်လာတဲ့လမ်းမှာ ပရိတ်ရေတွေ ထွက်ဖြန်းကြတယ်"

"ဟာ…ဒီတော့ ဘာဖြစ်တုံး"

"ဘာဖြစ်ရမှာတုံး တာတေရာ၊ တစ်ပွဲစားသရဲကြီးကို သွားပြီးဆွလိုက်သလို ဖြစ်တော့တာပေါ့ကွာ၊ ပရိတ်ရေဖြန်းနေတဲ့ ကိုကြောင်သိုး ဆိုတဲ့လူကို ဆောင့်တွန်းပစ်လိုက်တာ နေရာမှာတင် ပွဲချင်းပြီးသွားပါရောလား"

"ဟေ…ဟုတ်လား၊ ကိုကြောင်သိုး ဆိုတဲ့လူ သေရောလား"

"သြော်…ပွဲချင်းပြီးပါဆို တာတေရာ၊ ပြီးတော့ ဝိုင်းထဲမှာထွက်ပြီး သံပုံးတီးနေတဲ့ မလုံးဆိုတဲ့ မိန်းမကိုတော့ ခွေးတွေနဲ့ ပက်ပစ်ခဲ့တာ တစ်ကိုယ်လုံးကို ရဲသွားတာဟေ့"

"ဟာ တစ်ပွဲစားကြီး တအားစိတ်ဆိုးသွားပြီကွ၊ မင်းတို့ရွာတော့ မလွယ်ဘူးထင်တယ်။ သူ့မိန်းမနဲ့ သမီးကိုလည်း ရှာလို့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့၊ ဒီကြားထဲ ရွာက သူ့ကို သံပုံးတီးထုတ်၊ ပရိတ်ရေတွေဖြန်း ဆိုတော့ တအားဒေါသဖြစ်သွားတော့တာပေါ့ကွာ"

"အဲဒါ ငါ့ဘိုး ညောင်ဝိုင်းသူကြီးမင်း ဦးရွှေကျုတ်က ဟောဒီကဆရာ ကိုတာတေကို ပင့်ခိုင်းလိုက်လို့ လာပင့်တာပါဗျာ"

"လုပ်ပြန်ပြီ၊ ဒီပင့်တာကြီးက"

အမေနဲ့ အဘကို ပြောပြီး ကျုပ် ဘကျုတ်နဲ့ ညောင်ဝိုင်း ကို လိုက်ခဲ့တယ်။ ဘကျုတ်တို့လှည်းကို မောင်းတာက ညောင် ဝိုင်းက ဆယ်အိမ်ခေါင်း ကိုသန်းတဲ့ဗျ။ လှည်းမောင်းတာ လွတ် ကျွမ်းတဲ့လူပဲဗျ။

ဒါပေမဲ့ ကျုပ်တို့ ညောင်ဝိုင်းကိုရောက်တော့ မိုးတော် တော်ချုပ်နေပြီ။ သူကြီး ဦးရွှေကျုတ်နဲ့ ကျုပ် စကားပြောတယ်။ ပြီးတာနဲ့ ကျုပ်နဲ့ ကျုပ်သူငယ်ချင်းဘကျုတ် ထမင်းအတူတူစား တယ်။ ထမင်းစားပြီးတော့ ကျုပ်က မျက်ကွင်းမှဲဆေးကွင်းပြီး တစ်ပွဲစားသရဲကြီး ဘိုးစိုရဲ့ တိုက်ကလေးကို ထွက်လာခဲ့တယ်။ သူကြီးအမိန့်နဲ့ တိုက်ပိုင်ရှင်တွေက သော့လာပေးထားတော့ ကျုပ်နဲ့ ဘကျုတ်က အဆင်သင့်ဖွင့်ဝင်ပြီး အိမ်ပေါ်ထပ်မှာ နေရာယူထား ကြတာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ၊ ဝူး"

ဟော ခွေးတွေ အူပြီဗျို့။ ဘကျုတ်ပြောတဲ့အတိုင်းပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ရွာထဲမှာရှိသမျှ ခွေးအို၊ ခွေးမင်း၊ ခွေးအဘိုးကြီး၊ ခွေးအဘွားကြီးတွေကစပြီး ခွေးလူပျို၊ ခွေးအပျို၊ ခွေးအိမ်ထောင်သည်၊ ခွေးပေါက်စနကအစ အသံမျိုးစုံနဲ့ကို နေရာအနှံ့က တစ်ပြိုင်နက်ကို အူတော့တာဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

ဟော ကြားပြီဗျို့၊ ခြေသံကြီး ကြားနေရပြီ။ ရွာထဲကို လျှောက်ဝင်လာတာဗျ။ ခုတော့ သံပုံးလည်း မတီးဝံ့တော့ဘူးဗျ၊ ပရိတ်ရေလည်း ထွက်မဖြန်းရဲတော့ဘူး။ တစ်ရွာလုံး အိမ်တံခါးတွေပိတ်၊ မီးခွက်တွေမှုတ်ပြီး ငြိမ်နေလိုက်ကြတာဗျာ၊ လူမနေတဲ့ တစ်ဧပြင်ကြီးကျနေတာပါပဲဗျာ။ လူ့သဘာဝကိုက ဒီအတိုင်းပဲဗျ။ ရဲပြီဆိုရင်လည်း လူလောက်ရဲတာ မရှိဘူးဗျ၊ ကြောက်ပြီဆိုရင်လည်း လူလောက်ကြောက်တာ မရှိတော့ဘူးလေ။ ဟော ရောက်လာပြီ၊ ရောက်လာပြီ၊ ခြေသံကြီးက အိမ်ရှေ့တည့်တည့်မှာ ရပ်သွားပြီ။

ကျုပ်က အဆင်သင့် ရှာထားတဲ့ ပြတင်းတံခါးကြားက အပေါက်ကလေးကနေ ချောင်းကြည့်လိုက်တယ်။

"အောင်မယ်လေးဗျာ"

ကျုပ် လန့်အော်မိတော့မလို့ဗျို့။ စိတ်ထဲမှာတော့ အော်လိုက်မိတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းနောနော အကောင်ကြီးမှ မဟုတ်တာဗျာ။ အရပ်ကြီးက တကယ်ကို ထန်းပင်လောက် ရှိတာဗျို့။ ခြေထောက်ကြီးတွေက သစ်ပင်ကြီးလောက်ရှိတယ်။ နီရဲနေတဲ့ မျက်လုံးကြီးတွေက ပန်းကန်လုံးအကြီးကြီးတွေ မှောက်ထားသလား မှတ်ရတယ်။ ပါးစပ်ပြဲကြီးထဲမှာ အစွယ်ကြီးတွေမှ အရှည်ကြီးကို ထွက်နေတာဗျာ။ တစ်ပွဲစား သရဲကြီးက သူ့ဝိုင်းရှေ့မှာ မားမားကြီး ရပ်ပြီး သူ့အိမ်ကို စိုက်ကြည့်နေတာဗျ။

ဘကျုတ်ကတော့ ဘာမှမမြင်ရဘူးပေါ့ဗျာ။ ကျုပ်ကသာ မျက်ကွင်းဆေး ကွင်းထားလို့ မြင်နေရတာ။ ဘကျုတ်ကတော့ ကျုပ်လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။

တစ်ပွဲစား သရဲကြီးက ပါးစပ်ပြဲပြဲကြီးကို ဟပြီး လျှာနီနီကြီး တွဲလောင်းကျလို့ဗျ။ ဟာ ငိုနေတာဗျ။ ငိုနေတာ။ ရင်ဘတ်ကြီး လှိုက်လှိုက်ပြီး ရှိုက်ငိုနေတာဗျို့။

ကျုပ်တောင် မျက်ရည်ဝိုင်းလာတယ်။

"မယ်ပု၊ မယ်စုံ နင်တို့ ဘယ်ရောက်သွားကြတာတုံး"

သရဲကြီး ပြောတာကို ကျုပ်ကတော့ ကြားရတယ်။ ဘကျုတ်ကတော့ ကြားပုံမပေါ်ဘူးဗျ။ မနက်လင်းအားကြီးအထိ ဘိုးစိုသရဲကြီးက ငိုနေတုန်းဗျာ။ လူစင်စစ်ကနေ ဒီလိုပုံစံကြီးကို မသေဘဲ ပြောင်းသွားတာတော့ ကျုပ် အံ့သြလို့ မဆုံးနော့ဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပော သွားပြီဗျို့၊ သွားပြီ။ တစ်ပွဲစားကြီး ချာကနဲလှည့်ပြီး ရွာထဲက ပြန်ထွက်သွားပြီ။ ခွေးသံစုံ အူသံကလည်း တစ်ရွာလုံးကို ညံသွားတာဗျို့။

နောက်တစ်နေ့မှာ စီစဉ်စရာတွေအားလုံး စီစဉ်ထားလိုက်တယ်။ ညကိုးနာရီမှာ ညောင်ဝိုင်းက နတ်ကတော် ဒေါ်ကျင်ပုကို ခေါ်ပြီး ညောင်ဝိုင်းသချိုင်းထဲမှာ မဖဲဝါကို ပင့်ရတယ်။ စားပွဲသောက်ပွဲနဲ့ ကျွေးမွေးပြီး အကျိုးအကြောင်းအစုံ ပြောပြရတယ်။ ပရိတ်ရေဖြန်းတဲ့ ကိုကြောင်သိုး သေတာကအစ သံပုံးတီးတဲ့ မလုံးကို သွေးတွေနဲ့ ပက်သွားတာပါမကျန် ကျုပ်က ပြောပြလိုက်တယ်။

"တာတေ ငစိုက တစ်ပွဲစားသရဲ၊ အကုသိုလ် သိပ်ကြီးတဲ့အကောင်၊ သူ့အတွက် လှူဒါန်းပေးလို့လည်း အပိုပဲ၊ သူကျွတ်ဖို့ဆိုတာ အဝေးကြီး လိုသေးတယ်။ သူ့လို တစ်ပွဲစားတွေကျတော့ နတ်မင်းကြီးတွေနဲ့ပဲဆိုင်တယ်။ ငါ နတ်မင်းကြီးကို ခုချက်ချင်း သွားပြီး လျှောက်ပေးမယ်"

သချိုင်းက ပြန်လာတာနဲ့ နတ်ကတော်ကြီးကို အိမ်ပြန်ပို့လိုက်တယ်။ ပြီးတော့ ကျုပ်နဲ့ ဘကျွတ် ဘိုးစိုတို့တိုက်ကို တံခါးဖွင့်ပြီး ဝင်လာခဲ့ရောဗျ။

ညသန်းခေါင်လောက်ရောက်တော့ ထုံးစံအတိုင်းပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး၊ ဝူး"

သြောင်ဝိုင်းဓာတ်စစ်စစ်ဖြစ်တဲ့ ခွေးလောကကြီးတစ်ခုလုံး အူကြတာဗျို့။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

တစ်ပွဲစားကြီး လာပြီဗျို့။ ဟော အိမ်ရှေ့ကို ရောက်ပြီ။ မနေ့ကညကလိုပါပဲဗျာ၊ မတ်တတ်ကြီးရပ်ပြီး ရှိုက်ကြီးတငင် ငိုနေပြန်တာပါပဲဗျာ။ ခဏနေတော့ အငိုရပ်ပြီး ဟိုကြည့် ဒီကြည့် လုပ်နေတယ်ဗျ။

"မယ်ပုနဲ့ မိစုံ၊ ငါသွားရတော့မယ်၊ နတ်မင်းကြီးကိုယ်တိုင် ငါ့ကို အမိန့်ပေးနေပြီ၊ နောင်ဆိုရင် လူတွေနေတဲ့ ရပ်ထဲရွာထဲကို ငါဝင်ခွင့်မရှိတော့ဘူး၊ နင်တို့ကို လွမ်းလို့တောင်မှ ဒီအိမ်ကို လာကြည့်ခွင့်ရမှာ မဟုတ်တော့ဘူး မယ်ပုရေ၊ နင် အကြိမ်ကြိမ် သတိပေးတဲ့ကြားက နင့်စကားကို ငါနားမထောင်မိလို့ ဒီလိုဘဝမျိုးကို ရောက်ခဲ့ရတယ်ဆိုတာ ငါသိတယ် မယ်ပု၊ ငါသိတယ်"

တစ်ပွဲစား သရဲကြီး နောင်တရသွားပုံပဲဗျ။ ဒါပေမဲ့ သိပ်နောက်ကျသွားခဲ့ပြီပေါ့ဗျာ။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"

တစ်လှမ်းချင်း လှမ်းပြီး ရွာထဲက ပြန်ထွက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကြီးကို ကျုပ် လိုက်ပြီးနားထောင်နေမိတယ်။ တစ်ပွဲစားကြီး ဘိုးစိုး ဒီရွာထဲကို ဘယ်တော့မှ လာမှာမဟုတ်တော့ပါဘူးဗျာ။

နောက်တစ်နေ့မှာ ဘကျုတ်က ကျုပ်ကို လှည်းနဲ့ ပြန်ပို့ပေးခဲ့တယ်။

□□□

တာတေ





www.burmeseclassic.com

www.burmeseclassic.com



# တွင်းဘောင်းတစ္ဆေ

ဒီကောင်ကို ကျုပ်တို့သူငယ်ချင်းအားလုံးက ဗုံရိုစ်လို့ ခေါ်တာဗျ။ ခေါင်းက ကြီးကြီး၊ နဖူးက ပြောင်ပြောင်၊ မျက်လုံး

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



တ ပြူးပြူး၊ မျက်နှာပေါက်ကလည်း စုတ်ချွန်းချွန်းနဲ့ဗျ။ ဒါကြောင့်လည်း ပုရစ်လို့ ခေါ်တာပေါ့ဗျာ။

စကားပြောတော့လည်း ခင်ဗျား နားထောင်ကြည့်၊ ပုရစ်သံ၊ စူးစူးရှရှ အသံမျိုးဗျ။ ဒီကောင့်နာမည်က သိန်းအေးတဲ့။ ဒါပေမဲ့ တစ်ရွာလုံးက သိန်းအေးလို့ ဘယ်သူမှ မခေါ်ဘူး၊ ပုရစ်ပဲ ခေါ်ကြတာ။

သိန်းအေးကို ပုရစ်လို့ ခေါ်ရတဲ့နောက်အကြောင်းတစ်ခု ရှိသေးတယ်ဗျ။ အဲဒါကတော့ တော်တော်ထူးဆန်းတဲ့ ကိစ္စတစ်ခုပဲဗျာ။ ဘာလဲဆိုတော့ ပုရစ်နဲ့တူတဲ့ သိန်းအေးက ပုရစ်ဖမ်းတဲ့နေရာမှာ အတော်ဆုံးမို့လို့ပဲဗျ။ ကျုပ်တို့ ထနောင်းကုန်းတစ်ရွာလုံးမှာ သိန်းအေးလောက် ပုရစ်နှိုက်တော်တဲ့ကောင် တစ်ကောင်မှကို မရှိတာဗျ။

ဟိုတုန်းက ကျုပ်သူငယ်ချင်း အောင်စိန်တို့ လျှင်တယ်ဆိုပေမယ့်လည်း ပုရစ်ဖမ်းရင်တော့ သိန်းအေးကို ဘယ်လိုမှကို မယှဉ်နိုင်တာဗျ။ နောက်ပြီးတော့ ပုရစ်ဆိုတဲ့ကောင်က လူကောင်သေးသေးညှက်ညှက်ကလေးဗျ။ အင်္ကျီချွတ်ထားရင် ရင်ဘတ်မောက်မောက်ကလေးနဲ့။

ပုရစ်က သူ့ရဲ့ အသံစီစီ စူးစူးရှရှလေးနဲ့ စကားကိုအော်ဟစ်ပြောတဲ့အခါ ရွာထဲကလူတွေက···



www.burmeseclassic.com

www.burmeseclassic.com



"ပုရစ်ရာ မင်းကလည်း စကားကို ပုရစ်သံနဲ့ ပြောနေပြန်ပြီ"

လို့ ပြောကြသဗျ။ အဲဒီအခါမျိုးဆိုရင် နောက်တစ်ယောက်က...

"ဟကောင်ရ၊ ပုရစ်ပါဆိုနေမှ ပုရစ်သံနဲ့ ပြောမှာပေါ့ကွ"

လို့ ပြောကြတယ်။ ပုရစ်က ကျုပ်သူငယ်ချင်းဗျ။ ဒါပေမဲ့ ဒီကောင်က မြို့ကျောင်းတော့ မတက်ဘူးဗျ။ လေးတန်းအောင်ပြီးတော့ ရွာမှာပဲ နေခဲ့တော့တာ။

ဒါပေမဲ့ ရပ်ရေးရွာရေး ရှိလို့ကတော့ ပုရစ်က ကျုပ်တို့ အရင်ရောက်နေတဲ့ကောင်ဗျ။ ပြီးတော့ ပုရစ်က လွှတ်ဖင်ပေါ့တာ။ ဘာပဲလုပ်စရာရှိရှိ သူများအလုပ်ကို ထိုင်စောင့်နေတာ မဟုတ်ဘူး။ ရှေ့က ထလုပ်တဲ့ကောင်။

ပုရစ်က ပုရစ်နှိုက်တဲ့နေရာ၊ ပုရစ်ဖမ်းတဲ့နေရာမှာတင် ချန်ပီယံဖြစ်တာ မဟုတ်ဘူးဗျ။ တောထဲဝင်ပြီး ခါထောင်တဲ့နေရာမှာလည်း လွှတ်တော်တာဗျ။ ခါထောင်တယ်ဆိုတာ တည်တဲ့ ခါတစ်ကောင် ရှိရတာဗျ။ ပုရစ်မှာ ခါတည်ဖို့ ခါတွေ မွေးထားတာ ရှိတယ်လေဗျာ။

ခါသားစားချင်လို့ကတော့ ပုရစ်ကိုသာ ပြောလိုက်၊ ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရင် တစ်ရက် နှစ်ရက်စောင့်၊ ခင်ဗျား ခါသားဟင်းနဲ့ ထမင်း တစ်ဝစားဖို့သာ ပြင်ထား။ ဟိုတုန်းကဆိုရင် ပုရစ်မှာ ကြက်တည် တဲ့ တောကြက်တစ်ကောင် ရှိတယ်ဗျ။ အဲဒီတည်ကြက်ကလေး ရှိတုန်းကဆိုရင် ကျုပ်တို့သူငယ်ချင်းတစ်စု ထန်းရည်ခါးနဲ့ ကြက် သားဆိုတာ သိပ်ပြတ်လှတယ်တို့ မရှိတာဗျ။

ကျုပ်တို့အညာမှာ ဆောင်းမြေပဲနှုတ်တဲ့အချိန်ဆိုတာ တော်တော်အေးနေပြီဗျ။ ပဲနှုတ်၊ ပဲခြွေနဲ့ တစ်နေကုန် ပင်ပန်းကြ တော့ ညဆိုရင် တုံးထိုးထားသလို အိပ်ကြတော့တာပေါ့ဗျာ။ ပဲသိမ်းလို့ပြီးပြီဆိုတော့ ဆီကြိတ်ဖို့ လှမ်းတာလှမ်း၊ ထွတ်တာထွတ် လုပ်ကြရပြန်ရောဗျ။

ညနေစောင်းမှ ကျုပ်လည်း အလုပ်တွေ နားလိုက်ပြီး ရေမိုးချိုးရတာဗျို့။ ကျုပ်ရေမိုးချိုး အဝတ်အစားလဲပြီး ကွပ်ပျစ်မှာ နဂါးဆေးပေါ့လိပ်ကလေး ထိုင်ပြီးဖွာနေတုန်း ရှိသေးဗျာ။

"ဟေ့ကောင် တာတေ၊ အလုပ်တွေ ပြီးပြီလားကွ"

ဝိုင်းဝက အော်ပြောတဲ့ အသံဗျ။ ကျုပ် လှည့်ကြည့်စရာ တောင် မလိုပါဘူးဗျာ။ ဒီတစ်ရွာလုံးမှာ ဒီအသံမျိုးက ဒီတစ်သံပဲ ရှိတာဆိုတော့…

"ဟေ့ကောင် ပုရစ် လာလေကွာ၊ မတ်တတ်ကြီးရပ်လို့ ဘာလုပ်နေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဟ တာတေ၊ ထိုင်ဖို့လာတာ မဟုတ်ဘူးကွ၊ သွားဖို့ လာခေါ်တာ"

"ကျုပ်က ပုရစ်ကို လှမ်းကြည့်လိုက်တယ်။ ပုရစ်က သူ့လက်ထဲမှာ ကိုင်လာတဲ့ ငှက်ပျောဖက်ထုပ်ကြီးကို မြှောက်ပြတယ်။

"ဘာထုပ်ကြီးတုံးကွ ပုရစ်ရဲ့"

"ခါတွေလေကွာ၊ ငါ မနေ့က ခါထောင်တာ အကောင် သုံးဆယ်လောက် ရလို့ကွ၊ သေသေချာချာ ကြော်ထားတာ၊ လာကွာ ကိုထွန်းကျော်ကြီးထန်းတဲ သွားရအောင်"

တာတေတို့က ဒါမျိုးဆိုရင် နှစ်ခါခေါ်ရရိုး ရှိတာမှ မဟုတ်တာ။ အိမ်ပေါ် ကပျာကယာတက်၊ သေတ္တာဖွင့် ပိုက်ဆံ ယူ။ ပြီးတော့ ပုရစ်နဲ့ ရွာပြင်ကို သုတ်ခြေတင်တော့တာပေါ့ဗျာ။

ပုရစ်က ခါကြော်လာမှတော့ ကျုပ် ထန်းရည်ဖိုး ရှင်းရမှာပေါ့ဗျာ။ ဒီနေ့လည်း ကိုထွန်းကျော်ထန်းတဲက လူအပြည့်ပဲဗျ။ ဝါးကွပ်ပျစ်တွေပြည့်လို့ ကျုပ်တို့နှစ်ယောက် ထနောင်းပင်လေး အောက်မှာ ထန်းကျောဖျာတစ်ချပ်ခင်းပြီး နှစ်ယောက်တစ်ဝိုင်း ဖွဲ့ရတော့တာပေါ့ဗျာ။

ပုရစ် ယူလာတဲ့ ခါကြော်ထုပ်ကို ဖြည်ပြီး ဝိုင်းအလယ် မှာ ထားလိုက်တယ်။ ကိုထွန်းကျော်က ထန်းရည်နှစ်မြူနဲ့ အုန်း



www.burmeseclassic.com

www.burmeseclassic.com



မှုတ်ခွက်ပက်ကလေးနှစ်ခွက် ယူလာပေးတယ်။ ကျုပ်က အိတ်ကပ်ထဲမှာ ထည့်လာတဲ့ နဂါးဆေးပေါ့လိပ်တွေကို ထန်းကျော့ဖျာပေါ်မှာ ချလိုက်ပြီး အိတ်ကပ်ထဲမှာ အဆင်သင့်ထည့်လာတဲ့ မနုဖြူမီးခတ်ကိုပါ ထုတ်ယူလိုက်တယ်။

ပုရစ်က နဖူးပြောင်ပြောင်၊ မျက်လုံးပြူးပြူးကြီးနဲ့ ကျုပ်ကို မော့ကြည့်ပြီး ပြုံးတယ်ဗျာ၊ ပုရစ်ပြုံးပေါ့ဗျာ။

"ဟဲ…ဟဲ ငါ့ကောင်တာတေကတော့ နဂါးမှ နဂါးပဲကွာ၊ သွားလေရာမှာ နဂါးပါ ဆိုတာလို ဖြစ်နေပေါ့ပဲ"

"ဟာ…မရဘူး ပုရစ်ရဲ့၊ တခြားဆေးလိပ် ပြောင်းသောက်လိုက်တာနဲ့ ချောင်းဆိုးတော့တာကွ၊ ဒါကြောင့် မင်းပြောသလိုပဲ သွားလေရာမှာ နဂါးပါ ဖြစ်နေရတာပေါ့ကွာ"

ကျုပ်နဲ့ ပုရစ်နဲ့ ရောက်တတ်ရာရာတွေပြောပြီး ပုရစ်ထောင်လာတဲ့ ခါကြော်လေး တဝါးဝါး ပင်ကျရည်လေး တကျိုက်ကျိုက်ပေါ့ဗျာ။

"ပုရစ်ချိန်ကုန်သွားလို့ကွ တာတေရ၊ မဟုတ်ရင်တော့ ပုရစ်ကြော်လေးပါ မင်း မြည်းရမှာ"

"အခုလည်း မင်းထောင်ထားတဲ့ ခါကြော်တွေက ဘော်တော်ကို ကောင်းတာပါ ပုရစ်ရာ၊ မင်းကတော့ ခါတည့်ကြက်တည် လွတ်တော်တဲ့ ကောင်ပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား၊ ဟား၊ ဟား အကုသိုလ်များခဲ့တဲ့ကောင်ဆိုတော့ အကုသိုလ်အကျိုးပေးသန်တယ်နဲ့ တူပါရဲ့ကွာ"

"ဒါကတော့ ပုရစ်ရယ်၊ မင်းတို့ ငါတို့လို တောသူ တောင်သားတွေဟာ အကုသိုလ် ကြီးကြီးမားမားတွေကိုသာ ရှောင် နိုင်ကြမှာပေါ့၊ အကုသိုလ် သေးသေးမွှားမွှားတွေကတော့ ကြုံကြရ မှာပဲလေကွာ၊ တို့ဆီမှာက ပိုက်ဆံရှိရင်တောင် ဝယ်စားဖို့ ဈေးတွေ ဘာတွေ ရှိတာမှ မဟုတ်တာ။ ကိုယ့်မိသားစုစားဖို့ အသားငါးကို ကိုယ်တိုင်ရှာကြရ၊ အိမ်မှာ မွေးထားပြီး ကိုယ့်ဟာကိုယ်ပဲ သတ် စားကြရတာမို့လား ပုရစ်ရ"

"ဟုတ်တာပေါ့ တာတေရာ၊ ဩော် ဒါထက် နေဦးကွ၊ မင်းကို ထူးဆန်းတာလေးတစ်ခု ပြောရဦးမယ်"

"ဟေ...ဘာများတုံးကွ ပုရစ်ရ"

"မင်း ငါတို့ယာထဲက တောင်ပို့ကုန်းယာကို သိတယ် မို့လား"

"ဟာ သိတာပေါ့ကွ၊ တောင်ပို့တွေ နှစ်ခုလား သုံးခုလား ရှိတယ်လေကွာ"

"သုံးခုကွ၊ ဒါပေမဲ့ တစ်ခုက ခပ်နိမ့်နိမ့်ပါ၊ နှစ်ခုကတော့ နည်းနည်းမြင့်တယ်"

"ဩော်..သိပြီ၊ သိပြီ၊ အေး..အဲဒါ ဘာဖြစ်လို့တုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ပုရစ်တွေ ဘယ်လောက်အချိန်ကုန်ကုန် ငါတို့ယာထဲက တောင်ပို့အောင်းတဲ့ ပုရစ်နှစ်ကောင်ကတော့ ဘယ်တော့မှ အချိန်မကုန်ဘူးဟေ့"

"ဟင်...ဘာဖြစ်လို့တုံးကွ"

"အရှေ့ဘက်က တောင်ပို့က ပုရစ်က ပကျစ် ပကျစ်လို့ အော်လိုက်ရင် အနောက်ဘက် တောင်ပို့က ပုရစ်ကလည်း ပကျစ် ပကျစ်လို့ ပြန်ပြီးအော်သကွ။ တစ်ခါ တစ်ခါတော့ အဲဒီပုရစ်နှစ်ကောင်ဟာ အချီအချ စကားတွေ ပြောနေကြသလားလို့တောင် ငါ ထင်တယ်ကွ"

"ဟား၊ ဟား၊ ဟား မင်းဟာက ဘာများတုံးမှတ်တယ်၊ ပုရစ်အော်တာကို သုတေသနလုပ်နေတာကိုး"

ကျုပ်တို့နှစ်ယောက် ခါကြော် စားလိုက်၊ ထန်းရည် ကျိုက်လိုက်ပေါ့ဗျာ။

"ဒါဆို အဲဒီပုရစ်တွေ မင်း မနှိုက်ဘူးလားကွ"

"ငါ လိုက်ရှာဖူးတယ်ကွ၊ သူတို့ကို နှိုက်ဖို့နေနေသာ တွင်းပေါက်တောင် ရှာလို့မရဘူးဟေ့။ အသံကတော့ ပကျစ် ပကျစ်နဲ့ အမြဲထွက်နေတာကွ။ တစ်ကောင်က သံရှည်ဆွဲပြီးအော်ရင် နောက်တစ်ကောင်ကလည်း သံရှည်ဆွဲပြီး အော်တော့တာဟေ့။ တစ်ကောင်က သံပြတ်အော်ရင် နောက်တစ်ကောင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သံပြွတ်နဲ့ အော်တာကွ၊ အဲဒီပုရစ်နှစ်ကောင်က တော်တော်တော့ ထူးဆန်းသားကွ။ သူတို့မှာ ပုရစ်ရာသီဆိုတာ မရှိဘူးကွ၊ အမြဲတမ်း အော်နေကြတာ"

"အေးလေ၊ ငါတို့ထနောင်းကုန်းက ပုရစ်နိုက် ချန့်ပီယံကိုပုရစ်တောင် လက်လျှော့ရတဲ့ ပုရစ်တွေဆိုတော့လည်း ပေါ့သေးသေးတော့ ဟုတ်မယ်မထင်ဘူးကွ"

ကျုပ်က ပုရစ်ပြောတဲ့ တောင်ပို့ထဲက ပုရစ်တွေကို လက်ခံလိုက်ရတာပေါ့ဗျာ။

ကျုပ်နဲ့ ပုရစ် ရွာထဲပြန်ရောက်တော့ မိုးတောင်ချုပ်နေပြီဗျ။

"ဟဲ့ တာတေ၊ ထတော့လေ၊ နင့်ကို ခိုင်းစရာရှိလို့ဟဲ့"

နောက်နေ့မနက်ကျတော့ အမေ လာနှိုးမှပဲ ကျုပ် နိုးတော့တာဗျ။ မျက်နှာသစ်၊ ထမင်းကြမ်းစားပြီး နဂါးဆေးပေါ့လိပ်ကလေး ဖွာနေတုန်း…

"တာတေ၊ နင် ဘန့်ဘွေးကုန်း သွားစမ်းပါဟယ်"

"ဟင် ဘယ်သူ့ဆီ သွားရမှာတုံး"

"ဘန့်ဘွေးကုန်းမြောက်ပိုင်းက မိပိုင်းတို့အိမ်ကို"

"ဩော်…ကိုစံရွှေတို့အိမ်ကိုလား၊ ဘာပြောရမှာတုံး"

"မနေ့က စံရွှေ့မယား မိပိုင်း လာပြောတယ်၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ထိန်ကုန်းက တရုတ်ကျောက်တို့ ဝက်ပေါ်မလို့တဲ့၊ အဲ့ဒါ သူတို့ အိမ်ကို လာပို့မှာပြောတယ်၊ ငါ နှစ်ပိဿာ မှာထားတယ်၊ ဆရာတော့်ကျောင်းကိုလည်း ဆွမ်းအုပ်ပို့မလို့လေ။ နင် အဲဒါသွားယူလိုက်၊ ပိုက်ဆံလည်း တစ်ခါတည်းယူသွား၊ တစ်ပိဿာ ဆယ့်ငါးကျပ်တဲ့။ ငွေသုံးဆယ် ယူသွား၊ ဘုရားစင်ထောင့်မှာ ငါ တင်ထားတယ်"

"ဟုတ်ကဲ့ အမေ၊ ကျုပ် တောင်းလေးယူသွားမယ်"

"အေး ယူသွား၊ အထဲမှာ ငှက်ပျောဖက်ခင်းခဲ့ဦး၊ ဒီအတိုင်း ပခုံးပေါ်ထမ်းလာရင် အကျီတွေ သွေးစွန်းကုန်ဦးမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျုပ်က ခွက်ဝင်တောင်းကလေးအထဲမှာ အိမ်ကပဲ ငှက်ပျောဖက်ခုတ်ပြီး တစ်ခါတည်း ခင်းသွားလိုက်တယ်။ အပေါ်က အုပ်ဖို့လည်း ငှက်ပျောဖက် အပိုယူသွားလိုက်တယ်။

ကိုစံရွှေတို့လင်မယားကလည်း ကျုပ်တို့အတွက် ဝက်သား တစ်ပိဿာတွဲ နှစ်တွဲကို အဆင်သင့် ဖယ်ထားပြီးသားဗျ။ ကျုပ် အိမ်ပြန်ရောက်တာနဲ့ အမေက ဝက်သားကိုင်တော့တာဗျို့။

ကျုပ်ကတော့ အမေ့ရဲ့ မြေရှုတ်ဆုံလေးနဲ့ ငရုတ်သီး ထောင်းရတော့တာပေါ့ဗျာ။

"ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



မြေရေတ်ဆုံကို သစ်သားကျည်ပွေ့နဲ့ ထောင်းတဲ့အသံက ကျောက်ရေတ်ဆုံထောင်းတဲ့အသံမျိုးနဲ့ မတူဘူးဗျ။ 'ခွပ်၊ ခွပ်'လို့ အသံထွက်တာ။

ကျုပ်တို့ တောသူတောင်သားဆိုတာ ရေတ်သီးကို ညက်ပြီး စေးပိုင်နေအောင် ထောင်းကြတာဗျ။ ရေတ်သီးလေးစိတ်ကွဲထောင်းရင် လူကြီးတွေက အားကြီးစိဝ်ဆိုးတာ။

ကျုပ်တို့ငယ်ငယ်ကတည်းက ရေတ်သီးထောင်းရင် အစေ့ပျောက်ပြီး အစေးပေါက်နေမှကြိုက်တာ။ အစေ့မပျောက်ရင် ချက်ချင်းခေါ်ပြီး ပြန်ထောင်းခိုင်းတာဗျ။ ကျုပ်တို့ကလည်း နှစ်ခါ ပြန်မထောင်းရအောင် တစ်ခါတည်းနဲ့ ညက်အောင်ထောင်းကြရ တော့တာပေါ့ဗျာ။

ဝက်သားနူးသွားတော့ အမေက ဆွမ်းချိုင့်ပြင်တယ်။ ပြီးတော့ ကျုပ်က ချိုင့်ဆွဲပြီး အမေ့ကို ဘုန်းကြီးကျောင်းလိုက်ပို့ တယ်။ ကျုပ်ဆရာတော်ရဲ့ ပုဗ္ဗာရုံကျောင်းပေါ့ဗျာ။

ဆွမ်းချိုင့်ပို့ပြီး အိမ်ပြန်ရောက်တော့ အမေ့လက်ရာ ဝက်သားဟင်း ကျုပ် ထမင်းစားလိုက်တာ သုံးပန်းကန်နဲ့ မဝလို့ ထပ်ထည့်ရသေးတယ်။ လူကြီးတွေပြောသလို နံရိုးဖဲထိုးကိုင်း ဖြစ်ရောပေါ့ဗျာ။

ဗိုက်လေးသွားတော့ မန်ကျည်းပင်အောက်က ကွပ်ပျစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝါးပိုးခြမ်းခေါင်းအုံးလေးအုံးပြီး ကျုပ် အိပ်ရောဗျ။

အိပ်ရာကနေ နိုးလာပေမယ့် မျက်လုံးက ဖွင့်လို့သိပ်မရချင်ဘူးဗျ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

ကျုပ် ချက်ချင်းခေါင်းထောင်ကြည့်လိုက်တယ်။ ကျောက်ခဲဗျ။ ကျုပ်ခေါင်းထောင်ကြည့်တာ မြင်တော့မှ ဒီကောင် ဝိုင်းထဲဝင်လာတာဗျ။

"ဟေ့ကောင် ကျောက်ခဲ၊ လာလေကွာ"

ဒီကောင် ကျုပ်ဘေးက ကွပ်ပျစ်မှာ ဝင်ထိုင်တယ်။

"ကိုကြီးတာတေ၊ ရွာထဲကသတင်း ကြားပြီးပြီလား"

"ဟေ…ဘာသတင်းတုံးကွ ကျောက်ခဲရ၊ ငါ ဘာမှမကြားမိပါလား"

"ကိုကြီးတာတေ ဒီနေ့ ဘယ်မှမရောက်သေးဘူး ထင်တယ်"

"ဟာ ရောက်ပါတယ်ကွ၊ မနက်က အမေနဲ့ ငါ ဆွမ်းချိုင့်သွားပို့သေးတာပဲ"

"အနောက်ပိုင်းမှာ ဖြစ်တာဗျ"

"ဟင်…ဘာဖြစ်လို့တုံးကွ"

"မီးဖိုချောင်းက ထမင်းတွေ ဟင်းတွေ စားသွားလို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းတွေ ဟင်းတွေကို ဘယ်သူက စားသွားတာတုံး၊ ခွေးတွေဘာတွေ ရှိမှာပေါ့၊ မီးဖိုတံခါး ပွင့်နေတာ ဖြစ်မှာပေါ့"

"မဟုတ်ဘူးဗျ၊ ကိုကြီးတာတေရ၊ မနက်က ဘန့်ဘွေး ကုန်းက ကိုစံရွှေတို့က ဝက်သားဆုံသားတွေ ရောင်းလို့ ကျုပ်တို့ ရွာက တော်တော်များများ သွားဝယ်ကြတယ်"

"အေး…ငါလည်း သွားဝယ်တယ်လေကွာ၊ ဒီမနက် ဆွမ်းချိုင့်ပို့တာ၊ အဲဒါကြောင့်ပေါ့"

"ကိုကြီးတာတေက ဆွမ်းချိုင့်ပို့လိုက်ရသေးတယ်။ အဲဒီ လူတွေက ပို့ကို မပို့လိုက်ရတာ။ ဟင်းနူးတော့ အိုးတွေလှပ်ပြီး အအေးခံထားတာတဲ့၊ ဆွမ်းချိုင့်ပြင်ဖို့ မီးဖိုထဲဝင်လာတော့ ဝက် သားတွေ တစ်အိုးလုံး ပြောင်နေတာတဲ့ဗျာ။ အိုးကပ်တောင် မရှိ ဘူးဆိုပဲ"

"ဟ…ဒါ ဘယ်လိုဖြစ်တာတုံး၊ နွေခင်းကြောင်တောင် ကြီးမှာ"

"ပြီးတော့ တစ်အိမ်တည်း မဟုတ်ဘူးဗျ၊ သုံးလေးအိမ် ဖြစ်တာ"

"ဟေ…ဟုတ်လား၊ ဒါဆိုရင်တော့ တော်တော်ကို ထူး တာပဲကွ ကျောက်ခဲရ၊ နို့ နေပါဦး၊ ဘယ်သူတွေတုံးကွ"

"ဘိုးထွန်းရင်တို့အိမ်ပါတယ်၊ ပြီးတော့ လေးလေးဘညို


www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ပါတယ်၊ နောက်တစ်အိမ်က ကျုပ်သူငယ်ချင်း တောင်လုံးတို့ပါတယ်၊ နောက်တစ်အိမ် ရှိသေးတယ်ဗျ၊ အဲဒါတော့ ဘယ်သူ့အိမ်မှန်း ကျုပ် မသိဘူး”

“ဒါဆိုရင် ဘယ်နည်းမှာတုံးကွ၊ တစ်အိမ်ကို တစ်ပိဿာတော့ အနည်းဆုံးချက်မှာပေါ့၊ လေးအိမ်ဆိုတော့ လေးပိဿာပဲ ကျောက်ခဲရ၊ စားသွားတာ နည်းတော့မှ မဟုတ်တာ၊ ပြီးတော့ နွေခင်းကြောင်တောင်ကြီးမှာ”

ကျုပ်က ဘာပြောရမှန်း မသိတာနဲ့ နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပြီး ဖွာလိုက်တယ်။

“ကိုကြီးတာတေ”

ဟော နောက်တစ်ယောက်ဗျ။ ဝိုင်းဝကနေ ခေါ်ပြီး ဝင်လာတာ သံမဏိ။

“ကျောက်ခဲရော၊ သံမဏိရောတော့ စုံပြီဟေ့၊ လာကွ သံမဏိ၊ မင်းရော ဘာကြားခဲ့တုံး”

သံမဏိလည်း ကွပ်ပျစ်မှာ ဝင်ထိုင်လိုက်တယ်။

“ကိုကြီးတာတေကို ကျောက်ခဲ ပြောပြီးရောပေါ့”

“အေး...ရွာနောက်ပိုင်းက ဝက်သားဟင်းကိစ္စမို့လား”

“ဟုတ်တယ်ဗျ၊ အဲဒီအိမ်တွေမှာ လူတွေ စုရုံး စုရုံးနဲ့ ဒီအကြောင်း ပြောနေကြတယ်ဗျ။ လူတွေအားလုံးကတော့ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို အုံ့ဩနေတာဗျ။ နေ့ခင်းဘက်ကြီးမှာ မီးဖိုထဲက ဟင်း တွေ ဝင်စားသွားတာကို တော်တော်အံ့ဩပြီး တွေးရခက်နေကြ တယ်"

"အေးကွ သံမဏိရ၊ ငါနဲ့ ကျောက်ခဲလည်း ဒါကိုပဲ ပြောနေကြတာ၊ နေ့ခင်းကြောင်တောင်မှာ ဘယ်လိုဖြစ်ပြီး ဝက် သားဟင်းတွေ ပျောက်သွားတာတုံးဆိုတာ တွေးလို့ကို မရဘူးကွ"

"သြော်..နေဦးဗျ၊ တစ်ခုပြောသေးတယ်၊ အဲဒီဝက်သား ဟင်းပျောက်တဲ့ အိမ်တွေမှာ ပုရစ်အော်သံ အကျယ်ကြီး ကြားရ တယ်တဲ့ဗျ"

"ဟာ သံမဏိရာ ပုရစ်ကတော့ ဝက်သားတွေ စားသွား မှာ မဟုတ်ပါဘူးကွာ"

ကျောက်ခဲက သံမဏိကို ပြောတာဗျ။

"လူတွေပြောနေကြတာကို ငါက ပြောတာပါကွာ၊ ပုရစ် ကတော့ ဝက်သားဟင်း ဘယ်စားမှာတုံး"

ကျုပ်က ဆေးပေါ့လိပ်ကလေးဖွာရင်း ဒီကောင်နှစ်ယောက် ပြောတာကို နားထောင်နေတာဗျ။ နောက်တော့ ဒီကောင်နှစ်ယောက် လည်း ကျုပ်နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း ညနေစောင်း တော့မှ ထပြန်သွားကြတာဗျ။

ညရောက်တော့ အဘနဲ့ အမေ့ကို ကျုပ်က ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့ အဘတို့လည်း အံ့ဩနေကြတာပေါ့ဗျာ။

"နေ့ခင်းကြောင်တောင်ကြီးတော်၊ ဒီရွာမှာလည်း ဖြစ်လိုက်ရင် အထူးအဆန်းတွေချည်းပဲ"

အမေက ပြောတာဗျ။ ပြီးတော့ အဘတို့၊ အမေတို့ ငယ်ငယ်က ကြားဖူးတာတွေကို ပြောကြတော့တာပေါ့ဗျာ။

ကျုပ်တို့ အိပ်ရာဝင်တော့ တော်တော်တောင် ညဉ့်နက်နေပြီဗျ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ကိန်၊ ကိန်၊ ကိန်"

"လူဟေ့ လူ၊ လိုက်ဟ လိုက်၊ တောင်ဘက်ကို ချိုးသွားပြီ"

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်"

"ဟာ နှစ်ယောက်ဟေ့ နှစ်ယောက်၊ အနောက်ဘက်ကို တစ်ယောက် ပြေးတယ်"

"ဘာပါသွားတုံးဟ"

"ကြက်ဖကြီးနှစ်ကောင် ပါသွားတာဗျို့"

"ခွေးတွေ ဟောင်နေတဲ့ကြားကကို အတင်းဝင်ဆွဲသွားတာဗျို့"

"တာတေ၊ တာတေ ကြားလား လူသံတွေ"

"ကြားတယ် အမေ၊ ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူနိုးထင်တယ်၊ လူတွေ ဝိုင်းလိုက်နေကြတာ"

ကျုပ်အဘာ ပြောတာဗျ။ အဘလည်း နိုးသွားတော့ အသံတွေ ကြားလိုက်ပုံရတယ်။

ကျွက်စီ ကျွက်စီနဲ့ ပြောနေတဲ့အသံတွေ ရွာအရှေ့ပိုင်းက ကြားတာဗျ။ တော်တော်ကြာတဲ့အထိ စကားပြောသံတွေ ကြားနေရတုန်းဗျ။ နောက်တော့လည်း တဖြည်းဖြည်းနဲ့ လူသံတွေ တိတ်သွားရောပေါ့ဗျာ။

မနက်ကျတော့ ရွာရှေ့ပိုင်းက သိန်းဇော် ကျုပ်ဆီကို ရောက်လာတယ်။

"လာကွ သိန်းဇော်၊ ထိုင်၊ အကြမ်းသောက်၊ ဆေးလိပ်လည်းဖွာကွာ၊ ညက မင်းတို့အပိုင်းမှာ သူနိုးဝင်တာထင်တယ်"

"အေး··အဲဒါပြောချင်လို့ လာတာကွ တာတေရ၊ ညက ငါတို့ပိုင်းကို ဝင်တာ၊ ခွေးတွေ ဝိုင်းဟောင်ပြီး လိုက်ဆွဲလို့ ခွေးတွေကို ကန်ပစ်ခဲ့ပုံပဲကွ၊ ငါ့အစ်ကို မွေးထားတဲ့ ကြက်ဖကြီးကို အိပ်တန်းပေါ်က ဆွဲချသွားတာ"

"ဟေ··ကြက်ဖကြီး ပါသွားလား"

"ဟာ ပါသွားတာပေါ့ကွ တာတေရ၊ ပြီးတော့ ငါတို့ပိုင်းနဲ့ တစ်ပိုင်းကျော်က ဘိုးစံပတို့ပိုင်းမှာလည်း ဒီလိုပဲကွ ခွေးတွေ ဟောင်နေတဲ့ကြားကကို ဝိုင်းထဲက အိပ်တန်းတက်နေတဲ့ ကြက်ဖ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကောင် ဆွဲချသွားတယ်"

"ဟော…ဒီသူခိုးက မြန်လှချည်လား သိန်းဇော်ရ၊ ဒီခဏလေးအတွင်းမှာတင် ဝိုင်းနှစ်ဝိုင်းက ကြက်နှစ်ကောင်ရအောင် ခိုးသွားတာ၊ တော်တော်ကိုလျင်တဲ့ သူခိုးပဲ သိန်းဇော်ရ၊ ပြီးတော့ သူခိုးဆိုတာ လူနိုးမှာ သိပ်ကြောက်တာကွ၊ ညကလိုမျိုး ခွေးတွေဝိုင်းလိုက်မှတော့ ကပ်ကို မကပ်တော့ဘူး။ အခု သူခိုးက ခွေးတွေဟောင်ရုံမဟုတ်ဘူး၊ ဝိုင်းလိုက်တာတောင် ကြက်ကို ရအောင် ဆွဲသွားတယ်ဆိုတော့ တော်တော်ကို စဉ်းစားစရာပဲကွ"

"ညက ငါထွက်လိုက်တယ်ကွ တာတေရ၊ ငါတို့ဝိုင်းက တံခါးလည်း မပွင့်ဘူး ပိတ်လျက်သားပဲ။ ပြီးတော့ မင်းလည်း ရောက်ဖူးတာပဲ၊ ငါတို့ဝိုင်းက စည်းရိုးက အမြင့်ကြီးပဲလေကွာ၊ ဒါကို ခုန်ထွက်လို့ရော ရမလား၊ နောက်တစ်ခုက ငါတို့စည်းရိုးမှာ တိုးထွက်လို့ရတဲ့ ခွေးတိုးပေါက်ဆိုတာ တစ်ပေါက်မှ ရှိတာမဟုတ်ဘူးကွ"

"ဟိုဘက်က ဘိုးစံပတို့ဝိုင်းကရော"

"ဟာ ဘိုးစံပတို့ဝိုင်းက ငါတို့လို ဝိုင်းတံခါးကို မင်းတုတ်ထိုးရုံမကဘူးကွ၊ သော့ခလောက်ပါ ခတ်ထားတာ၊ သူတို့ခြံစည်းရိုးကလည်း ငါတို့ခြံစည်းရိုးလိုပဲ အမြင့်ကြီးကွ။ အပေါက်အပြဲလည်း ရှိတာမဟုတ်ဘူး။ ဘိုးစံပလည်း ဒါကိုပဲ ပြောနေတာကွ။



www.burmeseclassic.com

www.burmeseclassic.com



ဒီသူခိုးက ဝိုင်းထဲကို ဘယ်လိုရောက်လာတုံး၊ ပြီးတော့ ချက်ချင်း ဘယ်လိုပြန်ထွက်သွားတုံး။ ပြီးတော့ ဘိုးစံပတို့ ခွေးသုံးကောင်က လည်း ခွေးစွာတွေကွ။ သူခိုးကို ထိုးဟောင်ပြီး လိုက်ဆွဲတာပဲ။ ဒီကြားထဲကနေ ကြက်ဖကြီး ရအောင်ဆွဲသွားတာကွ"

"အေးကွာ၊ မင်းပြောပုံဆိုရင်တော့ တော်တော်ကို ထူး ခြားနေတာပဲ သိန်းဇော်"

"တို့ရှေ့ကဝိုင်းက လေးလေးအောင်ဘုကတော့ ည ကတည်းက ဝိုင်းလိုက်ကြရင်း အော်တာကွ၊ သူခိုးက နှစ်ယောက် ဟေ့၊ တစ်ယောက်က အနောက်ဘက်ကို ပြေးပြီလို့အော်တာ၊ ဒါပေမဲ့ ကျန်တဲ့လူတွေကတော့ တစ်ယောက်ပဲမြင်တယ်၊ ဒါက လည်းနော် ဗီဗီပြင်ပြင် မြင်လိုက်ကြတာ မဟုတ်ဘူး။ သစ်ပင် တွေအောက်ကို လှစ်ကနဲ လှစ်ကနဲ ပြေးကပ်လိုက်၊ တာလမ်းပေါ်မှာ လှစ်ကနဲ ပြေးလိုက်နဲ့ ရိပ်ကနဲ ရိပ်ကနဲပဲ မြင်ရတာ။ လူပြေးလိုက် တာ မီဖို့နေနေသာသာ မြင်းနဲ့လိုက်ရင်တောင် မမီလောက်ဘူးကွ"

"ဟာ ဒီလောက်ကို မြန်တာလားကွ"

"မြန်ချက်ကွာ၊ အေး နေဦးကွ၊ အဲဒီသူခိုးက ပုရစ်လို အော်သွားတယ်ထင်တယ်၊ ပုရစ်သံကတော့ နှစ်သံကွ၊ တောင် ဘက်က တစ်သံ၊ အနောက်ဘက်က တစ်သံကွ"

"ဒါဆိုရင် လေးလေးအောင်ဘု ပြောတာ ဟုတ်နိုင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ သူခိုးက နှစ်ယောက်ဖြစ်မယ်၊ ပုရစ်လို အော်တာကတော့ သူတို့ချင်း အချက်ပေးတာ ဖြစ်မှာပေါ့ကွာ”

“ဒါပေမဲ့ တာတေရ၊ တောင်ပိုင်းရော အနောက်ပိုင်းရော ကလူတွေကလည်း လူသံတွေကြားလို့ ပြေးထွက်ပြီး ကြည့်ကြ တာတဲ့၊ သူတို့တော့ ဘာမှမတွေ့ကြဘူးလို့ပြောတယ်။ ပုရစ်အော် သံတော့ ကြားတယ်လို့ ပြောတယ်ကွ”

ကျုပ်ခေါင်းထဲမှာတော့ တော်တော်ကို ရှုပ်သွားပြီဗျ။ မနက်က ဝက်သားဟင်းတွေ အစားခံရတဲ့အိမ်တွေကလည်း ပုရစ် အော်သံ ကြားတယ်လို့ ပြောတယ်။

ညက ကြက်ခိုးခံရတဲ့ လူတွေကလည်း ပုရစ်အော်သံ ကြားရတယ်ဆိုတော့ သူခိုးနဲ့ ပုရစ်က ဘယ်လိုပတ်သက်တယ် ဆိုတာ ကျုပ်တော့ တွေးလို့မရတော့ဘူးဗျ။ သိန်းဇော် ပြန်သွားတဲ့ အထိ ကျုပ် ဆက်တွေးနေသေးတယ်။

ရွာထဲမှာတော့ ထုံးစံအတိုင်းပေါ့ဗျာ။ ကင်းတွေတွဲကြ တော့တာပေါ့။ ကင်းတွဲတယ်သာ ဆိုပါတယ်၊ နဂိုတွဲပြီးသား ကင်းတွဲတွေ ရှိနေတာဆိုတော့ ကင်းချရုံပါပဲဗျာ။

ဆောင်းတွင်းဆိုတော့ ကင်းစောင့်ရတာ ချမ်းတော့ ချမ်း တာပေါ့ဗျာ။ ကင်းတဲတွေမှာ မီးဖိုလေးတွေနဲ့ မီးလှုံကြရတာပေါ့။

ရပ်ရေးရွာရေးမှာ အမြဲရှေ့ဆောင်တဲ့ ကျုပ်တို့လို ကာလ



www.burmeseclassic.com

www.burmeseclassic.com



သားကြီးကြီးတွေကို ကင်းတွဲတဲ့အထဲမှာ ဘယ်တော့မှ မထည့်ဘူး လေဗျာ။ ကျုပ်တို့ထက် တစ်ဆင့်ငယ်တဲ့ အရွယ်တွေပဲ ကင်းစောင့်ကြရတာဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ညတစ်နာရီလောက်မှာ ကျုပ်တို့ရွာလယ်ပိုင်း ကင်းတဲက စပြီး သံချောင်းခေါက်တာဗျ။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟော အရှေ့ပိုင်းကင်းကလည်း ခေါက်ပြီဗျို့။

"ကျီ၊ ကျီ၊ ကျီ၊ ကျီ၊ ပကျီ၊ ပကျီ"

ဟာ ပုရစ်အော်သံဗျ။ အကျယ်ကြီးပါလား။ ကျုပ် သေသေချာချာ နားထောင်တယ်။

"ကျီ၊ ကျီ၊ ပကျီ၊ ပကျီ၊ ပကျီ"

ဟော နှစ်သံဗျ။ မြောက်ပိုင်းကလည်း တစ်သံ ထွက်နေတယ်။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟာ ခေါက်ပြီဗျို့။ မြောက်ပိုင်းက ကင်းတဲကလည်း သံချောင်းခေါက်ပြီ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ကိန်၊ ကိန်၊ ကိန်"

ခွေးဟောင်သံတွေ ထွက်လာပြီဗျို့။ ခွေးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



မချိုမဆုံ အော်တဲ့အသံလည်း ကြားရတယ်။ ဒါက ရွာအရှေ့ပိုင်းက ကြားတာဗျ။

"ဝုတ်၊ ဝုတ်၊ ဝုတ်၊ ဝုတ်၊ ကိန်၊ ကိန်၊ ကိန်"

ဟော ရွာမြောက်ပိုင်းကလည်း ခွေးတွေ ဟောင်ပြန်ပြီဗျို့။

"လိုက်၊ လိုက်၊ ဟိုမန်ကျည်းပင်အောက်မှာ ကပ်နေတယ်"

ရွာအရှေ့ပိုင်းက သူခိုးလိုက်သံဗျ။ ကျုပ်လည်း အိပ်မပျော်တာနဲ့ အိမ်ရှေ့က ခုံတန်းလျားမှာထိုင်ပြီး နားစွင့်နေတာဗျ။

"လိုက်ဟေ့၊ လိုက်ဟေ့၊ ဟိုရှေ့မှာ ပျောက်သွားပြီကွ"

"ကျီ၊ ပကျီ၊ ပကျီ၊ ပကျီ၊ ကျစ်၊ ကျစ်"

လူသံတွေ ခွေးသံတွေကြားမှာ ပုရစ်အော်သံကြီးကလည်း ညံနေရောဗျ။

နောက်တော့ တစ်ရွာလုံး ငြိမ်သွားတယ်။ ကျုပ်လည်း ပြန်အိပ်လိုက်တယ်။ မနက်မိုးလင်းတာနဲ့ ကျောက်ခဲနဲ့ သံမဏိ ရောက်လာရောဗျို့။

"ကိုကြီးတာတေရေ၊ ညကလည်း ကြက်နှစ်ကောင် ပါသွားပြန်ပြီတဲ့ဗျို့"

"အေး..ဘယ်သူ့အိမ်တုံးကွ၊ ကျောက်ခဲရ"

"အရှေ့ပိုင်းက ကျုပ်သူငယ်ချင်း ကျော်ခွေတို့အိမ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်းက အရီးလှခင်တို့အိမ်ရယ်ဗျ။ အကြီးဆုံး ကြက်ဖကြီး တွေကိုမှ ရွေးပြီးဆွဲသွားတာတဲ့ဗျို့။ အရီးလှချစ်တို့အိမ်က ခွေး တစ်ကောင်လည်း သေသွားတယ်။

"ဟေ…ဟုတ်လား၊ ခွေးက ဘာဖြစ်လို့ သေတာတုံး"

"သူခိုးက ခြေထောက်နဲ့ ကန်ပစ်ခဲ့တာထင်တယ် ကိုကြီး တာတေရဲ့၊ ခွေးက နံရိုးတွေ အကုန်ကျိုးပြီး နေရာမှာတင် သေနေ တာ"

"ဟေ…နံရိုးတွေ ကျိုးနေတယ်ဆိုတော့ ဒီသူခိုးရဲ့ ခြေထောက်ကန်ချက်က ပြင်းလှချည်လားကွ ကျောက်ခဲရဲ့"

"ဟုတ်တယ် ကိုကြီးတာတေ၊ ပြီးတော့ သူခိုးက ကြောင်ဆေးတွေ ဘာတွေ ထိုးထားပုံရတယ်လို့ ရွာထဲကလူတွေ ပြောနေကြတယ်ဗျ။ ခြံစည်းရိုး အမြင့်ကြီးတွေကို ခုန်ဝင် ခုန် ထွက်လုပ်နိုင်ပုံရတယ်တဲ့ဗျ။ ပြီးတော့ လူတွေ ဝိုင်းလိုက်လို့ ပြေးရင်လည်း လှစ်ကနဲ လှစ်ကနဲ နေတာတဲ့ဗျ။ သစ်ပင်တွေ၊ ပြေးပြေးကပ်လိုက် ပြေးထွက်လိုက်နဲ့ နောက်ဆုံး ပျောက်သွား တော့တာပဲတဲ့ဗျ"

"ကိုကြီးတာတေရေ၊ ကျုပ်စိတ်ထင်တော့ သူခိုးက ကြောင်ဆေးထိုးထားတာ မဖြစ်နိုင်ဘူးဗျ၊ ပုရစ်ဆေး ထိုးထားတာ ပဲဖြစ်မယ်၊ ပြေးရင်းနဲ့ ပုရစ်လို အော်သွားတာတဲ့ဗျ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေကို ပြေးပြေးပြီးကပ်တာလည်း ပုရစ်လိုပဲတဲ့ဗျ"

သံမဏိ ပြောတာကို ကျုပ်က ပြုံးမိတယ်။ ကျောက်ခဲက တော့ တဟားဟားနဲ့ ရယ်တော့တာပဲဗျ။

"သံမဏိရာ ငါတော့ ကြောင်ဆေးပဲ ကြားဖူးပါတယ်၊ ဘယ့်နှယ် ပုရစ်ဆေး ထိုးရမှာတုံး"

မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြန်ပြောသဗျ။

"ဟ ကျောက်ခဲရ၊ မင်းတို့ ငါတို့လို လူတိုင်းမသိလို့ မကျော်ကြားတာ ဖြစ်ရင်ဖြစ်မှာပေါ့ကွ၊ ပုရစ်ဆေး မရှိဘူးလို့တော့ ကျိန်းသေပြောလို့ရမလား"

ခဏနေတော့ ဒီကောင်နှစ်ကောင် ထပြီးပြန်သွားကြ တယ်။ သူတို့ပြန်ပြီး သိပ်မကြာဘူးဗျ။ ကျုပ်သူငယ်ချင်း ပုရစ် ရောက်လာတယ်။

"ဟေ့ကောင် တာတေ"

"ဟာ ပုရစ် လာလေကွာ"

ပုရစ် အိမ်ပေါ်ကို တက်လာတယ်။ ကျုပ်ထိုင်နေတဲ့ တန်းလျားမှာပဲ ဝင်ထိုင်တယ်။

"မင်း ခါသွားမထောင်တော့ဘူးလား ပုရစ်"

"ခါထောင်ဖို့ထက် အိမ်က ကြက်တွေကို ညသက် သူခိုးလာပြီးမဆွဲအောင် ညတိုင်း အိမ်ထဲသွင်းသိပ်နေတာဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ပုရစ်ရာ၊ ဒီကြွက်သူခိုးနှစ်ယောက်ကလည်း ဘယ်ကဘယ်လို ပေါ်လာတာပါလိမ့်ကွာ"

"အဲဒီကိစ္စတွေ ပြောပြချင်လို့ မင်းဆီကို လာခဲ့တာကွ"

"ဟော…ဘာကိစ္စတွေတုံးကွ ပုရစ်ရ"

"ညက သူခိုးထွက်လိုက်တဲ့အထဲမှာ ငါလည်း ပါတယ်ကွ တာတေရ၊ သူခိုးက ပြေးတာ လှစ်ကနဲ လှစ်ကနဲ ပြေးတာကွ၊ လူပြေးသလို ခြေထောက်နဲ့ ပြေးတဲ့ပုံစံ မဟုတ်ဘူး"

"ဟော…ဒါဆိုရင် စောစောက သံမဏိ ပြောတာလို ဖြစ်နေပြီထင်တယ်ကွ ပုရစ်ရဲ့"

"သံမဏိက ဘာပြောသွားလို့တုံး"

"ဒီသူခိုးတွေက သစ်ပင်ကို ပြေးပြေးကပ်လိုက်၊ ပြေးထွက်လာလိုက်၊ ပြေးကပ်လိုက်နဲ့ ပြေးတာတဲ့၊ ပြီးတော့ ပုရစ်လိုလည်း အော်တယ်ဆိုတော့ ဒီသူခိုးတွေဟာ ကြောင်ဆေးစွမ်းသလို ပုရစ်ဆေးထိုးထားတာ ဖြစ်မယ်တဲ့ဟေ့"

"ဟား၊ ဟား၊ ဟား၊ ဟား သံမဏိဆိုတဲ့ကောင်ကတော့ ကွာ တော်တော်လည်း ကြံကြံဖန်ဖန် တွေးတာပဲ"

"အေးကွာ၊ ငါနဲ့ ကျောက်ခဲလည်း ရယ်လိုက်ရတာ မပြောပါနဲ့တော့ ပုရစ်ရာ"

ပုရစ်က ကျုပ်တည်ထားတဲ့ နဂါးဆေးပေါ့လိပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်ဖွာ သုံးဖွာ ဖွာပြီးမှ ကျူပ်ကို ပြောပြတယ်ဗျ။

"မင်းနဲ့ငါ ခါသားနဲ့ ထန်းရည်သောက်တုန်းက ငါပြောပြတယ်လေ။ ငါတို့တောင်ပို့ယာထဲက တောင်ပို့နှစ်ခုက ပုရစ်နှစ်ကောင် အချီအချအော်တဲ့အကြောင်းလေကွာ၊ မင်းတောင် ငါ့ကို ပြောသေးတယ်လေ၊ အဲဒီပုရစ်တွေကို မနှိုက်ဘူးလားလို့ မေးသေးတယ်လေကွာ"

"အေးပါ ပုရစ်ရာ၊ ငါ မှတ်မိပါတယ်"

"အေး…ညက သူခိုးနှစ်ယောက်ပါးစပ်က ပြေးရင်းနဲ့ အော်သွားတဲ့အသံဟာ ငါတို့တောင်ပို့ယာထဲက တောင်ပို့နှစ်ခုက ပုရစ်နှစ်ကောင် အော်တဲ့အသံနဲ့ အတူတူပဲကွ"

"ဟော…မင်းက ပုရစ်အော်သံကို ခွဲခြားနိုင်လို့လားကွ"

"ဟ…တာတေကလည်း ငါက ပုရစ်အသံကို ကြားတာနဲ့ အထီးအမ ခွဲခြားနိုင်တဲ့ကောင်ကွ၊ ပုရစ်သံတွေ တစ်ခုနဲ့ တစ်ခု မတူတာကို ငါငယ်ငယ်ကတည်းက ခွဲခြားနိုင်တယ်။ ညက ငါကြားတဲ့ ပုရစ်သံနှစ်သံဟာ ငါတို့ယာထဲမှာ ကြားတဲ့အသံနဲ့ တစ်ထပ်တည်း တူတာကွ။ ဘာဆိုတာတော့ ငါမသိဘူး။ သြော်…နေဦးကွ၊ ညက ကင်းစောင့်တဲ့ ကောင်လေးတွေ ပြောတယ်။ သူခိုးတွေ မလာခင် ပုရစ်တွေ အုပ်လိုက်ကြီး ရွာထဲကို ဝင်လာတာတဲ့ကွ၊ ပုရစ်တွေ ဝင်လာပြီးတော့မှ ပုရစ်အော်သံ



www.burmeseclassic.com

www.burmeseclassic.com



နှစ်သံ ပေါ်လာပြီး ကြက်တွေ ဝင်ဆွဲပြေးတာဆိုပဲ''

''ဟော…ဟုတ်လား၊ မင်းပြောတော့ ပုရစ်ချိန် ကုန်သွားပြီဆို၊ ဒီပုရစ်တွေ ဘယ်က ထွက်လာတာတုံး''

''အေး…အဲဒါတွေ ထူးဆန်းနေလို့ မင်းကို လာပြောတာပေါ့ကွ တာတောရ၊ ဒါမျိုးတွေကျတော့ မင်းကမှ သိမှာလေကွာ''

ကျုပ် တွေးမိသွားပြီဗျို့။ ကျုပ်ကို ဆရာနွံဖ ပြောပြဖူးတယ်။ ဒါမျိုး ဟုတ်၊ မဟုတ်တော့ မသေချာသေးဘူးပေါ့ဗျာ။

မနက်ကတည်းက ကျုပ်က ပုရစ်ကို မှာလိုက်ပြီးသားဗျ။ ညကိုးနာရီထိုးတာနဲ့ ကျုပ်တို့နှစ်ယောက် ရွာထဲက ထွက်လာတယ်။

''ပုရစ် ဘယ်မှာတုံးကွ၊ မင်းပြောတဲ့ တောင်ပို့တွေ''

''ဟိုရှေ့မှာလေကွာ''

ပုရစ် လက်ညှိုးထိုးပြတဲ့နေရာကို ကျုပ်ကြည့်လိုက်တော့ ဟုတ်သားဗျ။ တောင်ပို့သုံးခုတောင်ဗျ။ ကျုပ်ဘေးဘီကို လိုက်ကြည့်လိုက်တော့ ထန်းပင်ကြီး သုံးပင်ဗျ။

''လာဟေ့ ပုရစ်၊ ဟိုထန်းပင်ကြီးတွေနောက်မှာ ပုန်းရမယ်''

လို့ ပြောရင်း ကျုပ်က ထန်းပင်မည်းမည်းကြီးတွေနောက်မှာ ဝင်ပြီးကပ်နေလိုက်တယ်။ ကျုပ်နဲ့ ပုရစ် ဆေးပေါ့လိပ်လေးတွေ မီးညှိပြီး သစ်ရွက်စိမ်းလေးတွေနဲ့ အုပ်ပြီး မီးရောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်အောင် ဖွာလိုက်တယ်။

ညဆယ့်တစ်နာရီထိုးတော့ ပုရစ်အော်သံ စပြီးကြားရတယ်။ ကျုပ်က မျက်ကွင်းဆေး ကွင်းပြီးသားပါ။ ဆေးအိတ်ထဲမှာပါတဲ့ ရေစင်ပုလင်းကိုထုတ်ပြီး ရေစင်နဲ့ နားနှစ်ဖက်ကို ပွတ်လိုက်တယ်။

ဒီရေစင်က ဘိုးလူပေ ကျုပ်ကို ပေးခဲ့တဲ့ သောတဓာတ်အင်းကြီးကို ပြာချပြီး စီရင်ထားတဲ့ ရေစင်ဗျ။

"ပကျီ၊ ပကျီ၊ ကျီ၊ ကျိ၊ ပကျစ်၊ ပကျစ်"

ပုရစ်အော်သံကို ကျုပ် သေသေချာချာ နားစိုက်ထောင်ကြည့်တယ်။

"တာတေ ငါပြောတာ အဲဒီပုရစ်သံကို ပြောတာ"

ပုရစ်ပြောတာတောင် နောက်ကျနေပြီ။ ကျုပ်က ရေစင်ဆွတ်ပြီး နားထောင်နေပြီ။

ဟာ ကြားပြီဗျို့။ ကျုပ် ကြားပြီ။

"ဟေ့ကောင် ရွှေဘော် အဆင်သင့် ဖြစ်ပြီလား"

"ပကျစ်၊ ပကျစ်၊ ကျီ၊ ကျီ၊ ပကျီ"

ဒီအတိုင်း နားထောင်တော့ ပုရစ်အော်သံပဲဗျ။ ရေစင်နဲ့ သောတဓာတ် ဖွင့်လိုက်တော့မှ လူစကားသံကို ကြားရတော့တာဗျို့။



www.burmeseclassic.com

www.burmeseclassic.com



"ငါက အဆင်သင့်ဖြစ်ပြီ၊ မင်းကို စောင့်နေတာ ငမဲရဲ့"

"ပကျီ၊ ပကျီ၊ ပကျီ၊ ကျီ၊ ကျီ၊ ကျီ"

"အေး…ဒါဆိုရင် ထွက်ခဲ့တော့၊ ထနောင်းကုန်းမှာ ကြက်သွားဖမ်းမယ်"

ဟော ထွက်လာပြီဗျို့။ အို··လူအရွယ်လောက် ရှိတာဗျ။ ပုဆိုးရယ်၊ အင်္ကျီရယ်လို့တော့ သဲသဲကွဲကွဲ မမြင်ရဘူး။ ဒါပေမဲ့ အဝတ်အစားတော့ ဝတ်ထားသလိုပဲဗျ။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ ပုရစ်တွေဗျို့။ အလယ်တောင်ပို့ထဲကနေ ထွက်လာကြတာ။ အိုး…ထောင်သောင်းချီနေတာဗျာ။

ဒါတစ္ဆေတွေဗျ။ တွင်းအောင်းတစ္ဆေတွေ။ ကျုပ်ကို ဆရာနံ့ဖ ပြောပြဖူးတယ်။ ပုရစ်အော်သံနဲ့ စကားပြောကြတာဗျ။ ပုရစ်တွင်းကလေးထဲမှာ နေပေမယ့် အပြင်ရောက်တာနဲ့ ချက်ချင်း လူလောက်ဖြစ်သွားတာဗျ။

"ပကျီ၊ ပကျီ၊ ကျီ၊ ကျီ၊ ကျီ"

"ရွှေဘော် ဘာလုပ်နေတုံး၊ သွားစို့လေ"

ဟော ပုရစ်အုပ်ကြီးက ရှေ့က ကြိုပြီးပျံသွားပြီဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ပုရစ်အုပ်ကြီးရဲ့နောက်က တွင်းအောင်းတစ္ဆေနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြတာဗျို့။ ဟုတ်တာပေါ့ဗျာ။ ပုရစ်တွေ ခုန်သွားသလို ဖျတ်ကနဲ ဖျတ်ကနဲ ခုန်ပြီးသွားနေတာဗျ။ လမ်းလျှောက်သွားတာမှ မဟုတ်တာ။ တော်တော်ကို မြန်တာဗျို့။

“တာတေ၊ မင်း တစ်ခုခုကို မြင်နေရတဲ့ပုံပဲ၊ ဘာကို မြင်တယ်ဆိုတာ ငါ့ကို ပြောဦးလေကွာ။ ငါကတော့ ပုရစ်တွေ အုပ်လိုက်ကြီး ပျံသွားတာပဲ တွေ့လိုက်တာကွ”

“ပုရစ် တွင်းအောင်းတစ္ဆေနှစ်ကောင်ကွ၊ ဒီတစ္ဆေတွေက စကားပြောရင် ပုရစ်အော်သံနဲ့ ပြောတာ၊ တစ်ကောင်ရဲ့နာမည်က ရွှေဘော်တဲ့၊ နောက်တစ်ကောင်က ငမဲတဲ့”

“ဟေ ဟုတ်လားကွ တာတေ၊ မင်း ဒီကောင်တွေကို မြင်ရလား”

“အေး...မြင်ရတယ်၊ ကြားလည်း ကြားရတယ်၊ ငါ ဆေးကွင်းထားတယ်လေကွာ”

“ဒါဆိုရင် မနက်ဖြန် ရွာထဲကလူတွေကိုခေါ်ပြီး ဒီတောင်ပို့တွေကို ဖြိုပစ်မယ်ကွာ”

ပုရစ်က ဒေါသတကြီး ပြောတာဗျ။

“မလိုပါဘူး ပုရစ်ရ၊ မင်း ဒီနားကပဲ စောင့်နေ၊ ငါ လုပ်စရာလေးတွေ လုပ်လိုက်ဦးမယ်”

ကျုပ်က ထန်းပင်နောက်ကနေ ထွက်လိုက်ပြီး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထဲက မဖဲဝါ အပ်ထားတဲ့ ကိုယ်တူကိုယ်ခွဲရုပ်ကလေးကို ထုတ်ယူလိုက်တယ်။

"သခ်ျိုင်းရှင်မ မဖဲဝါဗျာ၊ ကျုပ် တာတေမှ အကြောင်းပြုပါတယ်။ တွင်းအောင်းတစ္ဆေနှစ်ကောင် ကျုပ်တို့ထနောင်းကုန်းရွာကို အနှောင့်အယှက်ပေးနေပါတယ်။ သခ်ျိုင်းရှင်မ အမြန်ကြွလာပြီး ဖြေရှင်းပေးပါဗျာ"

ကျုပ် မဖဲဝါကို ရည်စူးပြီး ပင့်ဖိတ်လိုက်တယ်။

"ဒေါင်၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

"လိုက်ဟေ့၊ လိုက်ဟေ့၊ လိုက်ကြဟေ့"

ဟော ကျုပ်တို့ရွာထဲမှာတော့ သံချောင်းခေါက်သံတွေရော လူသံတွေရော ဆူညံနေပြီဗျို့။ ဟော ပုရစ်အုပ်ကြီး ပျံလာပြီဗျို့။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဟာ ကျုပ်လက်က မဖဲဝါရုပ်ကလေး တုန်သွားပြီး ဖြူဖြူအရိပ်တစ်ခု ထွက်သွားတယ်ဗျ။ ဟာ မဖဲဝါဗျို့။ အရုပ်ကလေးထဲက ထွက်သွားပြီ။ တွင်းအောင်းတစ္ဆေ ငုံနေတဲ့ တောင်ပို့ပေါ်မှာရပ်နေတာဗျ။

"ပကျီ၊ ပကျီ၊ ကျီ၊ ကျီ၊ ကျီ"

"ဟေ့ကောင် ငမဲ၊ ဒီနေ့ အကောင်ကြီးတွေက ပိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသေးသကွ၊ ဟာ ဟော့ကောင် ငမဲ၊ ဟိုမှာ ဟိုမှာ"

"ဟင်"

တွင်းအောင်းတစ္ဆေတွေ တံ့ကနဲ ရပ်သွားပြီဗျို့။

မဖဲဝါက သူတို့ကို လက်ရပ်ခေါ်လိုက်တယ်။

ကျုပ်က သောတခာတ်ရေစင် ဆွတ်ထားတော့ အသံပါ ကြားရတာပေါ့ဗျာ။

"ရွှေဘော်နဲ့ ငမဲ"

"ဗျာ...ဗျာ...သချိုင်းရှင်မကြီး"

"တွင်းအောင်းတစ္ဆေဆိုတာ လူ့ရပ်ရွာကို မသွားရဘူး၊ လူ့ရပ်ရွာမှာ အစာမရှာရဘူးဆိုတဲ့ စည်းကမ်းကို ဘာကြောင့် ဖောက်တာတုံး"

"ပကျိ၊ ပကျိ၊ ကျိ၊ ကျိ၊ ကျိ"

"လူ့ရွာမှာ အစာရှာရတာ လွယ်လွန်းလို့ပါ သချိုင်းရှင်မ"

"နင်တို့နှစ်ကောင် တွင်းအောင်းတစ္ဆေတွေရဲ့ စည်းကမ်းချိုးဖောက်တဲ့အတွက် ဒီရပ်ဒီရွာမှာ နေခွင့်မရှိတော့ဘူး၊ နင်တို့ကို တရားစီရင်ဖို့ အခုပဲ လာခေါ်လိမ့်မယ်၊ နင်တို့ လိုက်သွားကြပေတော့"

မဖဲဝါ စကားဆုံးတာနဲ့ အရိပ်မည်းကြီး ချက်ချင်းရောက်လာတယ်။ မဖဲဝါက တွင်းအောင်းတစ္ဆေ ရွှေဘော်နဲ့ ငမဲကို လက်ညှိုးထိုးပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘော်နဲ့ ငမဲလည်း လက်ထဲမှာ ကိုင်ထားတဲ့ ကြက်ဖကြီးတွေကို မြေကြီးပေါ်ကို လွှတ်ချလိုက်ပြီး အရိပ်မည်းကြီးနောက်ကို ဖျတ်ကနဲ ဖျတ်ကနဲ ခုန်ပြီး လိုက်သွားကြရောဗျို့။

ကျုပ်လက်ထဲမှာ ကိုင်ထားတဲ့ မဖဲဝါအရုပ်ကလေးက ဆတ်ကနဲ တုန်သွားတယ်။ တောင်ပို့ပေါ်မှာတော့ စောစောက မားမားကြီး ရပ်နေတဲ့ မဖဲဝါ မရှိတော့ဘူးဗျ။

"ကဲ ပုရစ်ရေ၊ မင်းတို့ယာထဲက တောင်ပို့တွေမှာနေတဲ့ တွင်းအောင်းတစ္ဆေနှစ်ကောင်တော့ ပါသွားပြီဟေ့၊ ရွာထဲက ဖမ်းလာတဲ့ ကြက်ဖသေကြီးနှစ်ကောင်ယူပြီး ပြန်ကြစို့ဟေ့"

ပုရစ်နဲ့ ကျုပ်နဲ့ ကြက်ဖကြီးတွေကို တစ်ယောက်တစ်ကောင်ဆွဲပြီး ပြန်လာခဲ့ကြရတာပေါ့ဗျာ။ ကျုပ်တို့ ပြန်ရောက်တော့ လူတွေ ရုံးစု ရုံးစုပဲ ရှိကြသေးတာဗျ။ ကြက်ဖကြီးတွေဆွဲပြီး ပြန်လာတဲ့ ကျုပ်တို့နှစ်ယောက်ကိုတွေ့တော့ အံ့သြပြီး ကြည့်ကြတော့တာပေါ့ဗျာ။

ကျုပ်လည်း တွင်းအောင်းတစ္ဆေတွေအကြောင်းကို ပြောပြလိုက်တယ်။ ဒီတော့မှ ကျုပ်တို့ရွာသားတွေလည်း မျက်စိပျက်မျက်နှာပျက်တွေဖြစ်ပြီး ကြောက်ကုန်ကြတော့တာပေါ့ဗျာ။

သူတို့က ကြက်သူခိုးနှစ်ယောက်ကို လူလို့ပဲ ထင်နေကြတာဗျ။ ခုမှပဲ လူမဟုတ်ဘဲ တွင်းအောင်းတစ္ဆေတွေမှန်း သိသွား



www.burmeseclassic.com

www.burmeseclassic.com



တော့တာ။ ကျုပ်ထင်တယ်၊ ဒီညတော့ ဒီလူတွေ အိပ်ရဲမှာ မဟုတ်တော့ဘူးဗျ။ တစ္ဆေမကြောက်တဲ့လူ ရှိတာမှ မဟုတ်တာ ဗျာ။

□□□

တာတေ



အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



# တိုက်ခွား

ညသန်းခေါင်ကျော်လောက် ရှိပြီဗျ။

"ဝပ်…ထရိုန်း…ဝပ်…ထရိုန်း…ဝပ်…ထရိုန်း"

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



နွားတွန်သံကြီး ကြားနေတာ။ ကျုပ်လည်း အိပ်ပျော်နေရာက လန့်နိုးသွားတယ်။ အဘနဲ့ အမေလည်း နိုးသွားကြတယ်။

"ဘယ်သူ့နွား လွှတ်နေတာလဲ မသိဘူး၊ စောစောကတည်းက ကြားနေတာ၊ ရွာမြောက်ပိုင်းကစပြီး ကြားရတာ"

အမေက အဘကို ပြောနေတာဗျ။

"ဝပ်...ထရိန်း...ဝပ်...ထရိန်း...ဝပ်...ထရိန်း"

အခုကြားရတာက ကျုပ်တို့ဝိုင်းရှေ့ကဗျို့။ ကျုပ်အဘအိပ်ရာထဲက ထလာတယ်ဗျ။ အိမ်ရှေ့မှာ ကာထားတဲ့ သစ်သားချောင်းတွေကြားကနေ ဝိုင်းအပြင်က လမ်းပေါ်ကို လှမ်းကြည့်နေတာဗျ။

"ဝပ်...ထရိန်း...ဝပ်...ထရိန်း...ဝပ်...ထရိန်း"

"နွားသံကတော့ တော်တော်ကို အကောင်ကြီးမယ့်ပုံပဲဟာ၊ ဒါပေမဲ့ ငါတော့ ဘာနွားမှ မမြင်ပါဘူး ငွေစိန်ရာ"

"လမသာတော့လည်း မှောင်နေတာကိုး၊ ကိုညာဏ်ရဲ့ ဘယ်မြင်လိမ့်မတုံး"

"ဝပ်...ထရိန်း"

ဟော အသံက တဖြည်းဖြည်း ဝေးသွားပြီဗျို့။ တောင်ဘက်ကို အသံက ရောက်ရောက်သွားတယ်။

"ဝုတ်...ဝုတ်...ဝုတ်...ဝုတ်...အီ...အီ...အီ"



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ်...ဝုတ်...ဝုတ်...ကိန်...ကိန်"

တောင်ပိုင်းမှာတော့ ခွေးသံတွေ ဆူညံသွားတာဗျို့။ ခွေးတစ်ကောင်ရဲ့ မချိမဆံ့ အော်လိုက်တဲ့အသံလည်း ကြားလိုက်ရတယ်။

ခွေးဟောင်သံဆိုတာလည်း အမျိုးမျိုးရှိတာဗျ။ မြွေတွေ့လို့ဟောင်တဲ့အသံကတစ်မျိုးဗျ၊ ခွေးတစ်ကောင် နယ်ကျွံလာလို့ဟောင်တဲ့အသံက တစ်မျိုး၊ နာနာဘာဝမကောင်းဆိုးဝါးကို တွေ့လို့ဟောင်တဲ့အသံက တစ်မျိုး၊ လူကိုဟောင်တဲ့ အသံကတစ်မျိုးဗျ။

အခုကြားနေရတဲ့ ခွေးဟောင်သံကတော့ နယ်ကျွံလာတဲ့ခွေးကိုဟောင်တဲ့ အသံမျိုးဗျ။ ကျုပ်စိတ်ထင်တော့ စောစောကအသံကြားရတဲ့ နွားကို ဟောင်တာပဲဖြစ်မယ်။ ခွေးတစ်ကောင်တလေက နွားရဲ့နောက်ကို ပြေးလိုက်လို့ နွားကန်လိုက်တာ ထင်တယ်ဗျ။ ခွေးတစ်ကောင် မချိမဆံ့အော်တဲ့အသံ ကြားလိုက်ရတယ်။

အဘနဲ့ အမေက ချက်ချင်းပြန်အိပ်လို့ မပျော်ကြတော့ ဆေးလိပ်ထိုင်သောက်နေကြတယ်။ လူကြီးဆိုတာကလည်း ခက်သားဗျ။ ညဘက် အချိန်မဟုတ်ဘဲ နိုးသွားရင် ချက်ချင်းပြန်အိပ်လို့ မပျော်တော့ဘူးလေဗျာ။

"ဖုန်း...ဖုန်း...ဝုတ်...ဝုတ်...ဝူး...ဝူး...ကိန်...ကိန်"

"ဟဲ့နွား၊ ဟဲ့ ဘယ်ကနွားတုံး၊ နွားတွေ့လား၊ တွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး"

"ဟော···ခွေးသံတွေကော၊ လူသံတွေကော ဆူညံနေတာပါလား ကိုညဏ်၊ ဟဲ့ တာတေ နိုးလား"

"နိုးတယ် အမေ ကျုပ်လည်း နားစွင့်နေတာ၊ ဘာဖြစ်တာလဲ မသိဘူးဗျ၊ လူသံတွေပါ ကြားလာတယ်"

"အေး ဟုတ်တယ် လူသံတွေ ပိုများလာပါလား ကိုညဏ်၊ ဘာတွေဖြစ်ကုန်ပြီတုံး မသိဘူးတော့"

"ကျုပ် သွားကြည့်လိုက်ရမလား အမေ"

"ဟာ မသွားနဲ့ တာတေ၊ ဘာဖြစ်မှန်းသိတာ မဟုတ်ဘူး၊ မနက်ကျတော့ အကြောင်းစုံ သိမှာပေါ့"

အမေ ဟန့်လိုက်တာနဲ့ ကျုပ်မသွားဖြစ်တော့ဘူးဗျ။ ရာသီကလည်း ဆောင်းဝင်စဆိုတော့ အညာမှာ အေးစပြုနေပြီလေဗျာ။ အပြင်မှာတော့ တော်တော်လေး အေးနေပြီ။ ဒါကြောင့် ကျုပ်လည်း မသွားဖြစ်တော့တာပါ။

"ဝုတ်···ဝုတ်···ဝုတ်···ဝုတ်"

ခွေးဟောင်သံတွေတော့ နည်းနည်းကြဲသွားပြီဗျ။ အမေနဲ့ အဘရော၊ ကျုပ်ရော နားစွင့်နေကြတုန်းဗျ။

"ကိုကြီးတာတေ···ကိုကြီးတာတေ"

"ဟဲ့··တာတေ၊ နင့်ကို လာခေါ်နေတာ ဘယ်သူတွေတုံး"



www.burmeseclassic.com

www.burmeseclassic.com



အသံကြားလိုက်တာနဲ့ ကျုပ်တန်းသိတယ်ဗျ။ ကျောက်ခဲ အသံလေဗျာ။

"ကျောက်ခဲဗျ အမေရ၊ ဒီကောင် ကိစ္စတော့ရှိလာပြီ ထင်တယ်"

ကျုပ်လည်း သုံးတောင့်ထိုးခေတ်မီးကိုဆွဲပြီး ဝိုင်းထဲ ဆင်းလာခဲ့တယ်။

"ဟော့ကောင် ကျောက်ခဲ၊ လာ···လာ ဝင်ခဲ့၊ ဘာတွေ ဖြစ်တာတုံးကွ"

ကျောက်ခဲနောက်မှာ သံမဏီပါ ပါလာတာဗျ။ ဒီကောင် နှစ်ကောင်လည်း ချမ်းလို့ လက်ကလေးတွေ ပိုက်ပြီး ကုတ်ကုတ် ကလေးတွေကို ဖြစ်နေတာဗျ။

"ကိုကြီးတာတေ၊ ကိုလူကျော် သေသွားပြီဗျ"

"ဘာ···လူကျော် သေပြီဟုတ်လား၊ ငါ့သူငယ်ချင်း လူကျော်လေ"

"ဟုတ်တယ်ဗျ"

"ဟေ···ဘာဖြစ်လို့ သေတာတုံး၊ ညနေကတောင် ငါနဲ့ တွေ့သေးတာပဲ၊ အကောင်းကြီးပါ"

"ကိုကြီးတာတေ၊ စောစောက နွားတွန်သံကြီး မကြား ဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး‥ကြားတယ်လေ၊ ဘယ်သူ့နွားလွတ်နေတာတုံး"

"အဲဒီနွားမှုလို့ ကိုလူကျော် ပွဲချင်းပြီး သေသွားတာဗျ"

"ဟေ…ဟုတ်လားကွ၊ ဒါ ဘယ်သူ့နွားတုံး"

"ဘယ်သူ့နွားမှ မဟုတ်ဘူး ကိုကြီးတာတေ၊ နွားကို မြင်ကို မမြင်ရတာဗျ"

"ဘယ်လိုကွ၊ ကျော်ကခဲရ၊ နွားကို မမြင်ရဘူး ဟုတ်လား၊ နွားက လူကို မှေ့ပစ်ခဲ့ပြီး ထွက်ပြေးသွားလို့လား"

"မဟုတ်ဘူးဗျ ကိုကြီးတာတေရ၊ နွားက အသံပဲ ကြားနေရတာ၊ မြင်ကို မမြင်ရဘူး"

"ဟာ…ဟုတ်လား၊ အေး ငါ့အဘလည်း ပြောတယ်ကွ၊ စောစောက သူထကြည့်တာ နွားမတွေ့ဘူးတဲ့"

"ဟုတ်တယ်ဗျ၊ နွားက ကိုကြီးတာတေတို့ဘက်ကနေ တောင်ပိုင်းကို ရောက်လာတာ။ ကိုလူကျော်တို့ဝိုင်းရှေ့ရောက်တော့ ဝိုင်းတံခါးက ဟနေတာတဲ့ဗျ၊ ဝိုင်းထဲက ခွေးတွေက ထွက်လာပြီး ဟောင်တော့ နွားက ခွေးနောက်ကို ပြေးလိုက်ရင်း ဝိုင်းထဲရောက်လာတာပဲဗျ။ ဝိုင်းထဲရောက်တော့ နွားထားတဲ့ တင်းကုတ်ဘက်ကို သွားလို့ နွားတွေကလည်း နှာတွေမှုတ်၊ ရုန်းကန်လုပ်၊ ခွေးတွေက လည်း ဝင်ဆွဲကြတော့ အဲဒီနွားက ကိုလူကျော်တို့ခွေးကြီးကို ဆောင့်ကန်လိုက်တာ ခွေးလည်း ဆန့်ငင် ဆန့်ငင်နဲ့ ဘာစ်ခါတည်း

www.burmeseclassic.com



ကို သေတာတဲ့ဗျ"

"ဟေ…ဒါကြောင့် ခွေးတစ်ကောင် မချိမဆံ့အော်တဲ့ အသံမျိုး ကြားရတာကိုး"

"ဒီတော့ ကိုလူကျော်ရော၊ သူ့အဘရော ဝိုင်းထဲပြေးဆင်း လာကြတာပေါ့ဗျာ။ အဲဒီမှာတင် ဝပ်…ထရိန်း…ဝပ်…ထရိန်း ဆိုတဲ့အသံကြီး နှစ်ချက်ဆင့် တွန်လိုက်ပြီး ကိုလူကျော်ကို ပြေးဖမ်း တာတဲ့ဗျာ၊ ကိုလူကျော် အပေါ်ကို ငါးပေလောက် မြောက်တက် သွားပြီးမှ မြေကြီးပေါ်ကို ခြေပစ်လက်ပစ် ပြုတ်ကျတာ လှုပ်ကို မလှုပ်တော့ဘူးတဲ့ဗျာ"

"ဟာ…ပွဲချင်းပြီး သေရောလား"

"သေဆို ရင်ဘတ်မှာ ပေါက်နေတဲ့ နွားချိုရာကြီးက နှစ်လက်မလောက်ကို ရှိတာဗျ။ သွေးတွေမှ အိုင်ထွန်းနေလိုဖွာတာ မြင်လို့ကို မကောင်းပါဘူးဗျာ"

လူကျော်ဆိုတာ ကျုပ်သူငယ်ချင်းပဲလေ၊ ကျုပ် ဘယ်မှာ စိတ်ကောင်းနိုင်မတုံးဗျာ၊ ကျောက်ခဲတို့ သံမဏိတို့နဲ့ ကျုပ် ချက် ချင်းလိုက်လာခဲ့တယ်။ လူကျော်တို့ဝိုင်းထဲမှာ လူကို အုံနေတာဗျို့။

ကျုပ်တို့ ထနောင်းကုန်းသူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေ လည်း ရောက်နေကြပြီဗျ။ ဝိုင်းထဲမှာ အောက်လင်းဓာတ်မီး တစ်လုံး ထွန်းထားတယ်။ လူကျော့်အလောင်းက ငါးလက်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ဆန့်ကြီးဗျ။ ဟုတ်ပါ့ဗျာ၊ ရင်အုံမှာ နွားချိုရာကြီးဗျို့၊ လုံးပတ်က နှစ်လက်မလောက်ရှိမယ်။ သွေးတွေက အခုထိ စီးထွက်နေတုန်းဗျ။ ဟာ···ခေါင်းလျှားပင်အောက်က လူကျော်ခွေးညိုကြီးဗျ၊ ဆန့်ဆန့်ကြီး သေနေတာ။ ကျုပ်တို့ရွာထဲကလူတွေက ညိုကြီးကို လက်နဲ့ စမ်းကြည့်နေကြတယ်။

"နံရိုးတွေ အကုန်လုံး ကျိုးနေတာကွ၊ တော်တော်ကို ပြင်းတဲ့ ကန်ချက်ပဲ"

ညိုကြီးကို မမြင်ရတဲ့နွား ကန်သွားတာလေဗျာ။ လူကျော်ကိုလည်း မမြင်ရတဲ့နွားကပဲ ဝှေ့သတ်သွားတာပေါ့ဗျာ။ ကျုပ်တို့ရွာမှာ ဖြစ်လိုက်ရင် အဆန်းကြီးပဲဗျ။

"ဝုတ်···ဝုတ်···ဝုတ်···ဝပ်ထရိန်း···ဝပ်···ထရိန်း"

"ဟာ···အရှေ့ပိုင်းကို ရောက်သွားပြီဟေ့၊ ခွေးသံတွေရော နွားသံကြီးရော ကြားတယ်ကွ"

ကိုဘမောင်ဆိုတဲ့လူက ထပြောလိုက်တာဗျ။ ကျုပ် ဘာလုပ်ရမယ်ဆိုတာ တွေးမိသွားပြီဗျို့။ ကျုပ် ချက်ချင်းအိမ်ပြန်လာတယ်။ ကျောက်ခဲတို့နှစ်ယောက်ကလည်း ကျုပ်နဲ့ ထပ်ချပ်မကွာပဲဗျ။ အိမ်ရောက်တော့ အဘတို့ အမေတို့ကို အကျိုးအကြောင်း ပြောပြလိုက်တယ်။

"ဟာ··ဖြစ်မှဖြစ်ရလေဟယ်၊ လူကျော် သေပါပေါ့လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ အမေကပြောပြီး မျက်ရည်သုတ်တယ်။ အဘတို့ အမေတို့က ကျုပ်သူငယ်ချင်းတွေကိုဆိုရင် လွှတ်ခင်တာဗျ။

ကျုပ်လည်း ဆေးလွယ်အိတ်ကိုယူပြီး မျက်ကွင်းဆေး ကွင်းလိုက်တယ်။ လွယ်အိတ်ထဲက ခြေမန်းကွင်းကိုရှာပြီး အပေါ် ဆုံးမှာ တင်ထားလိုက်တယ်။ ယူလို့လွယ်အောင်ပေါ့ဗျာ။ ကျုပ်က ဆေးလွယ်အိတ်ကို စလွယ်သိုင်းထားလိုက်တယ်။

"ကဲ…ကျောက်ခဲနဲ့ သံမဏိ၊ ရွာအရှေ့ပိုင်းကို သွားကြ စို့ကွာ"

ကျုပ်က ရှေ့ကထွက်၊ ဒီကောင်နှစ်ကောင်က နောက်က ကပ်ပါလာရောဗျ။

"တာတေ…နင် သတိဝီရိယလည်း ထားဦးနော်"

အမေက ကျုပ်ကို လှမ်းအော်ပြောတာဗျ။ ကျုပ်တို့ သုံးယောက် ရွာအရှေ့ပိုင်းကိုရောက်တော့…

"ဘုန်း၊ ဘုန်း၊ ဘုန်း…ဖြင်း…ဖြင်း"

'ဘုန်း…ဘုန်း' ဆိုတာက အိမ်ဝိုင်းထောင့်မှာ စိုက်ထား တဲ့ ငှက်ပျောပင်တွေကို ဆော့နေတာဗျ။ 'ဖြင်း…ဖြင်း' ဆိုတာက ငှက်ပျောပင်တွေနားက မန်ကျည်းပင်ကြီးကို ကိုယ်လုံးနဲ့ ဆော်တဲ့ အသံဗျ။

"ဟာ…တွေ့ပြီဗျို့၊ တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျ၊ နွားနက်ကြီးဗျ။ အရပ်က ကျုပ်တစ်ရပ်ထက်တောင် မြင့်သေးတယ်ဗျို့။ ခေါင်းကြီးက ခွဲတောင်းတစ်လုံးလောက်ရှိတယ်။ ချိုကြီးတွေက နှစ်လက်မ ရေပိုက်လောက် ရှိတာဗျို့။ ဒီချိုနဲ့ ကျုပ်သူငယ်ချင်းလူကျော်ကို ပွဲချင်းပြီးအောင် ဇွေ့သတ်ခဲ့တာပေါ့ဗျာ။

ကျုပ် သေသေချာချာ သိသွားပြီ။ ကျုပ်ဆရာကြီးတွေနဲ့ လိုက်တုန်းက မှတ်သားထားဖူးတဲ့ ဗဟုသုတအရဆိုရင် ဒါတိုက်နွားကြီးဗျ။ သူ့ကို စီရင်တဲ့ဆရာ သေသွားလို့လား၊ ဒါမှမဟုတ်ရင် မနိုင်တော့လို့ လွှတ်ကျန်ရစ်ခဲ့တာလားတော့ မသိဘူးဗျ။

ကျုပ်လည်း ခပ်လှမ်းလှမ်းကနေပဲ အကဲခတ်နေရတာဗျို့။ အနားကိုတော့ သိပ်မကပ်ရဲဘူးလေဗျာ။ ခုနကလေးတင် ကျုပ်သူငယ်ချင်းလူကျော်ကို ဇွေ့သတ်ထားတဲ့နွားလေဗျာ။ ကျုပ် ဘယ်လိုလုပ်ပြီး အနားကို ကပ်ရဲမှာလဲ။

ကျုပ် ဆေးလွယ်အိတ်ထဲက ဆရာနန့်ဖ ပေးခဲ့တဲ့ ခြေမန်းကွင်းကို ထုတ်ယူလိုက်တယ်။ ခြေမန်းကွင်းကိုတစ်ဆင့် ထပ်ဖြည်လိုက်တယ်။ ခြေမန်းကွင်းအကျယ်ကြီး ဖြစ်သွားတယ်။ ဒါမှ တိုက်နွားကြီးရဲ့ခေါင်းကို စွပ်လို့ရမှာလေဗျာ။

"ရှူး…ရှူး…ရှူး…"

တိုက်နွားကြီး နှာမှုတ်တဲ့အသံဗျ။ ခွဲတောင်းလောက်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကြီးနဲ့ နှစ်လက်မလောက်ရှိတဲ့ ချိုကားကြီးက ဖွေ့ကာ ပွိုက်ကာနဲ့ လှုပ်ရမ်းနေတာဗျို့။ မျက်လုံးနီကြီးနှစ်လုံးကလည်း မှောင်ထဲမှာ ရဲတောက်နေတာဗျ။ မှောင်ထဲမှာ လိုက်ကြည့်ပြီး သူ့ရဲ့ရန်သူကို လိုက်ရှာနေတဲ့ပုံပဲဗျ။

ကျုပ်နဲ့ ကျောက်ခဲတို့နှစ်ယောက်က ကပ်လျက်ဝိုင်းကြီး ရှေ့က ထနောင်းပင်ကြီးနောက်မှာ ကပ်ပြီးကြည့်နေရတာဗျ။

"ဘုတ်...ဘုတ်...ဘုတ်...ဘုတ်...ဖူး...ဖူး...ဖူး"

ဟော...တိုက်နွားကြီးက ရန်သူရဲ့ အငွေ့အသက်ကို ရသွားတဲ့ပုံပဲဗျ၊ မြေကြီးကို ခွာနဲ့ တဘုတ်ဘုတ် ယက်နေတယ်။ နှာခေါင်းကလည်း တဖူးဖူး မှုတ်နေတယ်။

"ဖြင်း...ဖြင်း...ဖြင်း...ဖြင်း"

သူ့ကိုယ်လုံးကြီးကလည်း မန်ကျည်းပင်ကြီးကို တဖြင်းဖြင်းနဲ့ ပွတ်နေသေးတာဗျ။

ဒီတိုက်နွားကြီးရဲ့ခေါင်းကို ဒီခြေမန်းကွင်းနဲ့စွပ်ဖို့ဆိုတာ မလွယ်လောက်ဘူးလို့ ကျုပ်ထင်တယ်ဗျ။

ဒီခြေမန်းကွင်းကြီးကို သူ့ခေါင်းက စွပ်မချခင်မှာပဲ သူ့ချိုများမှာ ကျုပ်အသက် ပါသွားမှာ သေချာတယ်။ ဒီအတိုင်း ထွက်တားလို့ကလည်း မဖြစ်ဘူးဗျ။ မနက်မိုးမလင်းခင် ကျုပ်တို့ရွာသားတွေ ဘယ်နှယောက် ထပ်သေမယ်ဆိုတာ ဘယ်သိုမှ မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဗျ။

ကျောက်ခဲနဲ့ သံမဏိက ကျုပ်ကို အကဲခတ်ပြီး ကြည့်နေတာဗျ။ သူတို့ကတော့ နွားကြီးကို ဘယ်မြင်မှာတုံးဗျာ။ အသံပဲ ကြားနေရတာပေါ့။

"ကိုကြီးတာတေ မြင်လား"

ကျောက်ခဲက ကျုပ်ကို လေသံနဲ့ မေးတာဗျ။ ကျုပ်က ခေါင်းညိတ်ပြလိုက်တယ်။

"အကောင်ကြီးလား"

"ငါ့အရပ်ထက်မြင့်တယ်၊ ခေါင်းက ခွဲတောင်းလောက်ရှိတယ်"

"ဟာ..ဖြစ်ပါ့မလား ကိုကြီးတာတေ၊ မဖြစ်ရင်တော့ မလုပ်နဲ့ဗျာ၊ တော်တော်ကြာ ကိုကြီးတာတေ အန္တရာယ်ဖြစ်နေဦးမယ်"

ကျုပ်က ကျောက်ခဲကို လက်ကာပြလိုက်တယ်။ ကျုပ်ဘာလုပ်ရင်ကောင်းမလဲ တွေးလိုက်တယ်။ ကျုပ် မဖဲဝါကို သတိရသွားတယ်ဗျို့။ ကျုပ် လွယ်အိတ်ထဲက ကတ္တီပါအိတ်ကလေးကို ယူလိုက်ပြီး မဖဲဝါရဲ့ ကိုယ်ပွားအရုပ်ကလေးကို ကျောက်ခဲတို့မမြင်အောင် ထုတ်လိုက်တယ်။

"ကဲ မင်းတို့နှစ်ယောက် ဟိုသရက်ပင်ကြီးအနောက်မှာ သွားနေ၊ ဖြည်းဖြည်းလေးသွား၊ မင်းတို့ကို နွားကြီး မြင်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး”

ဒီကောင်နှစ်ကောင် ရွှေ့တယ်ဆိုရုံလေးရွှေ့ပြီး သရက်ပင်ကြီးနောက်မှာ ကပ်နေကြတယ်။

“သချိုင်းရှင်မ မဖဲဝါဗျား…ထနောင်းကုန်းက တာတေ ပင့်ဖိတ်ပါတယ်၊ လွှတ်အရေးကြီးနေလို့ ခုချက်ချင်း ကြွပါဗျာ”

ကျုပ်က တိုးတိုးလေးပြောပြီး မဖဲဝါကို ပင့်လိုက်တယ်။ ဟော လှုပ်လာပြီ၊ လှုပ်လာပြီ။ ကျုပ်လက်ထဲမှာ ဆုပ်ထားတဲ့ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေး လှုပ်လာပြီဗျို့။ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးမှာ အသက်ဝင်လာပြီဆိုတာ ကျုပ်သိလိုက်တယ်။

BURMESE CLASSIC

“သချိုင်းရှင်မကြီး မဖဲဝါဗျား ဒီတိုက်နွားကြီးကို ကျုပ် ခြေမန်းကွင်းစွပ်မှ ဖြစ်မယ်၊ ဒီတိုက်နွားကြီးက ကျုပ်တို့ရွာသား တစ်ယောက်ကို သတ်လိုက်တယ်ဗျာ၊ လွှတ်ထားရင် နောက်ထပ် လူတွေ ထပ်သတ်ဦးမှာ သေချာတယ် မဖဲဝါ၊ ကျုပ် ဆရာကြီးတွေ လုပ်သလို ခြေမန်းကွင်းစွပ်ပြီး မူလပြန်မှ ဖြစ်မယ်ဗျ”

ကျုပ်လက်တစ်ဖက်က မဖဲဝါအရုပ်ကလေးကိုကိုင်ရင်း ခြေမန်းကွင်းကို ကျုပ် သေသေချာချာ ပြင်ပြီးကိုင်လိုက်တယ်။ ဒီတုန်းမှာပဲ ကျုပ်လက်ထဲက မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးက ဆတ်ခနဲလှုပ်သွားပြီး အရုပ်ကနေ ဖြူဖြူတန်းတစ်ခု ပြေးထွက်သွားတယ်။ ဟာ…မဖဲဝါ တိုက်နွားကြီးကို ကားယားကြီး ခွစီး



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ ဟာ…နွားက ရုန်းနေပြီဗျို့။ သူ့ကို ခွစီးထားတဲ့ မဖဲဝါကြီးကို ခါချနေတယ်ဗျ။ အရပ်ဆယ်ပေလောက်ရှိတဲ့ မဖဲဝါကြီးကလည်း ဆံပင်ဖားလျားကြီး ချလို့ဗျ။

ဟော‥ဟော‥တိုက်နွားကြီးက သူ့လည်ပင်းကိုကွေးပြီး သူ့ကိုယ်ပေါ်မှာ ခွစီးထားတဲ့ မဖဲဝါကို ချိုကြီးနဲ့ ဝှေ့နေတယ်ဗျ။ ကျုပ်ကတော့ ထနောင်းပင်ဘေးကိုထွက်ပြီး အဆင်သင့် ရပ်နေလိုက်တယ်။

ဟာ…တိုက်နွားကြီးက ကျုပ်ကို မြင်သွားပြီဗျို့။

"ဝပ်…ထရိန်း…ဝပ်…ထရိန်း…"

အသံနက်ကြီးနဲ့ နှစ်ချက်ဆင့်တွန်လိုက်တာဗျ။

"ဘုတ်…ဘုတ်…ဘုတ်"

တိုက်နွားကြီးက မြေကြီးမှာ ခွာယက်နေတယ်ဗျ။ ကျုပ်ဆီကို ပြေးဝင်တော့မယ့်ပုံပဲဗျို့။ ကျုပ်လည်း ခါးကိုကုန်းပြီး အသင့်ပြင်ထားတယ်။ နွားရဲ့အာရုံက ကျုပ်ဘက်ကို ရောက်လာတုန်းမှာ မဖဲဝါရဲ့ လက်ကြီးတစ်ဖက်က လေထဲကို မြောက်တက်သွားပြီး…

"ဘုန်း…ဘုန်း…ဘုန်း…"

နွားကြီးရဲ့ ကျောကုန်းကို သုံးချက်တိတိ ဆက်ရိုက်ချလိုက်တယ်ဗျို့။

www.burmeseclassic.com

www.burmeseclassic.com



တိုက်နွားကြီးလည်း ကျောကုန်းကြီး ကော့ထွက်သွားရော ဗျို့။ ဒါ အခွင့်အရေးပဲ။ ပြေးပြီ။ ကျုပ် ပြေးပြီ။ ကျုပ် ခုန်လိုက်ပြီ။ စွပ်ပြီ။ ခြေမန်းကွင်းကို မိမိရရကို စွပ်ချလိုက်ပြီဗျာ။ ကျုပ်စွပ်လိုက်တဲ့ ခြေမန်းကွင်းကြီးက နွားကြီးရဲ့လည်ပင်းမှာ တွဲလောင်းကြီးဗျ။ ဟော…နွားက ခေါင်းကြီးငုံ့ပြီး ခါချနေတယ်ဗျို့။

"ဘုန်း…"

မဖဲဝါ နောက်တစ်ချက် ထပ်ရိုက်လိုက်တယ်။ ဟာ… နွားကြီး ငြိမ်သွားပြီဗျို့။ နွားကြီး တဖြည်းဖြည်း သေးလာပြီဗျို့။ ဟာ နွားသိုးအရွယ် ရောက်သွားပြီ။ ဟော…နွားပေါက်ကလေး အရွယ်ရောက်သွားပြီ။ ဟော…ပျောက်သွားပြီဗျို့။

BURMESE CLASSIC

ကျုပ် မြေကြီးပေါ် ငုံ့ကြည့်လိုက်တော့ ကျုပ်စွပ်ထားတဲ့ ခြေမန်းကွင်းကြီးအလယ်မှာ နွားရုပ်ကလေးဗျ။

ရွှံ့နဲ့လုပ်ထားတာလား၊ သစ်သားနဲ့ လုပ်ထားတာလား တော့ ကျုပ်မသိဘူးဗျ။ ကျုပ်က ကျုပ်ဆရာကြီးရဲ့ ခြေမန်းကွင်းကို ကောက်ယူလိုက်တယ်။ ဟာ…မဖဲဝါရဲ့ လက်ကြီးတစ်ဖက်က နွားရုပ်ကလေးကို ကောက်ယူလိုက်တယ်ဗျို့။

ဟော..ပျောက်သွားပြီ၊ မဖဲဝါ ပျောက်သွားပြီဗျို့။ ကျုပ်က ခြေမန်းကွင်းကို သေသေချာချာခွေပြီး လွယ်အိတ်ထဲမှာ ထည့်သိမ်းလိုက်တယ်။ ပြီးတော့ မဖဲဝါရဲ့ကိုယ်ပွားရုပ်ကိုလည်း သိမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် နောက်ကိုလှည့်လိုက်တာနဲ့ ကျောက်ခဲနဲ့ သံမဏိက ကိစ္စပြီးသွားပြီဆိုတာ သဘောပေါက်ပြီး သရက်ပင်ကြီးနောက်က နေ ပြေးထွက်လာကြတယ်ဗျ။

"ကိုကြီးတာတေ နွားကြီးရော၊ နွားကြီး ရှိသေးလားဗျ"

ကျုပ်က ခေါင်းခါပြပြီး ပြောလိုက်တယ်။

"အောက်လမ်းဆရာတစ်ယောက် လွှတ်ကျွံခဲ့တဲ့ နွားရုပ် ကလေးပါကွာ"

"ဟင်...ဘယ်မှာတုံး"

"မဖဲဝါ သိမ်းသွားပြီကွ"

"ဗျာ..မဖဲဝါကြီး ရောက်လာတာလား ကိုကြီးတာတေ"

"အေး...ဟုတ်တယ်၊ ငါ ပင့်လိုက်တာ၊ ငါက ဆရာမှ မဟုတ်တာ ကျောက်ခဲရာ၊ ဒီတိုက်နွားကြီးကို ငါတစ်ယောက်တည်း ဘယ်လိုလုပ်နိုင်မှာလဲကွာ"

အဲဒီညက ကျုပ် တစ်ညလုံး မအိပ်ရပါဘူး။ ကျုပ် သူငယ်ချင်း လူကျော်ရဲ့ အသုဘမှာ မိုးလင်းသွားခဲ့တာပေါ့ဗျာ။

တာတေ

□□□



www.burmeseclassic.com